# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၁၀၇)


# ဖွံ့ဖြိုးတိုးတက်မှုအားနည်းသည့် ပြည်နယ်များကိုလည်း ပို၍ဂရုတစိုက် ပံ့ပိုးမြှင့်တင်ပေးလျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က**
**(၆၈)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**
**၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၁၅ ရက်**

ချစ်ခင်လေးစားအပ်ပါသော ကယားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား-

ယနေ့ကျရောက်သည့် (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် ကယားတိုင်းရင်းသားများနှင့်တကွ ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်နယ်နှင့်တိုင်းများ ဖွဲ့စည်းတည်ထောင်ရာတွင် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ (၁) အရ ကရင်နီပြည်နယ်ကို ကရင်ပြည်နယ်အတွင်း ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ (၁၉၅၁ ခုနှစ် အက်ဥပဒေအမှတ် ၆၂) ပုဒ်မ ၈ အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "ကရင်နီပြည်နယ်"ဆိုသည့် စကားရပ်

*စာမျက်နှာ ၂ ကော်လံ ၃* ❑



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား လေရှီးမြို့၌ ဒေသခံတိုင်းရင်းသားများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Vong Pisen အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လေရှီးမြို့နှင့် လဟယ်မြို့တို့မှ မျိုးနွယ်စုအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ

လဟယ် ဇန်နဝါရီ ၁၄

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးဟန်ဇော်၊ နိုင်သက်လွင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်

*စာမျက်နှာ ၄ ကော်လံ ၁* ❀

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Vong Pisen အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၄

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ကမ္ဘောဒီးယား ဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Vong Pisen အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ

*စာမျက်နှာ ၃ ကော်လံ ၁* ◆


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

**မြန်မာ့အလင်း**

# ဥတုရာသီ သစ်တောများကို မှီ

သစ်တောများပြုန်းတီးခြင်းက ကမ္ဘာမြေရာသီဥတုဖောက်ပြန်မှုနှင့် များစွာဆက်စပ်နေသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သမားများ၊ သဘာဝသိပ္ပံပညာရှင်များက သတိပေးပြောဆိုနေသည့်ကြားက သစ်တောအပြောင်းရှင်းမှုများကြောင့် မြန်မာနိုင်ငံအတွင်း သစ်တောများ လျော့ပါးနေခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ။

သစ်ပင်သစ်တောတို့ ရှိခြင်းဖြင့် ရေမြေတို့ကို ထိန်းသိမ်းမှု ကောင်းမွန်သည်သာမက သစ်ပင်တို့က ကာဗွန်ပမာဏများများ စုပ်နိုင်ကာ အောက်ဆီဂျင် ပမာဏများများ လွှင့်ထုတ်သည့် အားသာချက်လည်း ရှိနေသည်။

ကမ္ဘာပေါ်တွင် နိုင်ငံတိုင်းက စွမ်းအင်သုံးစွဲမှုများပြားလာခြင်းနှင့် ကာဗွန်ထုတ်လုပ်မှု အလွန်အကျွံများလာခြင်းတို့ကြောင့် ရာသီဥတုဖောက်ပြန်မှုများက တစ်နှစ်ထက်တစ်နှစ် သိသိသာသာ ပိုမိုဆိုးရွားလာနေသည်။ ယင်းကို နိုင်ငံတိုင်းက ဝိုင်းဝန်းထိန်းသိမ်းကြရန် တာဝန်ရှိသည်ဟူသော နိုင်ငံတကာ သဘောတူညီချက်ဖြင့် မိမိတို့၏ ကာဗွန်စွန့်ထုတ်မှု လျော့ချရေးအစီအမံများ ပြုလုပ်ကြရပါသည်။ ထိုနည်းတူ ကာဗွန်စုပ်ယူနိုင်မှု ပမာဏများပြားသည့် သစ်ပင်ကြီးများကို ဂရုတစိုက်ထိန်းသိမ်းခြင်းဖြင့်လည်း ရာသီဥတုပြဿနာကို တစ်ဖက်တစ်လမ်းက ထိန်းသိမ်းရာကျမည်ဟူသောမူဖြင့် သစ်ပင်သစ်တောများ ထိန်းသိမ်းရေးကို အလေးထား လုပ်ဆောင်နေကြပေသည်။

အထူးသဖြင့် သက်ရင့်သစ်ပင်ကြီးတို့သည် ကာဗွန်စုပ်ယူနိုင်စွမ်း ပိုမိုများပြားသည့်အတွက် သစ်ပင်များကို ရသည့် အချိန်၊ ရသည့် နေရာက စိုက်ပျိုးခြင်းသည် ကာဗွန်လျော့ချနိုင်၊ ပူနွေးမှုကို လျော့ချနိုင်၊ အောက်ဆီဂျင် လွှင့်ထုတ်မှုကိုလည်း များများရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံကဲ့သို့သော ရေမြေသဘာဝအခြေအနေကောင်းကို ရရှိထားသောတိုင်းပြည်အဖို့ သစ်ပင်စိုက်ပျိုးသည်ဆိုခြင်းမှာ အပန်းတကြီးမဟုတ်။ သစ်ပင်များကို ထိန်းသိမ်းသည်ဆိုခြင်းမှာလည်း ခက်ခဲလှသည်မဟုတ်။ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ရှောက်ထိန်းသိမ်းလိုသော သဘောထားသာ လိုရင်းဖြစ်ပေသည်။ မည်သူမဆို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလိုစိတ်၊ ဝိုင်းဝန်းထိန်းသိမ်းလိုစိတ်ရှိလာအောင် အားပေးကြရန် ကူညီကြရန်လည်း လိုပါမည်။

တော်ရုံမျှ ဂရုစိုက်လျှင်ပင် သစ်ပင်တို့ ရှင်သန်သော ရေမြေသဘာဝရှိသည့် အားသာချက်ကို အသုံးချသင့်ကြပြီဖြစ်သည်။ နှစ်လရှည်ကြာ စီးပွားရေးလောဘဖြင့် ခုတ်ခဲ့ကြသည့် သစ်ပင်သစ်တောတို့ကို နှမြောတမ်းတမောနေရုံဖြင့်မပြီးဘဲ ထပ်မံစိုက်ပျိုးကြဖို့ အလေးအနက်ထားကာ တိုးမြှင့်စိုက်ပျိုးကြဖို့နှင့် ကျန်ရှိနေသည့် သစ်တောများ၊ သစ်ပင်များကို တစ်ပင်ဖြစ်စေ ကျကျနန ထိန်းသိမ်းကာကွယ်သင့်ကြပြီ။ အထူးသဖြင့် သက်ကြီးသစ်ပင်များကို အထူးအလေးအနက်ထား ထိန်းသိမ်းသင့်ပါသည်။

တောနေဒေသများမှာသာမဟုတ်ဘဲ မြို့ပြဒေသများရှိ သစ်ပင်ကြီးများကအစ စီမံကိန်းနှင့် မူဝါဒချမှတ်ထားကာ လွယ်လင့်တကူ ခုတ်ပစ်ခြင်းမျိုးကို တားဆီးသင့်လှသည်။ မဖြစ်မနေ သစ်ပင်ခုတ်ရတော့မည်ဆိုလျှင်ပင် နားလည်တတ်ကျွမ်းသူ သဘာဝထိန်းသိမ်းရေးပညာရှင်တို့၏ အကြံဉာဏ်ရယူခြင်း၊ ခုတ်သည့် သစ်ပင်အရေအတွက်နှင့် ကာမိသော သစ်ပင်များကို ထပ်မံအစားထိုး စိုက်ပျိုးခြင်း စသည်တို့ကို စနစ်တကျ မူဝါဒချမှတ်ရေးဆွဲကာ အကောင်အထည်ဖော်သင့်သည်ဟု ယူဆပါသည်။

ရံဖန်ရံခါတွင် ပညာရှင်အဝန်းအဝိုင်းကောင်းသည့် ရန်ကုန်မြို့ကဲ့သို့သော မြို့ကြီးများတွင်ပင် ပေါ့ပေါ့တန်တန် သဘောထားနေဆဲ ဖြစ်သည်ကို ဝမ်းနည်းဖွယ်တွေ့မြင်နေရလေသည်။

သစ်ပင်ကြီးများထူထပ်ကာ အရိပ်အာဝါသ ကောင်းမွန်လှသော စိမ်းလန်းညို့မှိုင်းနေသည့် ဝန်းကျင်တို့တွင် မဆင်မခြင်ခုတ်နေသည်တို့ကို ထိန်းသိမ်းကြရပါမည်။ သစ်တောဧရိယာဖြစ်စေ၊ တောရွာ မြို့ပြဖြစ်စေ၊ ကျန်ရှိနေဆဲဖြစ်သည့် သစ်ပင်တို့ကို အထူးဂရုပြုကာ ထိန်းသိမ်းကြရင်း ယခုကြိုးစားအကောင်အထည်ဖော်နေသော သစ်ပင်စိုက်ပျိုးသည့် လုပ်ငန်းများကိုလည်း အားပေးလုပ်ဆောင်ကြရမည်ဟု ယုံကြည်ပါသည်။

လက်တွေ့ဘဝတွင် ပြည်သူလူထုအများစုက သစ်ပင်တို့၏ တန်ဖိုးကို နားလည်ယုံကြည်စွာဖြင့် ထိန်းသိမ်းလိုကြသည်ကို အားပေးခြင်း၊ ကူညီခြင်းဖြင့် လူထုအင်အားကို ရရှိနိုင်ပေမည်။

ငွေကြေးရလိုမှုကို အတောမသတ်နိုင်သည့် ခေတ်ဟောင်းက အယူအဆဟောင်း၊ အမူအကျင့်ဟောင်းနှင့် လောဘဇောတို့ကို တားဆီးနိုင်အောင် ပြုပြင်နိုင်အောင် ကြိုးပမ်းကြရင်း စိမ်းလန်းသောအနာဂတ်ကို ထူထောင်ကြပါစို့။ ။

❑ *ရှေ့ဖုံးမှ*

ပါရှိသည့်နေရာတိုင်း၌ ထိုစကားရပ်အစား "ကယားပြည်နယ်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်ဟု ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းကဲ့သို့ "ကရင်နီပြည်နယ်" မှ "ကယားပြည်နယ်"သို့ ပြောင်းလဲခေါ်တွင်သည့် ပထမဦးဆုံးသော "ကယားပြည်နယ်နေ့" အခမ်းအနားကို ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ယနေ့ဆိုလျှင် (၆၈) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ကယားပြည်နယ်တွင် ကယားမျိုးနွယ်စု (၉) မျိုးနှင့်တကွ အခြားသော ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းက နှစ်ကာလကြာညောင်းစွာ ချစ်ခင်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှုရိုးရာဓလေ့ပွဲတော်များ၊ ဘာသာစကား၊ စာပေနှင့် တိုင်းရင်းသားအခွင့်အရေးများကို ပိုမိုတိုးတက်ဖွံ့ဖြိုးပြီး အစဉ်တည်တံ့စေရန် ရည်မှန်းလျက် ဝန်ကြီးဌာနတစ်ခုဖွင့်လှစ်ခဲ့ပြီး ချီးမြှင့်အားပေးလျက်ရှိသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအားနည်းသည့် ပြည်နယ်များကိုလည်း ပို၍ဂရုတစိုက် ပံ့ပိုးမြှင့်တင်ပေးလျက်ရှိပါသည်။

ကယားပြည်နယ်၏ သာယာလှပသော သဘာဝရေမြေတောတောင်များ၊ မြစ်ချောင်း၊ ဆည်မြောင်းများ၊ ရေတံခွန်များ၊ သဘာဝလိုဏ်ဂူများနှင့် ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖော်ရွေမှုများကြောင့် ယခုအခါ ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်များအတွက် အပန်းဖြေလည်ပတ်သွားလာစရာ နေရာတစ်နေရာအဖြစ် ပိုမို၍လူသိများထင်ရှားလာပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများအတွက် အလားအလာကောင်းများစွာ တည်ရှိနေပါသည်။ ကယားပြည်နယ်၏ မြို့တော်ဖြစ်သည့် လွိုင်ကော်မြို့သည် သန့်ရှင်းသော အာဆီယံခရီးသွားမြို့တော်ဆု ရရှိထားသည့်အတွက် ပြည်နယ်တစ်ခုလုံး သန့်ရှင်းသာယာသော စံပြခရီးသွားပြည်နယ်ဖြစ်လာစေရေး ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံးက ပူးပေါင်းပါဝင် ကြိုးပမ်းပေးကြပါရန် အလေးအနက်တိုက်တွန်းလိုပါသည်။

ထို့အပြင် ကယားပြည်နယ်သည် အရှေ့ဘက်ရှိ ထိုင်းနိုင်ငံ၏ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်မှုနှင့် ခရီးသွားလာမှုများဝင်ရောက်လာနိုင်သည့် အလားအလာကောင်းများ ရှိနေသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးရည်မှန်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပြည်သူ (၅၀) ရာခိုင်နှုန်း သုံးစွဲနိုင်နေပြီဖြစ်ပါသည်။ ကယားပြည်နယ်အနေနှင့် (၈၈.၇) ရာခိုင်နှုန်းကျော် လျှပ်စစ်မီးရရှိသုံးစွဲနေပြီဖြစ်သောကြောင့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင်သင့်ဖြစ်နေပြီ ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်ရသည်နှင့် တစ်ပြိုင်နက်–

- တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊
- အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုသည့် ရည်မှန်းချက်ပန်းတိုင် (၃) ရပ်အား ချမှတ်ပြဋ္ဌာန်းပြီး ယင်းရည်မှန်းချက်များ ပြည့်မီအောင်မြင်စေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

တစ်ချိန်က တိုင်းရင်းသားညီအစ်ကိုအချင်းချင်းကြား နိုင်ငံရေးအယူဝါဒမတူညီမှုများနှင့် သံသယများကို ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်းမပြုနိုင်ဘဲ လက်နက်ဖြင့်ဖြေရှင်းရန် ကြိုးစားခဲ့ကြပါသည်။ ပြဿနာ၏အရင်းအမြစ်မှာ နိုင်ငံရေးအခြေခံ ပြဿနာဖြစ်ပြီး ယင်းကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းအဖြေမရှာနိုင်ခဲ့ကြသောကြောင့် နှစ်ပေါင်း (၇၀)ကျော် ပြည်တွင်း ငြိမ်းချမ်းရေးနှင့်

> "ကယားပြည်နယ်၏ သာယာလှပသော သဘာဝရေမြေတောတောင်များ၊ မြစ်ချောင်း၊ ဆည်မြောင်းများ၊ ရေတံခွန်များ၊ သဘာဝလိုဏ်ဂူများနှင့် ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖော်ရွေမှုများကြောင့် ယခုအခါ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အတွက် အပန်းဖြေလည်ပတ်သွားလာစရာ နေရာတစ်နေရာအဖြစ် ပိုမို၍လူသိများ ထင်ရှားလာပြီး သဘာဝအခြေခံ ခရီးသွား လုပ်ငန်းများအတွက် အလားအလာကောင်း များစွာ တည်ရှိနေ"

အလှမ်းဝေးနေခဲ့ကာ ယနေ့တိုင် လက်နက်ကိုင်ပဋိပက္ခ၏ ခါးသီးသော အတွေ့အကြုံများကို တစ်နိုင်ငံလုံး ခါးစည်း၍ ခံစားနေကြရဆဲဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူများ နှစ်ပေါင်းကြာရှည် မျှော်လင့်တောင့်တခဲ့သော ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးလက်ခံနိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန်တို့အတွက် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများမှ တစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံအစည်းအဝေးများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာဘုံသဘောတူညီချက်(၅၁)ချက်ကို ရရှိထားပြီးဖြစ်ပါသည်။ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ဦးထိပ်ရွက်ကာ မိမိတို့အားလုံး စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ကြိုးပမ်းကြမည်ဆိုလျှင် မဝေးတော့သည့် အချိန်တစ်ခုတွင် တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခများ ကင်းစင်ဝေးပြီး တည်ငြိမ်ငြိမ်းချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။

ပြည်ထောင်စုသားအားလုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် တွေ့ကြုံနိုင်သည့် အခက်အခဲများနှင့် စိန်ခေါ်မှုမှန်သမျှကို နိုင်ငံတော်အစိုးရနှင့်အတူ ကယားပြည်နယ်ရှိ တိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စုစည်းညီညွတ်မှုဖြင့် အတူတကွကြိုးပမ်းကြမည်ဆိုပါက ပြည့်ဝအောင်မြင်မည်ဟု အခိုင်အမာယုံကြည်ထားပါသည်။ လက်ရှိဖြစ်ထွန်းလျက်ရှိသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများအား မြဲမြံစွာဆုပ်ကိုင်လျက် အနှစ်နှစ်အလလက တောင့်တခဲ့သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို အောင်မြင်စွာတည်ဆောက်နိုင်စေရေးအတွက် တိုင်းရင်းသားများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ရင်း (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့အား ကြိုဆိုဂုဏ်ပြုပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ

## နီပေါနိုင်ငံတွင် IBEC Youth Society & IBEC Chapter in Nepal ရုံးခန်း စတင်ဖွင့်လှစ်

**စစ်ကိုင်း ဇန်နဝါရီ ၁၄**




IBEC Youth Society & IBEC Chapter in Nepal ရုံးခန်း ဖွင့်ပွဲအခမ်းအနားတွင် တာဝန်ရှိသူတစ်ဦး ရှင်းလင်းပြောကြားစဉ်။

စတော့ဟုမ်းကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် IBEC ဆရာတော် ဒေါက်တာအရှင်သောဘိတ၏ဦးဆောင်လမ်းညွှန်မှုဖြင့် ဇန်နဝါရီ ၁၀ ရက်က IBEC Youth Society & IBEC Chapter in Nepal ရုံးခန်းမကို နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ပင်မရုံးခန်းနှင့် ပူးပေါင်းဆောင်ရွက်ရေးရုံးတို့ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် စတင်ကျင်းပရာ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံ့ချီဦးထွန်းနေလင်း၊ မြန်မာသံရုံးမိသားစုများ၊ IBEC ဆရာတော် ဦးဆောင်သည့် မြန်မာမိသားစုဝင် ၂၀ ခန့်နှင့် ဖိတ်ကြားထားသော နီပေါနိုင်ငံသားမိတ်ဆွေများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နီပေါနိုင်ငံ IBEC Youth Society Office ကို အဖွဲ့ဝင် ၁၀ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး IBEC ဆရာတော်က တည်ထောင်သူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ အတွင်းရေးမှူးအဖြစ် နီပေါနိုင်ငံသား ဒေါက်တာ ပိယရတနမဟာရာဂျမ်က ဆောင်ရွက်သွားမည်ဖြစ်ပြီး အာရှ–အာဖရိက–အမေရိက–ဥရောပနိုင်ငံများအထိ ဖွင့်လှစ်ကာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ လူငယ်ရေးရာများအား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

IBEC Nepal Chapter ကို နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာ လူငယ်ရေးရာ၊ နိုင်ငံတကာဗုဒ္ဓသာသနာရေးရာ၊ နိုင်ငံတကာ ယဉ်ကျေးမှုဆိုင်ရာ၊ နိုင်ငံတကာ ငြိမ်းချမ်းရေးကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း IBEC ဆရာတော်က မိန့်ကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့်လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

### မြန်မာနိုင်ငံ၏ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေ

တွေ့ဆုံစဉ် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ စေ့စပ်ညှိနှိုင်းသူများ၏ အခန်းကဏ္ဍ ၊ မြန်မာနိုင်ငံ၏ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေအား အကောင်အထည်ဖော်ရေး၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအား ကြီးလေးသော ကျူးလွန်မှုများအပေါ် တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စများနှင့် ထိခိုက်ခံရသည့် ကလေးသူငယ်များအား ၎င်းတို့၏ သက်ဆိုင်ရာ အသိုက်အဝန်းများသို့ ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားသံအမတ်ကြီး မစ္စတာချစ်ဘွန်နာအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီး မစ္စတာချစ်ဘွန်နာ အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အဆင့်မြင့်ခရီးစဉ်များမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်တည်ထောင်မှု (၆၅)နှစ်မြောက်အထိမ်းအမှတ် အခမ်းအနားများ ကျင်းပရေး၊ နှစ်နိုင်ငံအကြားနှင့် ဒေသတွင်း ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ အပါအဝင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီး မစ္စတာချစ်ဘွန်နာ အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ခရီးသွားလုပ်ငန်း တိုးမြှင့်ရေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံ သံတမန်အဆက်အသွယ် တည်ထောင်မှု (၆၅)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပသွားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီးနှင့် ကမ္ဘောဒီးယား ဘုရင့်တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ သင်ကြားသင်ယူမှုများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ဆေးတက္ကသိုလ် (၁)ရန်ကုန်၏ သင်ကြားသင်ယူမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**အုပ်စုငယ်ဖွဲ့ သင်ကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အခြေခံအုတ်မြစ်စာသင်နှစ် (Foundation Year)မှ သင်တန်းသား၊ သင်တန်းသူများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်၍ "ရလဒ်အခြေပြုသော ပေါင်းစည်း ချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်း" ဖြင့် သင်ကြားနေမှုနှင့် ၎င်းသင်ရိုးညွှန်းတမ်းအရ အုပ်စုငယ်ဖွဲ့၍ သင်ကြားခြင်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုရာ **(အောက်ပုံ)** ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**ဆေးပညာကျင့်ဝတ်နှင့်ညီညွတ်သော**

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အခြေခံအုတ်မြစ် စာသင်နှစ်မှ သင်တန်းသား၊ သင်တန်းသူများအား ဆေးပညာအခြေခံများကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိတတ်မြောက်ရေးအတွက် ကြိုးစားကြရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ဆေးပညာရှင်များဖြစ်ရန်အတွက် အင်္ဂလိပ်စာဘာသာရပ်ကို ကြိုးစားလေ့လာကြရန်၊ ပညာရပ်ထူးချွန်ရုံသာမက ဆေးပညာကျင့်ဝတ်များနှင့်ပါ ညီညွတ်သော ဆေးပညာရှင်ကောင်းများ ဖြစ်စေရေး ကြိုးစားကြရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခန္ဓာဗေဒဌာနမှ ခန္ဓာဗေဒ ခွဲစိတ်ခန်း(Cadaveric Lab) တွင် ခေတ်မီ ခန္ဓာဗေဒခွဲစိတ်ခုံနှင့် အထောက်အကူပြုပစ္စည်း ကိရိယာများ တပ်ဆင်ထားရှိမှုနှင့်ဆေးပညာ သင်ကြားမှုတွင် အသုံးပြုရန် ကိုယ်ခန္ဓာအလှူရှင်များက လှူဒါန်းထားသည့် ရုပ်အလောင်းများကို ထားသိုသည့် အအေးခန်း တပ်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးမည့် မျိုးဆက်သစ် ဆေးပညာရှင်များကို သင်ကြားပြသပေးနေမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မျိုးဆက်သစ်ဆေးပညာရှင်များအတွက် လက်ဦးဆရာများ ဖြစ်သည့် ဆရာ ဆရာမများ၏ လိုအပ်ချက်များကို ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**စာမေးပွဲစစ်ဆေးသူများကို တွေ့ဆုံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးပညာကျွမ်းကျင်မှု၊ ပံ့တူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာနတွင် Membership of the Royal Colleges of Surgeons (MRCS) စာမေးပွဲ၌ The Royal College of Surgeons of Edinburgh မှ President Professor Michael Griffin ၊ Vice-President Professor Rowan Parks ၊ စာမေးပွဲစစ်ဆေးသူများ၊ ပြည်တွင်းမှ စာမေးပွဲစစ်ဆေးသူများကို တွေ့ဆုံခဲ့သည်။

Membership of the Royal Colleges of Surgeons (MRCS) စာမေးပွဲများကို မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ်မှစတင်၍ လက်ခံကျင်းပခဲ့ပြီး ယခုစာမေးပွဲတွင် The Royal College of Surgeons of Edinburgh မှ စာမေးပွဲစစ်ဆေးသူ ၁၉ ဦးနှင့် ပြည်တွင်းမှ စာမေးပွဲစစ်ဆေးသူ ရှစ်ဦးတို့က ပြည်တွင်းမှ MRCS စာမေးပွဲဖြေဆိုသူ ဆရာဝန် ၉၁ ဦး ကို ဇန်နဝါရီ ၁၅ ရက်အထိ စစ်ဆေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လေရှီးမြို့ တောင်ဇလပ်ရိပ်သာ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မျိုးနွယ်စုအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❁ *ရှေ့ဖုံးမှ*

ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာရာ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့သို့ ရောက်ရှိကြသည်။

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဟုမ္မလင်းမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဟုမ္မလင်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လေရှီးမြို့သို့ ရောက်ရှိကြရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မျိုးနွယ်စုအကြီးအကဲများနှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လေရှီးမြို့ တောင်ဇလပ်ရိပ်သာ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မျိုးနွယ်စုအကြီးအကဲများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မိမိအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို တက်ရောက်ရန် လာရောက်စဉ် လေရှီးမြို့သို့ ဝင်ရောက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မျိုးနွယ်စုအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

လေရှီးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လေရှီးမြို့ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မျိုးနွယ်စုအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် တက်ညီလက်ညီ မိမိတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

ဤဒေသတွင် တာဝန်ကျသည့် ဝန်ထမ်းများအနေဖြင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စေတနာပါပါဖြင့် မေတ္တာထားပြီး မိမိတာဝန်ကို ကျေပွန်အောင် လုပ်ဆောင်ကြရန်လိုအပ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံတိုင်းရင်းသားများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ အချင်းချင်းတိုင်ပင်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လေရှီးမြို့ မြို့မိမြို့ဖ ဦးချစ်ညိုက လေရှီးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြရာ နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ ရသုံးမှန်းခြေ ငွေစာရင်းနှင့် လုပ်ငန်းဦးစားပေး အစီအစဉ်များအရ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသ၏ လိုအပ်ချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိုင်းဒေသကြီးအစိုးရမှတစ်ဆင့် တင်ပြသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် လေရှီးမြို့မှ ထွက်ခွာပြီး လဟယ်မြို့သို့ ရောက်ရှိကြရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မျိုးနွယ်စုအကြီးအကဲများနှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် လဟယ်မြို့ မာလာတောင်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မျိုးနွယ်စုအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မိမိအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို တက်ရောက်ရန် လဟယ်သို့ လာရောက်စဉ်တွင် ယခုကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မျိုးနွယ်စုအကြီးအကဲများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်ပါကြောင်း။

### ကြိုးစားဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ဝေးလံခေါင်သီသည့် နယ်စပ်ဒေသများအားလုံး ဖွံ့ဖြိုးတိုးတက်မှု အကြားအလပ်မရှိအောင် မူဝါဒချမှတ်ပြီး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းရင်းသားညီအစ်ကို

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လဟယ်မြို့ ပြည်သူ့ဆေးရုံ၌ လူနာတစ်ဦးအား ထောက်ပံ့ငွေနှင့် အာဟာရအစားအစာများ ပေးအပ်စဉ်။ သတင်းစဉ်




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လဟယ်မြို့ မာလာတောင်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မျိုးနွယ်စုအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လဟယ်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လဟယ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ သင်တန်းသူများအား ထောက်ပံ့ငွေပေးအပ်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

မောင်နှမများအားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်ခရီးတည်းသွားကြသူများဖြစ်ပါကြောင်း၊ ဘိုးစဉ်ဘောင်ဆက် ရှေးနှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာ သွေးရင်းသားရင်းများကဲ့သို့ အတူနေထိုင်ခဲ့ကြသူများဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း တိုင်းရင်းသားအရေးနှင့်ပတ်သက်လျှင် တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရှေးထုံးတမ်းအစဉ်အလာများကို ဖွံ့ဖြိုးတိုးတက်စေရန်၊ မြှင့်တင်နိုင်ရန်နှင့် ကာကွယ်ထိန်းသိမ်းနိုင်ရန်အပြင် တည်တံ့ခိုင်မြဲစေရေးအတွက် ပြုစုပျိုးထောင်နိုင်အောင် အားပေးမြှင့်တင်လျက်ရှိပါကြောင်း။

## တည်ငြိမ်အေးချမ်းရန်လို

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း အားလုံးတည်ငြိမ်အေးချမ်းရန် လိုအပ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိမှ ဖွံ့ဖြိုးတိုးတက်မှုသည် ထိရောက်မည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသည့်နေရာတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသော်လည်း ရာနှုန်းပြည့် အကျိုးခံစားခွင့်၊ အကျိုးသက်ရောက်မှု မရရှိနိုင်ပါကြောင်း။

တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အစိုးရတစ်ခုတည်း လုပ်ဆောင်၍ မရပါကြောင်း၊ အားလုံးတက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် အုပ်ချုပ်ရေးပိုင်းတွင် တာဝန်ယူထားကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဥပဒေပြုရေးမှ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် အဆင့်ဆင့်သော ဝန်ထမ်းများ၊ တရားစီရင်ရေးတွင် တာဝန်ယူထားသည့် ပုဂ္ဂိုလ်များအပါအဝင် တရားရေးဝန်ထမ်းများအားလုံးက စိတ်စေတနာ ထက်သန်စွာဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မိမိတို့ ရည်မှန်းထားသည့် အုပ်ချုပ်ရေးပုံစံမှာ နိုင်ငံသူနိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံးကို လွတ်လပ်မှုနှင့် လုံခြုံမှုပေးသည့် အုပ်ချုပ်ရေးမျိုးဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့်ပြောရလျှင် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုသည့် အုပ်ချုပ်ရေးမျိုးဖြစ်စေလိုပါကြောင်း၊ ထို့အတူ နိုင်ငံသူနိုင်ငံသားများ၏ မူလအခွင့်အရေး၊ တိုင်းရင်းသားများ၏ မွေးရာပါအခွင့်အရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် အုပ်ချုပ်ရေးပုံစံ ဖြစ်စေလိုပါကြောင်း။

အုပ်ချုပ်ရေးအပိုင်းတွင် တရားမျှတမှုရှိရန် လိုအပ်ပါကြောင်း၊ တရားမျှတမှု မရှိပါက တည်ငြိမ်မှုသည်လည်း မရှိနိုင်ပါကြောင်း၊ တရားမျှတမှုသည် အားလုံးနှင့်သက်ဆိုင်ပြီး နိုင်ငံသူနိုင်ငံသားအားလုံး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ရသင့်ရထိုက်သည့် အခွင့်အရေးဖြစ်သည့်အပြင် ဒီမိုကရေစီတည်ဆောက်ရေးအတွက်လည်း အခြေခံကြပါကြောင်း။

## မှန်မှန်ကန်ကန်ရအောင် ဆောင်ရွက်

ဥပဒေပြုရေးမဏ္ဍိုင်တွင် တာဝန်ယူကြသည့်သူများအနေဖြင့်လည်း ဥပဒေပြုရာတွင် မိမိတို့ နိုင်ငံ၊ မိမိတို့ဒေသနှင့် ဆီလျော်သည့် ဥပဒေများပြဋ္ဌာန်းနိုင်ရန် လိုအပ်ပါကြောင်း၊ အခြေအနေအချိန်အခါအပေါ် မူတည်ပြီး နိုင်ငံသူနိုင်ငံသားများအတွက်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်ရအောင် ဆောင်ရွက်စေလိုပါကြောင်း။

## အားလုံးသည် အညီအမျှဖြစ်ရမည်

တရားရေးမဏ္ဍိုင်အနေဖြင့်လည်း တည်ဆဲဥပဒေများအတိုင်း ဆောင်ရွက်သည့် တရားရေးမဏ္ဍိုင်ဖြစ်စေလိုပါကြောင်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအတိုင်း ဆောင်ရွက်စေလိုပါကြောင်း၊ ဥပဒေရှေ့မှောက်ရောက်ရှိလာလျှင် အားလုံးသည် အညီအမျှဖြစ်ရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးရှိမှ မိမိတို့နိုင်ငံသည် ဒီမိုကရေစီခိုင်မြဲမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီခိုင်မြဲမှလည်း မိမိတို့ နိုင်ငံသူနိုင်ငံသားများ၏ မွေးရာပါအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးများ ရရှိမည်ဖြစ်ပါကြောင်း။

ဝန်ထမ်းများသည် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာနှင့် ချီးမြှင့်ငွေကို ခံစားနေကြသည့်သူများဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာစောင့်သိရန် လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန်လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်သည့်အခါ ဝတ်ကျေတမ်းကျေထမ်းဆောင်ခြင်းထက် စေတနာပါပါ မေတ္တာထားပြီး ထမ်းဆောင်ပေးကြစေလိုပါကြောင်း၊ ဝန်ထမ်းများ အနေဖြင့် ပြည်သူကိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးရမည်ဖြစ်ပါကြောင်း၊ ကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို များစွာအထောက်အကူဖြစ်မည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအားလုံးကို လုံခြုံမှုနှင့် လွတ်လပ်မှုကို အကာအကွယ်ပေးသည့် အုပ်ချုပ်ရေးပုံစံ ဖြစ်စေလိုပါကြောင်း၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင် ၃ ရပ်က တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်း၊ လဟယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်၊ နန်းယွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ၊ လဟယ်မြို့မိမြို့ဖ ဦးချစ်တင်နှင့် လဟယ်မြို့နယ် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးပေါင်ခုတို့က နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့နှင့် စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တင်ပြကြသည်။

## တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်

နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒေသလိုအပ်ချက်များကို အလေးထားမှတ်သားပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဘဏ္ဍာရန်ပုံငွေရရှိမှု အပေါ်မူတည်၍ တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လဟယ်မြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိရာ သင်တန်းကျောင်းခန်းမ၌ ကျောင်းသား ကျောင်းသူလေးများက ပြည်ထောင်စုအတွက် "ထာဝစဉ်"တေးသီချင်းသီဆို၍ ကြိုဆိုနှုတ်ဆက်ကြသည်။


ထို့နောက် ညွှန်ကြားရေးမှူး ဦးသောင်းထိုက်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၇ သို့*

# အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် သမိုင်းဝင်ခရီးစဉ်

လဲ့ယဉ်သန့်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ရဲ့ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ဟာ မြန်မာနိုင်ငံကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ကနေ ၁၈ ရက်နေ့ အထိ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်(State Visit) လာရောက်တော့မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ ၁၉၅၀ ပြည့်နှစ်မှာ သံတမန်အဆက်အသွယ် စတင်ထူထောင်ခဲ့ကြတာဖြစ်တဲ့အတွက် အခုသမ္မတ မစ္စတာ ရှီကျင့်ဖျင် လာရောက်မယ့်ခရီးစဉ်ဟာ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု နှစ်(၇၀)ပြည့်မြောက်တဲ့ အချိန်နဲ့လည်း တိုက်ဆိုင်နေတာကို တွေ့မြင်ရပါတယ်။



မြန်မာနိုင်ငံသို့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ ချစ်ကြည်ရေး ခရီး လာရောက်မည့် တရုတ်နိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။ (ပေကျင်းမြို့ ၂၀၁၉ ခုနှစ်)

## အိမ်နီးချင်းကောင်းဆက်ဆံရေး

သံတမန်ဆက်ဆံမှု နှစ်ပေါင်း(၇၀) ကာလအတွင်းမှာ အိမ်နီးချင်းနိုင်ငံတွေဖြစ်ကြတဲ့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ ချစ်ခင်ရင်းနှီးတဲ့ အိမ်နီးချင်းကောင်း ဆက်ဆံရေးကို အစိုးရအဆက်ဆက် ထိန်းသိမ်းလာခဲ့ကြပါတယ်။ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်တည်ထောင်ချိန်မှာ မြန်မာနိုင်ငံဟာ ပထမဆုံးအသိအမှတ်ပြုခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား ကီလိုမီတာ ၂၀၀၀ ကျော်၊ မိုင်အားဖြင့် ၁၃၈၄ မိုင် ရှည်လျားတဲ့ နယ်နိမိတ်တစ်လျှောက်အတွက် နယ်နိမိတ်စာချုပ် (Boundary Treaty) ကို ၁၉၆၀ ပြည့်နှစ်မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး အခြေပြစာချုပ် (Protocol) ကို ၁၉၆၁ ခုနှစ်မှာ ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ဒီနယ်နိမိတ်သဘောတူစာချုပ်ဟာ နိုင်ငံပေါင်း ၁၄ နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ တရုတ်နိုင်ငံအတွက် ပထမဆုံးလက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ သဘောတူစာချုပ်ဖြစ်တာကြောင့် တရုတ်နိုင်ငံအတွက် ကျန်နိုင်ငံများနဲ့ နယ်နိမိတ်သဘောတူစာချုပ်တွေ လက်မှတ်ရေးထိုးနိုင်ရေးအတွက် စံနမူနာပြစာချုပ်တစ်ခုဖြစ်တယ်လို့ တရုတ်အစိုးရက မကြာခဏ ချီးကျူးပြောဆိုလျက်ရှိပါတယ်။

## ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ

မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့က ခေါင်းဆောင်ကြီးတွေဖြစ်တဲ့ ဝန်ကြီးချုပ်ဦးနု၊ ဝန်ကြီးချုပ် ချူအင်လိုင်းနဲ့ ဝန်ကြီးချုပ် နေရူးတို့ဟာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ် (Five Principles of Peaceful Coexistence ) ကို ၁၉၅၄ ခုနှစ်မှာ ပူးတွဲချမှတ်ခဲ့ကြပါတယ်။ ဒီမူကြီး (၅)ချက်ဖြစ်တဲ့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံအကြား နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ အချုပ်အခြာ အာဏာကို အပြန်အလှန် လေးစားမှုရှိရေး၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကျူးကျော်မှုမပြုလုပ်ရေး၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးမှာ အခြားနိုင်ငံများမှ ဝင်ရောက်စွက်ဖက်မှုမပြုလုပ်ရေး၊ တန်းတူရည်တူ ရှိမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းမှုရှိရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီးတွေဟာ ဒီကနေ့ခေတ် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်အထိ စံပြုထိုက်တဲ့ မူဝါဒတွေအဖြစ် ဆက်လက်ရပ်တည်နေပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံအကြား ဆက်ဆံရေးမှာလည်း ဒီမူကြီး (၅)ချက်ဟာ အဓိကကျတဲ့နေရာကနေ ပါဝင်နေပါတယ်။

ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်တွေအကြား အပြန်အလှန် ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်တွေဟာလည်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့သလို ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း အရှိန်အဟုန်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံအကြား ဆက်ဆံရေးဟာ ညီရင်းအစ်ကိုပမာ ဆက်ဆံရေးသဖွယ်ရှိမှုကို ပမာပြုပြီး "ဆွေမျိုးပေါက်ဖော်" ဆက်ဆံရေးလို့လည်း တင်စားသတ်မှတ် ခေါ်ဝေါ်ခဲ့ကြပါတယ်။ ၂၀၁၁ ခုနှစ်အတွင်း နှစ်နိုင်ငံ ဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်နိုင်ငံများ ဆက်ဆံရေး (Comprehensive Strategic Cooperative Partnership) အဆင့်ကို တိုးမြှင့်နိုင်ခဲ့ပါတယ်။

## အပြုသဘောအကူအညီပေးသင့်

မြန်မာနိုင်ငံဟာ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို အစဉ်အမြဲထောက်ခံခဲ့ပြီး တိဘက်၊ တိုင်ဝမ်နဲ့ ရှင်းကျန့်ဒေသတွေဟာ တရုတ်နိုင်ငံရဲ့ ခွဲထွက်လို့မရတဲ့ အစိတ်အပိုင်းတွေအဖြစ် ရပ်တည်ချက်ထားရှိပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွေဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စတွေသာဖြစ်ပြီး မြန်မာအစိုးရရဲ့ ကြိုးပမ်းအားထုတ်ဖြေရှင်းဆောင်ရွက်မှုတွေအပေါ်မှာ အပြုသဘော အကူအညီသာ ပေးသင့်ကြောင်း ရပ်တည်လျက်ရှိပါတယ်။ ပြည်ပနိုင်ငံတွေအနေနဲ့ ဝင်ရောက်စွက်ဖက်မှုတွေ၊ အပြုသဘောမဆောင်တဲ့ရလဒ်တွေသာ ရရှိစေမယ့် လုပ်ဆောင်ချက်တွေကိုလည်း ရှောင်ရှားကြဖို့ အစဉ်တိုက်တွန်းလျက်ရှိပါတယ်။


မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေဟာ နှစ်စဉ် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏဟာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဒေါ်လာ ၁၁ ဘီလီယံကျော်အထိ ရှိနေပြီး နယ်စပ်ကုန်သွယ်မှုဟာ ကုန်သွယ်မှု စုစုပေါင်းရဲ့ ထက်ဝက်ကျော်ရှိနေပါတယ်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းကိုကြည့်ရင်လည်း တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ ဒေါ်လာ ၂၁ ဘီလီယံနီးပါးရှိနေပြီး မြန်မာနိုင်ငံမှာ ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံသူအဖြစ် ရပ်တည်လျက်ရှိပါတယ်။

၂၀၁၃ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့တဲ့ တရုတ်နိုင်ငံရဲ့ ရပ်ဝန်းနဲ့ ပိုးလမ်းမ စီမံကိန်း (Belt and Road Initiative-BRI) မှာ မြန်မာနိုင်ငံဟာလည်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်လျက်ရှိပါတယ်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China-Myanmar Economic Corridor) စီမံကိန်းအရ နှစ်နိုင်ငံအကြား ပေါင်းစည်းဆက်နွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ၊ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍ၊ ငွေကြေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်လျက်ရှိပါတယ်။ မြန်မာအစိုးရအနေနဲ့လည်း နိုင်ငံတော်ရဲ့ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပြည်သူပြည်သားများရဲ့ လူနေမှုအဆင့်အတန်းကို ပိုမိုတိုးမြှင့်နိုင်ဖို့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ် (Myanmar Sustainable Development Plan-MSDP) ကို ချမှတ်ပြီး ရည်မှန်းချက် ၁၇-ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ စားနပ်ရိက္ခာဖူလုံမှုရှိရေး၊ အရည်အသွေးမြင့် ပညာရေးနဲ့ ကျန်းမာရေး ဝန်ဆောင်မှုပေးနိုင်ရေး၊ ကျား-မ တန်းတူညီမျှမှုရှိစေရေး၊ အားလုံးပါဝင်ခံစားနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိရေး (All-inclusive Growth) ရရှိရေး၊ ပြည်သူပြည်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ငြိမ်းချမ်းရေးနဲ့ တရားမျှတမှုရှိတဲ့ လူမှုအဖွဲ့အစည်းတစ်ရပ် တည်ထောင်ရေးကိစ္စတွေကို အလေးပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒီရည်မှန်းချက်တွေ အောင်မြင်မှုရရှိဖို့ မြန်မာနိုင်ငံဟာ မည်သည့်နိုင်ငံနဲ့မဆို နှစ်ဦးနှစ်ဖက် အကျိုးရှိစေမယ့်၊ မိမိနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေး အစီအစဉ်တွေနဲ့ ကိုက်ညီမယ့် ပူးပေါင်းဆောင်ရွက်မှုတွေကို လက်တွဲလုပ်ဆောင်သွားမှာဖြစ်ပါတယ်။

## နိုင်ငံတကာက ချီးကျူးထောမနာပြု

တရုတ်နိုင်ငံဟာ စီးပွားရေးအရ တံခါးဖွင့်ဝါဒကို ကျင့်သုံးခဲ့ပြီးနောက်ပိုင်း ပြီးခဲ့တဲ့ နှစ်ပေါင်း(၃၀)အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ တရုတ်ပြည်သူ သန်းပေါင်း ၈၅၀ ကျော်ကို ဆင်းရဲနွမ်းပါးမှု သံသရာကနေ လွတ်မြောက်စေခဲ့တဲ့ အချက်ဟာ

*စာမျက်နှာ ၇ သို့*



၂၀၁၉ ခုနှစ် ဧပြီလအတွင်း ပေကျင်းမြို့တွင် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။

စာမျက်နှာ ၅ မှ

ယင်းနောက် နိုင်ငံတော်သမ္မတက လမ်းညွှန်အမှာ စကားပြောကြားရာတွင် သားတို့ သမီးတို့အနေဖြင့် အချိန်ရှိခိုက် လုံ့လစိုက်၍ ပထမအရွယ်တွင် ပညာရှာမှီးရန် လိုအပ်ပြီး ဒုတိယအရွယ်တွင် ပညာကိုအမှီပြု၍ ဥစ္စာရှာမှီးနိုင်မည် ဖြစ်ကြောင်း၊ အချိန်ကို အကျိုးရှိစွာ အသုံးချ၍ ကျန်းမာရေးကို လိုက်စားစေလိုကြောင်း၊ လောင်းကစား၊ မူးယစ်ဆေးဝါးများကို ရှောင်ရှားပြီး ဘဝအတွက် ကြိုးစားစေလိုကြောင်း၊ မိမိဘဝတိုးတက်ရေးအတွက် ကြိုးစားသလို မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး သင်တန်းကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်၊ စားရိပ်သာနှင့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ လဟယ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်းအတွင်း ရိုးရာဂျပ်ခုတ်နှင့် စက်ချုပ်သင်တန်း လေ့ကျင့် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သင်တန်းသူများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လဟယ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ ဆေးရုံတွင် တက်ရောက်နေသည့် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြားပြီး ထောက်ပံ့ငွေနှင့် အာဟာရအစားအစာများကို ပေးအပ်သည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လေရှီးမြို့၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မျိုးနွယ်စုအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

# "ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်တွေအကြား အပြန်အလှန် ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်တွေဟာလည်း မြန်မာ- တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့သလို ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း အရှိန်အဟုန် မြှင့်တင်ပေးနိုင်"

စာမျက်နှာ ၆ မှ

နိုင်ငံတကာက ချီးကျူးထောမနာပြုခဲ့ကြရတဲ့ ရလဒ်ကောင်းတွေဖြစ်ပါတယ်။ အခုဆိုရင် တရုတ်ခေါင်းဆောင်တွေဟာ တရုတ်ကွန်မြူနစ်ပါတီ တည်ထောင်မှု နှစ်(၁၀၀) ပြည့်မြောက်မယ့် ၂၀၂၁ ခုနှစ်မှာ နိုင်ငံကို အလယ်အလတ်ချမ်းသာကြွယ်ဝတဲ့ လူမှုအဖွဲ့အစည်းတစ်ရပ် (Moderately Prosperous Society) ဖြစ်လာစေရေးနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်တဲ့ နှစ်(၁၀၀)ပြည့်မြောက်မယ့် ၂၀၄၉ ခုနှစ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး သဟဇာတမျှတတဲ့ ဆိုရှယ်လစ်ခေတ်မီ နိုင်ငံတော်တစ်ရပ် (Strong, Harmonious and Modern Socialist Country) တည်ထောင်နိုင်ရေးဆိုတဲ့ ရာပြည့်ရည်မှန်းချက် ၂-ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

## ကမ္ဘာ့နိုင်ငံများနဲ့ ရင်းနှီးစွာဆက်ဆံ

မြန်မာနိုင်ငံအနေနဲ့လည်း တရုတ်နိုင်ငံရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို လေ့လာပြီး မိမိနိုင်ငံရဲ့ အခြေအနေများနဲ့ ကိုက်ညီမယ့် အစီအစဉ်တွေ ချမှတ်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒနဲ့အညီ ကမ္ဘာ့နိုင်ငံများအားလုံးနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးအတွက် ရှေးရှုဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံကြီး/ငယ်မဟူ တန်းတူညီမျှစွာနဲ့ အပြန်အလှန်အကျိုးဖြစ်ထွန်းရေး "မူ" တွေအပေါ် အခြေခံပြီး ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံရဲ့ စီးပွားရေးပြုပြင် ပြောင်းလဲမှု အစီအစဉ်တွေ၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒဖြေလျှော့ပေးမှုတွေ၊ ရင်းနှီးမြှုပ်နှံသူများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်ပေးမှုတွေကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း တိုးတက်များပြားလာခဲ့ သလို နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းထားဟာ ၂၀၁၉ ခုနှစ်အတွင်း ၆ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အတွင်းမှာ ၆ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိလာနိုင်မယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်က တွက်ချက်ထားပါတယ်။

## ပြုပြင်ပြောင်းလဲမှု ဖော်ဆောင်

ဒီဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းထားနိုင်ဖို့အတွက် ပြည်တွင်းမှာ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေဆက်လက်ဖော်ဆောင်သွားဖို့ လိုအပ်သလို ပြည်ပနိုင်ငံများနဲ့လည်း အကျိုးတူဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံခေါင်းဆောင်များရဲ့ ပြည်ပနိုင်ငံခရီးစဉ်တွေ၊ ပြည်ပနိုင်ငံများက ခေါင်းဆောင်တွေရဲ့ မြန်မာနိုင်ငံခရီးစဉ်တွေကနေတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုတွေကို အရှိန်အဟုန် မြှင့်တင်သွားနိုင်မှာဖြစ်လို့ တရုတ်သမ္မတကြီး ရှီကျင့်ဖျင်ရဲ့ မြန်မာနိုင်ငံခရီးစဉ်မှာလည်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုမြှင့်တင်သွားနိုင်မှာဖြစ်ပါတယ်။

အခု တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်ရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ ၂၀၂၀ ပြည့်နှစ်မှာ တရုတ်သမ္မတတစ်ဦးရဲ့ ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်တဲ့အချက်ရယ်၊ ခရီးစဉ်အတွင်းမှာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းကိုသာ လာရောက်တဲ့ အချက်ရယ်၊ ခရီးစဉ်လာရောက်ချိန်ဟာ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု နှစ်(၇၀) ပြည့်မြောက်တဲ့ အချိန်ကာလဖြစ်နေတာတွေကို ကြည့်ရင် ခရီးစဉ်ရဲ့ ထူးခြားလေးနက်မှုတွေကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် ၂၀၀၁ ခုနှစ်မှာ မြန်မာနိုင်ငံကို တရုတ်သမ္မတ မစ္စတာကျန်ဇီမင်း လာရောက်ပြီးနောက်ပိုင်း (၁၉)နှစ်ကြာမှ တရုတ်သမ္မတကြီးတစ်ဦး မြန်မာနိုင်ငံကို လာရောက်တဲ့ခရီးစဉ်ဖြစ်နေတာကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ သမိုင်းမှတ်တိုင် (milestone) တစ်ခု စိုက်ထူနိုင်မယ့် ခရီးစဉ်လည်း ဖြစ်နေပါတယ်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမယ့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှုတွေကို လက်မှတ်ရေးထိုးသွားနိုင်မှာ ဖြစ်လို့ မြန်မာ-တရုတ် နှစ်နိုင်ငံလုံးအတွက် အကျိုးဖြစ်ထွန်းစေမယ့် ခရီးစဉ်တစ်ခု ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**"မြန်မာနိုင်ငံဟာ မည်သည့်နိုင်ငံနဲ့မဆို နှစ်ဦးနှစ်ဖက် အကျိုးရှိစေမယ့်၊ မိမိနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးအစီအစဉ်တွေနဲ့ ကိုက်ညီမယ့် ပူးပေါင်းဆောင်ရွက်မှုတွေကို လက်တွဲလုပ်ဆောင်သွားမှာဖြစ်"**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃/၂၀၂၀**
**၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်)**

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့် ကာကွယ်ရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၅ ၏ ကော်မရှင် အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့က တင်ပြလာသည့် ကော်မရှင်အဖွဲ့ဝင်လောင်းများထဲမှ ပုဒ်မ ၄ နှင့် ပုဒ်မ ၉ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များပါဝင်သော **"မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်"** ကို ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးလှမြင့်<br>မြန်မာကိုယ်စားလှယ်၊ အာဆီယံအစိုးရအချင်းချင်း<br>လူ့အခွင့်အရေးကော်မရှင် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာနန္ဒာမွန်း<br>အမြဲတမ်းအတွင်းဝန်(အငြိမ်းစား)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးပေါ်လွင်စိန်<br>သံအမတ်ကြီး(အငြိမ်းစား) | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်စိုး<br>ညွှန်ကြားရေးမှူး(အငြိမ်းစား)<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာသန်းမြင့်<br>ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)<br>ဆေးသိပ္ပံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်နုနုယဉ်<br>အမြဲတမ်းအတွင်းဝန်(အငြိမ်းစား)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာတင်မောင်မောင်သန်း<br>ဌာနစုမှူး(အငြိမ်းစား)<br>အမှတ်(၂)စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာမြင့်သူမြိုင်<br>ပါမောက္ခ/ဌာနမှူး<br>ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (ဈ) | ဦးတင်အောင်<br>ဌာနကြီးမှူး(အငြိမ်းစား)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (ည) | ဒေါ်တင်ကြည်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်မြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

၂။ နိုင်ငံတော်သမ္မတရုံး၏ ၂၄-၉-၂၀၁၄ ရက်စွဲပါ အမိန့်အမှတ်၊ ၂၃/၂၀၁၄ နှင့် ၂၅-၄-၂၀၁၈ ရက်စွဲပါ အမိန့်အမှတ်၊ ၂၀/၂၀၁၈ တို့ဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယား ဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယား ဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Vong Pisen တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး

**နေပြည်တော် ဇန်နဝါရီ ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကမ္ဘောဒီးယား ဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Vong Pisen အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

**ဂုဏ်ပြုတပ်ဖွဲ့ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကမ္ဘောဒီးယား ဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသော နှစ်နိုင်ငံ တပ်မတော်အရာရှိကြီးများအား အပြန်အလှန် မိတ်ဆက်ပေးကြသည်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် ကမ္ဘောဒီးယား ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇေယျာသီရိဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်ရန်၊ လေ့ကျင့်ရေး၊ စစ်ဘက်ဆိုင်ရာဆေးပညာ၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရန်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး၊ လက်နက်ခဲယမ်း မှောင်ခိုကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေး ကဏ္ဍများတွင် သတင်းအချက်အလက်ဖလှယ်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုများရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်း၍ ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာကျင့်ဝတ်ပြုစုရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင်(ဟံသာဝတီ ဦးအုန်းကြိုင်)နှင့် တာဝန်ရှိသူများ ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာကျင့်ဝတ်ပြုစုရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်း၍ ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာကျင့်ဝတ်ပြုစုရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)နှင့် တာဝန်ရှိသူများ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ International Institute For Democracy and Electoral Assistance (International IDEA) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းအချက်အလက်များသိရှိမှု**

ဆွေးနွေးပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက အမှာစကား ပြောကြားရာ၌ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် သတင်းမီဒီယာ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတများ ရရှိစေရန် ဆောင်ရွက်သည့် Civic Education နှင့် မဲဆန္ဒရှင်များ မဲပေးခြင်းဆိုင်ရာ အသိပညာပေး ဆောင်ရွက်သည့် Voter Education လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတင်းမီဒီယာများ၏ အကူအညီများစွာ လိုအပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ပထမအကြိမ် မဲပေးမည့် လူငယ် လေးသန်းခန့် ရှိမည်ဟု ခန့်မှန်းပါကြောင်း၊ ၎င်း လူငယ်များအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို သိရှိထားမှသာ ရွေးကောက်ပွဲတွင် မဲပေးရာ၌ ပိုမိုပါဝင်လာနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ကော်မရှင်၏ လုပ်ဆောင်ချက်များ၊ ကော်မရှင်မှ ထုတ်ပြန်သည့် ညွှန်ကြားချက်များ၊ ကြေညာချက်များကို နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် UEC Website တို့မှ တစ်ဆင့် ပြည်သူလူထုသိရှိစေရန် ထုတ်လွှင့်ဖော်ပြပေးလျက် ရှိပါကြောင်း။

ထို့အပြင် ကော်မရှင်၏ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းပြီး ရွေးကောက်ပွဲဆိုင်ရာ သတင်းအမှန် ထုတ်ပြန်ရေးအစီအစဉ်ကို ကော်မရှင်ရုံး၌ အပတ်စဉ် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ရွေးကောက်ပွဲကာလ အတွင်း အမုန်းစကားများ၊ သတင်းအမှားများ ပြည်သူလူထုထံ ရောက်ရှိပါက ရွေးကောက်ပွဲကို အနှောင့်အယှက်ဖြစ်လာနိုင်ပြီး မလိုလားအပ်သည့် ပဋိပက္ခများပါ ဖြစ်လာနိုင်ပါကြောင်း၊ အမုန်းစကားနှင့် သတင်းအမှားများသည် ဒီမိုကရေစီစနစ်၏ ဂုဏ်သိက္ခာကိုလည်း ထိပါးစေနိုင်သည့်အတွက် သတင်းမီဒီယာများအနေဖြင့် နိုင်ငံတော်အကျိုးအတွက် မျှော်ကိုး၍ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် မှန်ကန်သော သတင်းအချက်အလက်များကို ပြည်သူလူထုထံ လျင်မြန်စွာနှင့် ကျယ်ပြန့်စွာ ရောက်ရှိစေရေး ဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း။

**ရွေးကောက်ပွဲဆိုင်ရာ မီဒီယာကျင့်ဝတ်**

သတင်းမီဒီယာများ အနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ရေးကို အထောက်အကူဖြစ်စေရေး၊ ရွေးကောက်ပွဲတွင် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် သတင်းမီဒီယာများအကြား ယုံကြည်မှု တည်ဆောက်ရေး၊ အတူတကွ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရှေးရှုပြီး ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာကျင့်ဝတ် ရှိထားသင့်ပါကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတင်းမီဒီယာသမားများ လိုက်နာကျင့်သုံးနိုင်စေရန် ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာကျင့်ဝတ် ရေးဆွဲနိုင်ရေး ဆွေးနွေးရန် ဖြစ်ပါကြောင်း၊ သတင်းမီဒီယာများအနေဖြင့် မဲဆန္ဒရှင်စာရင်းကပ်ထား ကြေညာပေးသည့်အချိန်တွင် ပြည်သူများ ကြည့်ရှုစေရန်နှင့် ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်နိုင်သည့် အခွင့်အရေး မဲဆန္ဒရှင်များ ရရှိစေရန် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထို့အပြင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ သတင်းများကို သတ်မှတ်ကာလ ရောက်ရှိချိန်တွင် ထုတ်ပြန်ပေးသွားမည် ဖြစ်သည့်အတွက် ထိုသတင်းများကိုလည်း ပြည်သူလူထုကို အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် ဆောင်ရွက် ပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဆွေးနွေးပွဲ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် တက်ရောက်လာသူများက ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာကျင့်ဝတ် ပြုစုနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း Danish Institute for Parties and Democracy (DIPD) ၏ ဒါရိုက်တာနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် Danish Institute for Parties and Democracy (DIPD) ၏ ဒါရိုက်တာ Mrs. LisbethPilegaard နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကိုလွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်စေရေးပြင်ဆင်ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံရေးဖြစ်စဉ်များတွင် အမျိုးသမီးများပါဝင်မှုမြှင့်တင်ရေး ကိစ္စရပ်များ၊ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၂/၂၀၂၀) ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး (၂/၂၀၂၀) ကို ယနေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ဝဲပုံ)



### တက်ရောက်

အစည်းအဝေးသို့ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စု လွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင် (ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

### ဆက်လက်ဆောင်ရွက်သွားမည်

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ပြင်ဆင်ရေးပူးပေါင်းကော်မတီ၏ ဆွေးနွေးဆုံးဖြတ်မှုများကို ပြီးပြတ်အောင်ဆောင်ရွက်ပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်းအခန်း (၁၂) ပါ ပြဋ္ဌာန်းချက်များနှင့် အညီပြုစု၍ ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး မတိုင်မီ တင်သွင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးစာပေပွဲတော် (ပြင်ဦးလွင်) နောက်ဆုံးနေ့ စည်ကားများပြား




ပြင်ဦးလွင်ခရိုင် ကလေးစာပေပွဲတော် နောက်ဆုံးနေ့တွင် ပွဲတော်လာကြသူများဖြင့် စည်ကားလျက်ရှိစဉ်။
ဓာတ်ပုံ - စိုးကျော်သူထွေး

**ပြင်ဦးလွင် ဇန်နဝါရီ ၁၄**

ပြင်ဦးလွင်ခရိုင် ကလေးစာပေပွဲတော် နောက်ဆုံးနေ့ကို ယနေ့တွင် ပြင်ဦးလွင်မြို့ အထက (၁) ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှ ညနေပွဲတော် ပိတ်သိမ်းချိန်အထိ ပွဲတော်လာသူများဖြင့် စည်ကားလျက်ရှိသည်။

### ဖျော်ဖြေတင်ဆက်

ယနေ့တွင် တိုင်းရင်းသားရိုးရာအကများ၊ လာမားအက၊ Myanmar Fitness Dance အက၊ ကျောက်ဆည် ဇော်ဂျီမောင် ဆင်အကနှင့် တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေရေးစင်ပေါ်၌ ဖျော်ဖြေတင်ဆက်ကြသည်။

ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အိမ်ဆောက်ကစားနည်း နှင့် Team Building Games ကစားနည်းပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပပေးသည်။

စာပေဆွေးနွေးပွဲတွင် ကာတွန်းမောင်မောင်အောင်၊ ကာတွန်းမောင်ရွှေဝင်း၊ ကာတွန်းငယ်ဦး၊ ကာတွန်းဖောင်းဖောင်းတို့က စာဖတ်ခြင်း၏ အကျိုးခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

### စိတ်ဝင်တစားလေ့လာ

ထို့ပြင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြခန်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်း၊ မီးသတ်ဦးစီးဌာနပြခန်း၊ အမျိုးသမီးရေးရာပြခန်း၊ အဝေးထိန်းလေယာဉ်ငယ်ပြခန်း၊ ရတနာပုံဆိုက်ဘာစီးတီးပြခန်း၊ ကင်းထောက်လူငယ်ပြခန်း၊ ကလေးနီတိကာတွန်းပြခန်း၊ ပြတိုက်ငယ်၊ အခြေခံ ပညာဦးစီးဌာနကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းပြခန်းများကိုလည်း စိတ်ဝင်တစားလေ့လာကြည့်ရှုကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ပွဲတော်တွင် စာအုပ်အရောင်းဆိုင်ပေါင်း၅၀ လာရောက်ရောင်းချခဲ့ပြီး ပွဲတော်ကျင်းပသည့် နှစ်ရက်တာအတွင်း ငွေကျပ်သိန်း ၂၄၀ ကျော်ဖိုးရောင်းချခဲ့ရကြောင်း သိရသည်။ ထို့အပြင် ပွဲတော်လာရောက်သူများအား ထမင်းဘူး၊ မြန်မာမုန့် ၁၂ မျိုးဖြင့် စတုဒိသာဧည့်ခံကျွေးမွေးခဲ့ကြောင်းနှင့် ညနေပိုင်းတွင် ပြိုင်ပွဲအသီးသီးမှ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်  ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာဒိန်းမတ်အင်စတီကျူ၏ ဒါရိုက်တာ အား လက်ခံတွေ့ဆုံ



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာ ဒိန်းမတ်အင်စတီကျူ (DIPD) ၏ ဒါရိုက်တာ Mrs. LisbethPilegaard တို့ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

နေပြည်တော် ဇန်နဝါရီ ၁၄
ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာ ဒိန်းမတ်အင်စတီကျူ (DIPD) ၏ ဒါရိုက်တာ Mrs. LisbethPilegaard အား ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် DIPD အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံရေးစနစ် ပိုမိုခိုင်မာအားကောင်းစေရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပသွားနိုင်ရေး၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးများနှင့် လူငယ်များ စွမ်းဆောင်ရည်မြင့်မားရေးနှင့် နိုင်ငံရေးတွင် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်နိုင်ရေးအတွက် အကူအညီပေးနိုင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်၊ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

နေပြည်တော် ဇန်နဝါရီ ၁၄
ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba နှင့်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်အတွင်း ကလေးစစ်သားအသုံးပြုမှု ပပျောက်ရေးကိစ္စရပ်နှင့် ပတ်သက်၍ CTFMR နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေး၊ နှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုယန္တရား ပိုမိုခိုင်မာမှု ရှိစေရေး၊ တပ်မတော်အား ကလေးစစ်သား အသုံးပြုမှုစာရင်းမှ ပယ်ဖျက်ပေးနိုင်မည့် နည်းလမ်းများနှင့် ပယ်ဖျက်ပြီးပါက ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်တွင် လှိုင်းနှုန်းအသုံးပြုခြင်း ကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးကျင်းပ

ပုဂံ ဇန်နဝါရီ ၁၄
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြား မှု ဦးစီးဌာနသည် ထိုင်းနိုင်ငံ၏ National Broadcasting and Tele-communications Commission (NBTC) နှင့် ပူးပေါင်း၍ ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်တွင် လှိုင်းနှုန်းအသုံး ပြုခြင်းကိစ္စရပ်များကို ညှိနှိုင်း ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံကိုယ်စား လှယ်များပါဝင်သည့် နှစ်နိုင်ငံ နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ (Joint Technical Committee-JTC) ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး JTC အစည်း အဝေးများကို တစ်နှစ်လျှင်တစ်ကြိမ် အိမ်ရှင်နိုင်ငံအဖြစ် နှစ်နိုင်ငံမှ အလှည့် ကျ ကျင်းပပေးရလေ့ရှိရာ တတိယ အကြိမ်မြောက် The 3rd Joint Technical Committee on Coor-dination and Assignment of Frequencies Along Thailand-Myanmar Common Border Meeting (JTC-3) အစည်းအဝေးကို ယနေ့တွင် ပုဂံမြို့ The Bagan Umbra Hotel ၌ ကျင်းပရာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြော ကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် ထိုင်းနိုင်ငံ National Broadcasting and Telecommu-nications Commission , Spectrum Management Bureau, Executive Director ဖြစ်သူMr.SanehSaiwong က ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

JTC အစည်းအဝေးသည် နှစ်နိုင်ငံနယ်နိမိတ်တွင် လှိုင်းနှုန်း အချင်းချင်းနှောင့်ယှက်မှုများ ဖြစ်ပေါ်ပါက စဉ်ဆက်မပြတ် ဖြေရှင်း ဆောင်ရွက်နိုင်ရေးအတွက် မြေပြင် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ နှစ်နိုင်ငံသက်ဆိုင်ရာပါ အဖွဲ့အစည်း များမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး JTC အစည်းအဝေးတွင် အစီအစဉ် (Agenda) တစ်ရပ်အနေဖြင့် တင်ပြ ဆွေးနွေးကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူ များ၊ ဆက်သွယ်ရေး အော်ပရေတာ များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနှင့် ရုပ်သံ ထုတ်လွှင့်မှုကဏ္ဍဆိုင်ရာမှ ကိုယ်စား လှယ်များ၊ ထိုင်းနိုင်ငံ National Broadcasting and Telecommuni-cations Commission (NBTC) မှ ကိုယ်စားလှယ်များအပါအဝင် စုစု ပေါင်း ၉၀ ခန့် တက်ရောက်လျက်ရှိ သည်။

အဆိုပါ JTC အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်အား တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၄
ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူး ကိုယ်စားလှယ် Ms. Virginia Gamba နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှု နှင့်စပ်လျဉ်းသည့် ကလေးသူငယ် များ၏ အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲစာချုပ်သို့ အတည်ပြု ဝင်ရောက်နိုင်ခဲ့မှု၊ ကလေးသူငယ်များ လက်နက်ကိုင်ပဋိပက္ခအတွင်း ပါဝင် မှုနှင့် ထိခိုက်နစ်နာမှုများကို ကာကွယ် နိုင်ရန်အတွက် ထည့်သွင်းပြဋ္ဌာန်း ထားသည့် ပြဋ္ဌာန်းချက်များကို အများပြည်သူနှင့် ဥပဒေအကောင် အထည်ဖော်မည့် အဖွဲ့အစည်းများ သိရှိနိုင်ရန်အတွက် ဥပဒေ အသိပညာပေးရေး လုပ်ငန်းများကို ပြည်ထောင်စုရှေ့နေချုပ်ရုံး အနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတ မှုဆိုင်ရာ စီမံကိန်းများတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ Country Tasks Force on Monitoring and Reporting(CTFMR)၏ လုပ်ငန်းစဉ် များတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ဒီလိုဆွေးနွေးပွဲလုပ်တဲ့အတွက်ကြောင့် ရှေ့အနာဂတ် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေအတွက် အများကြီးအကျိုးရှိပါတယ်

ဦးအောင်နိုင်ဦး(အမြဲတမ်းအတွင်းဝန်)

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ဇန်နဝါရီ ၁၃ နှင့် ၁၄ ရက် နှစ်ရက်တာ ကျင်းပခဲ့သည်။**

အလုပ်ရုံဆွေးနွေးပွဲအတွင်း အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒ၊ NCA အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံ လုပ်ငန်းစဉ်၊ ပြည်ထောင်စုသဘောတူစာချုပ်ပါ အခြေခံမူ သဘောတူညီချက်များကို ကောင်းမွန်စွာသိရှိနားလည်ပြီး သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းသည့်အခါ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်သည့်အခါ လိုက်လျောညီထွေဖြစ်ရန်နှင့် လိုက်ပါဖော်ဆောင်နိုင်ရန် ရည်ရွယ်ဆွေးနွေးခဲ့ကြသည်။ ထိုသို့ ဆွေးနွေးခဲ့မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲ ပါဝင်တက်ရောက်သူများ၏ စကားသံများကို မေးမြန်းခဲ့သည်။

**ဦးအောင်နိုင်ဦး**
**အမြဲတမ်းအတွင်းဝန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

အလုပ်ရုံဆွေးနွေးပွဲက နှစ်ရက်လုပ်တာ မနေ့ကနဲ့ ဒီနေ့ပါ။ အဓိကအားဖြင့် အစိုးရဌာနအသီးသီးက ဝန်ထမ်းအကြီးအမှူးတွေကို လုပ်နေတဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီးတော့ ဖြစ်ပေါ်တိုးတက်မှုတွေကို ပိုပြီးသိရှိအောင်နဲ့ အစိုးရဘက်ကနေ ဘယ်လိုပါဝင်ပေးရမလဲဆိုတာကို အောင်မြင်အောင် ဘယ်လိုပံ့ပိုးပေးရမလဲ၊ ဘာတွေကူညီပေးရမလဲ၊ ဒါတွေကို ကျယ်ကျယ်ပြန့်ပြန့်သိအောင် ဆွေးနွေးတာဖြစ်ပါတယ်။ အစိုးရဌာနအကြီးအကဲတွေကိုခေါ်ယူပြီး ဆွေးနွေးတာ ပထမဦးဆုံးပါ။ ဒီလိုဆွေးနွေးပွဲလုပ်တဲ့အတွက်ကြောင့် ရှေ့အနာဂတ် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေအတွက် အများကြီး အကျိုးရှိပါတယ်။ အဓိကကတော့ လက်ရှိဖြစ်ပေါ်တိုးတက်နေတဲ့ အခြေအနေတွေကို ရှင်းပြတယ်။ ရှေ့မှာဖြစ်ပေါ်နိုင်တဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ ဒါတွေကို ဘာဖြစ်နိုင်မလဲဆိုတာကို ဝိုင်းဝန်းပြီးတော့ ဆွေးနွေးတယ်။ ဖြစ်ပေါ်နိုင်တဲ့ စိန်ခေါ်မှုနဲ့ အခက်အခဲတွေကို ဘယ်လိုအောင်မြင်အောင် ကျော်လွှားကြရမလဲ ဒါတွေကိုလည်း ဝိုင်းဝန်းတိုင်ပင်ညှိနှိုင်းကြတယ်။ နောင်လည်း ဒါမျိုးတွေက ဆက်ပြီးရှိနေဦးမယ်လို့ သုံးသပ်ပါတယ်။ ဒီလိုဆွေးနွေးတာက တော်တော်ကောင်းပါတယ်။ ငြိမ်းချမ်းရေးက တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်တဲ့ လိုအပ်ချက်မို့လို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တပ်မတော်၊ အစိုးရ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ၊ လွှတ်တော်မှာ လုပ်နေတဲ့အပိုင်းမှာ အစိုးရဌာနအကြီးအကဲတွေက ဘယ်အစိုးရပြောင်းပြောင်း အစိုးရဌာနတွေက ဆက်ပြီးတော့ ပါဝင်နေရမှာဖြစ်တဲ့အတွက် ဒီလုပ်ငန်းစဉ်က တော်တော်လေး ထိရောက်တယ်။ ဖြစ်ပေါ်နေတဲ့အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို လက်တွေ့ကျကျ ချဉ်းကပ်တဲ့အခါမှာ အစိုးရဌာနတွေက ဘယ်လိုပါဝင်ပေးရမလဲဆိုတာကို သိမြင်နိုင်မယ်။ ဒါကြောင့်မို့ ဒါဟာ အကျိုးရှိပါတယ်။

**ဗိုလ်မှူးကြီးဝဏ္ဏအောင်**
**အတွင်းရေးမှူး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ JMC နဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကို ဆွေးနွေးရှင်းလင်းခြင်းဖြစ်ပါတယ်။ အဓိကကတော့ JMC မှာ ပါဝင်ဆောင်ရွက်နိုင်အောင်ပါ။ ဒါကြောင့် အစည်းအဝေးမှာ JMCနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်မှာ သက်ဆိုင်ရာ အစိုးရအဖွဲ့တွေအနေနဲ့ ဘယ်လိုနေရာတွေကနေ ပါဝင်နိုင်တယ်ဆိုတာကိုလည်း ဆွေးနွေးကြပါတယ်။ ကျွန်တော်တို့ JMC အနေနဲ့ လက်ရှိမှာ ၁၈ ကြိမ်မြောက် ပြည်ထောင်စုအဆင့် အစည်းအဝေးကိုတော့ ဆောင်ရွက်ပြီးဖြစ်ပါတယ်။

Suspension ကာလမှာတော့ JMC အစည်းအဝေးတွေလည်း ရပ်ဆိုင်းနေပါတယ်။ JICM အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်အရ JMC အစည်းအဝေးတွေကို ဆက်လုပ်သွားနိုင်ဖို့ အကောင်အထည်ဖော်သွားရမှာဖြစ်ပါတယ်။ JMC အစည်းအဝေးလုပ်မယ့်ရက်ကို အကြမ်းအားဖြင့် လျာထားပြီးတော့ အစိုးရအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိ NCA ရေးထိုးထားတဲ့ အဖွဲ့တွေဟာ JICM အစည်းအဝေးပြီးတဲ့အချိန်မှာ ပြန်လည်ပါဝင်နိုင်မှာဖြစ်တဲ့အတွက် ဒါကလည်းကောင်းတဲ့ လက္ခဏာဖြစ်ပါတယ်။ ဒါကြောင့် NCA လက်မှတ်ရေးထိုးပြီးတဲ့ အဖွဲ့တွေနဲ့ တည်ဆောက်ထားတဲ့ UPDJC၊ JMC တွေကို ပြန်လည်လုပ်နိုင်မှာ ဖြစ်တဲ့အတွက် ကောင်းတဲ့သဘောဖြစ်ပြီး ငြိမ်းချမ်းရေး အတွက်လည်း ဆက်ပြီးကြိုးစားဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

ဒီနေ့လို အစည်းအဝေးမျိုးကလည်း ကောင်းပါတယ်။ ကျွန်တော်တို့ အကောင်အထည်ဖော်နေတဲ့ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အစိုးရအဖွဲ့အစည်းတွေက ကျေကျေညက်ညက် သိထားခြင်းအားဖြင့် ဘယ်နေရာပါဝင်လို့ ရနိုင်တယ်။ ဘယ်နေရာက အားဖြည့်လို့ရနိုင်တယ်။ ဒီလိုမျိုးတွေ သိရှိသွားပြီးတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားနိုင်မယ့် အနေအထားမျိုးဖြစ်လာမှာပါ။ ဒီနေ့ အစည်းအဝေးကနေတစ်ဆင့် အစိုးရအဖွဲ့ အရာရှိကြီးတွေအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို သိရှိသွားကြတယ်။ ဒီလိုပဲမသိရှိသေးတဲ့သူတွေ၊ ဝန်ထမ်းတွေကို ထပ်ပြီးရှင်းပြပြောနိုင်ရင် အားလုံးသိရှိပြီးတော့ အားလုံးပါဝင်ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

**ဦးစိုးစိုးဇော်**
**အတွင်းရေးမှူး၊**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အမြဲပဲတွဲလျက်ပါဝင်ဆောင်ရွက်ရမယ်ဆိုတဲ့ သဘောတရားကိုတွေ့လာရပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ ဆောင်ရွက်ချက်တွေဟာ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ တွဲပြီးတော့ ငြိမ်းချမ်းရေး အထောက်အကူပြုတဲ့ လုပ်ငန်းတွေကို ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတာကို ထဲထဲဝင်ဝင် ပိုပြီးသိမြင်လာရပါတယ်။

အဲဒီအတွက် ကျွန်တော်တို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကို ပြန်လည်ရောက်ရှိတဲ့အခါမှာ ဝန်ကြီးချုပ်တွေ၊ ဝန်ကြီးတွေကို ဒီဘက်ကအခြေအနေကို တင်ပြပြီးတော့ ကျွန်တော်တို့ဒေသမှာရှိတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ လိုအပ်ချက်တွေ၊ ဒေသဖွံ့ဖြိုးရေးတွေ၊ ယုံကြည်မှုတည်ဆောက်တာတွေ၊ ကြားကာလ ဆောင်ရွက်ရမယ့် အစီအမံတွေနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်သွားမယ်။ ဒီလိုပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက်လည်း အများကြီး သိရှိသွားပါတယ်။ ကျွန်တော်တို့ ပြည်နယ်မှာ NCA လက်မှတ်ရေးထိုးထားတဲ့ RCSS၊ PNLO၊ LDU အဖွဲ့ သုံးဖွဲ့ရှိပါတယ်။ လက်မှတ်ရေးထိုးဖို့ ကျန်နေတဲ့ အဖွဲ့တွေလည်း ရှိပါသေးတယ်။

NCA လက်မှတ်ရေးထိုးပြီးတဲ့ ဒေသတွေမှာ များသောအားဖြင့် ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေ၊ လူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းတွေကို ပြည်သူတွေနဲ့အတူ ပူးပေါင်းပြီးတော့ EAO အဖွဲ့တွေနဲ့ ဆောင်ရွက်လာနိုင်တာဖြစ်တဲ့အတွက် ဖွံ့ဖြိုးမှု ကွာဟမှုက တဖြည်းဖြည်းနည်းလာပါတယ်။ ဒီဟာလေးတွေကို ကျန်တဲ့ EAO အဖွဲ့တွေက သိရှိပြီးတော့ ဒေသငြိမ်းချမ်းရေး အကောင်အထည်ဖော်ရာမှာ ပိုပြီးအကျိုးကျေးဇူးဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ပြည်သူတွေက ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ငြိမ်းချမ်းရေး အမှန်တကယ်ရချင်တဲ့စိတ် ဖြစ်နေကြတယ်။ ကျွန်တော်တို့ ပြည်နယ်မှာလည်း ဒီလိုပဲဖြစ်ပါတယ်။

ပင်လုံညီလာခံကနေ တစ်ဆင့် ပြည်ထောင်စုသဘောတူညီချက်တွေရခဲ့ကြတယ်။ ပြည်သူတွေအနေနဲ့လည်း သူတို့လိုလားတောင့်တတဲ့ ငြိမ်းချမ်းရေးကိုကြိုးပမ်းပေးနေတဲ့အတွက် ကျေနပ်မှာဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကနေလည်း ကျွန်တော်တို့ ပြည်နယ်မှာ ငြိမ်းချမ်းရေးအလင်းရောင် ပိုပြီးဖြစ်ထွန်းပေါ်ပေါက် လာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။



ဦးအောင်နိုင်ဦး
အမြဲတမ်းအတွင်းဝန်



ဗိုလ်မှူးကြီးဝဏ္ဏအောင်
အတွင်းရေးမှူး



ဦးစိုးစိုးဇော်
အတွင်းရေးမှူး

**တွေ့ဆုံမေးမြန်း**
**ကေကော၊ လင်းနိုင်**
**ဓာတ်ပုံ-ထိန်နန်နေဇ်**

❑ *ကျောဖုံးမှ*

ဆွေးနွေးပွဲတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–U) အတွင်းရေးမှူး ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ဖွဲ့စည်းရသည့်အကြောင်းအရင်းနှင့် ရည်ရွယ်ချက်၊ ကော်မတီ၏ အခြေခံမူ၊ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု၊ JMC တွင်ပါဝင်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ဒေသဆိုင်ရာအဆင့် JMC များဖွဲ့စည်းမှု၊ JMC အစည်းအဝေးများ ကျင်းပနိုင်ခဲ့မှုနှင့် ဆုံးဖြတ်ချက်များချမှတ်နိုင်ခဲ့မှု၊ JMC က စောင့်ကြည့်ရမည့်အချက်များ၊ စောင့်ကြည့်ရေးယန္တရားတွင် ပါဝင်သူများ၊ JMC အနေဖြင့် တိုင်ကြားစာများလက်ခံရရှိမှုနှင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့မှု၊ အသိပညာပေးခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှု၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကိုလည်းကောင်း၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–U) အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးက (JMC)၏ လုပ်ငန်းသဘာဝ၊ လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအခြေခံမူများ၊ စောင့်ကြည့်ရေး၊ စိစစ်အတည်ပြုရေး၊ ပဋိပက္ခဖြေရှင်းရေး၊ (JMC) အဆင့်ဆင့်သို့ နည်းပညာအထောက်အကူပေးမှုများ၊ နည်းပညာအထောက်အကူပြုဆောင်ရွက်ရာတွင် တွေ့ကြုံရသောပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–U) ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ငြိမ်းက (JMC)၏အခန်းကဏ္ဍနှင့် မဟာဗျူဟာ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးအကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်တွင် အဓိကကျသည့် အချက်များ၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ မျက်နှာချင်းဆိုင်တွေ့ဆုံ ဆက်ဆံခြင်း၏ အကျိုးကျေးဇူးများနှင့် လတ်တလောကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ စတင်ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း၊ အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းခဲ့မှု၊ ၁၉၄၇ ခုနှစ်နောက်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်အကျဉ်း၊ သမ္မတဦးသိန်းစိန် အစိုးရလက်ထက် ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့မှုနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ဖြစ်ပေါ်လာမှု၊ NCA တွင်ပါဝင်သည့် သဘောတူညီချက်များ၊ နိုင်ငံရေးဆွေးနွေးပွဲများ၏ အရေးပါမှုနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခဲ့မှု၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီ (UPDJC)၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဖွဲ့စည်းမှုနှင့် တာဝန်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကျင်းပနိုင်ခဲ့မှု၊ ညီလာခံများမှရရှိခဲ့သည့် ပြည်ထောင်စုသဘောတူညီချက်များ၊ စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပနိုင်ရေးနှင့် ၂၀၂၀ အလွန် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သဘောတူညီချက်များ ထပ်မံရရှိရေးဆောင်ရွက်နေမှု၊ ရှေ့လုပ်ငန်းစဉ်းများဖြစ်သည့် ကြားကာလဆိုင်ရာ အစီအစဉ်များ၊ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ၊ အမျိုးသားပြန်းလည်သင့်မြတ်ရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဖက်ဒရယ်ကူးပြောင်းရေးနှင့် ပြည်နယ်များ၏ အနာဂတ်မျှော်မှန်းချက်နှင့် NCA တွင် လက်မှတ်ရေးထိုးရန် ကျန်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်မှတ်ရေးထိုးရေးနှင့် စိန်ခေါ်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဌာနအလိုက် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ခင်ဇော်ဦးကမေးမြန်းဆွေးနွေးမှုများအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးကာ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို အသေးစိတ်သိရှိနားလည်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်ဆို့နေမှုများနှင့်စပ်လျဉ်း၍ ကျော်လွှားရမည့်နည်းလမ်းများကို သက်ဆိုင်ရာဌာနများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ပေးသင့်သည့်ကိစ္စရပ်များ၊ ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းပြောကြား၍ ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်မျက်အချောထည်လုပ်ငန်း၊ လူထုဖြန့်ပျိုးဥယျာဉ်နှင့် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇန်နဝါရီ ၁၂ ရက်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်မျက်အချောထည်လုပ်ငန်း၊ ရုံးအဆောက်အဦ တည်ဆောက်မှုလုပ်ငန်း၊ လူထုဖြန့်ပျိုးဥယျာဉ်နှင့် စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ ကြည့်ရှုစစ်ဆေးသည်။

### ကျောက်မျက်ဈေးကွက်ပေါ်ထွန်းရေး

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ၆၂ လမ်းနှင့် ၆၃ လမ်းကြား သိပ္ပံလမ်းရှိ မင်္ဂလာပါ ကျောက်မျက်အချော ထည်စက်ရုံနှင့် ကျောက်မျက်နှင့် လက်ဝတ်ရတနာအချောထည်ဆိုင်ကို ကြည့်ရှုပြီး နိုင်ငံတကာအဆင့်မီ ကျောက်မျက်အချောထည်လက်ဝတ်ရတနာများ ထုတ်လုပ်နိုင်ရန်၊ ကမ္ဘာလှည့်ခရီးသည်များက မြန်မာ့ကျောက်မျက် လက်ဝတ်ရတနာများအား စွဲမက်ကြိုက်နှစ်သက်၍ ခိုင်မာသည့် မြန်မာ့ကျောက်မျက်ဈေးကွက်တစ်ခု ပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အဆောက်အဦသစ်နှင့် မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အဆောက်အဦသစ် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာန၏ မြို့မအမြဲတမ်းပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ပြည်သူများ လက်ဝယ်သို့ ပျိုးပင်များဝေငှခြင်း မဆောင်ရွက်မီ ပျိုးပင်များ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရေးအတွက် Hardening Process ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပျိုးပင်ဝေငှရာတွင်လည်း ပျိုးပင်များ အလေအလွင့်မဖြစ်စေရေးအတွက် မှတ်တမ်းများ စနစ်တကျထားရှိဆောင်ရွက်ရန်၊ ပြည်သူများ စိုက်ပျိုးလိုသောနေရာများကိုလည်း ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ဆွေးနွေးမှာကြားရန်၊ စိုက်ပျိုးပြီးချိန်တွင်လည်း စိုက်ပင်ရှင်သန်မှုအခြေအနေများကို စစ်ဆေးရန်တို့ကို မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် သစ်တောဦးစီးဌာန၏ ဖမ်းဆီးရမိပုံစံ(၈)သစ်များ စုပုံထားရှိမှုအား ကြည့်ရှုစစ်ဆေး၍(**အပေါ်ပုံ**) အမှုပြီးပြတ်ပါက အမြန်ဆုံးရောင်းချနိုင်ရေး စီမံဆောင်ရွက်ရန်၊ သစ်အရည်အသွေးမကျအောင် စနစ်တကျထိန်းသိမ်းထားရှိ ဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ် ကာကွယ်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မလှိုင်မြို့နယ် သစ်တောဦးစီးဌာနက တောင်လျော်ကန်ကြိုးဝိုင်းအကွက် အမှတ်(၆) တည်ထောင်စိုက်ပျိုးထားရှိသည့် ၂၀၁၉ ခုနှစ်၊ ကျေးရွာထင်းစိုက်ခင်း (၁/၂၀၁၉)၊ ၂၀၁၈ ခုနှစ်က တောင်လျော်ကန်ကြိုးဝိုင်းအကွက် အမှတ် (၂၊ ၃၊ ၆)အတွင်း တည်ထောင်စိုက်ပျိုးထားသည့် ဒေသခံပြည်သူအဖွဲ့ပိုင် စိုက်ခင်းနှင့် မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာနက တောင်လျော်ကန်တိုးချဲ့ကြိုးဝိုင်း အကွက်အမှတ် (၁၀)အတွင်း တည်ထောင်စိုက်ပျိုးထားသည့် ၂၀၁၉ ခုနှစ်၊ ကျေးရွာထင်းစိုက်ခင်း ၂/၂၀၁၉ နှင့် ၂၀၁၇ ခုနှစ်က တည်ထောင်စိုက်ပျိုးထားသည့် ဒေသခံပြည်သူအဖွဲ့ပိုင်စိုက်ခင်းတို့အား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက တောင်လျော်ကန်ကြိုးဝိုင်း၊ အကွက်အမှတ် (၁၂)နှင့်(၁၃)အတွင်း တည်ထောင်စိုက်ပျိုးထားရှိသည့် ရေဝေရေလဲစိုက်ခင်း(၂/၂၀၁၇)၊ အခြားစိုက်ခင်း(၂/၂၀၁၈) နှင့် ကျေးရွာသုံးစိုက်ခင်း(၃/၂၀၁၉)တို့အား ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မိုးရေချိန် နည်းပါး၍ မြေဆီလွှာညံ့သည့်နေရာများဖြစ်သည့်အတွက် စိုက်ခင်းအတွင်း ပန္နက်လိုင်း တစ်ခုနှင့်တစ်ခုအကြား ထွန်ယက်၍ မြေဆီလွှာအရည်အသွေး တိုးတက်စေသည့် အပင်စိုက်ပျိုးခြင်းကို စီမံဆောင်ရွက်ရန်၊ အနီးဝန်းကျင်ရှိကျေးရွာများမှ ယာသမားများအားလည်း မြေဆီလွှာအသုံးချမှုနည်းစနစ်များအား စည်းရုံးပညာပေး၍ မြေဆီလွှာအရည်အသွေးတိုးတက်လာအောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ စိုက်ခင်းရှင်းလင်းဆောင်အနီး မာတာကွတ်အပင် စိုက်ပျိုးဆောင်ရွက်ရန်၊ လာမည့်နှစ်မိုးရာသီ၌ သေပင်ဖာထေးခြင်း ဆောင်ရွက်ရာတွင်လည်း မာတာကွတ်ပင်ကို အချိုးတစ်ခုဖြင့် ထည့်သွင်းဖာထေး၍ ရှင်သန်တိုးတက်မှုကို မှတ်တမ်းထားရှိ ဆောင်ရွက်ရန်၊ စိုက်ခင်းမီးကာကွယ်ခြင်းလုပ်ငန်းကို အထူးအလေးထားဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ | | ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၆၀၆၄၃ | ၁၄၆၁၃ | ၇၄၇၄၁ | ၁၅၅၉၈ | |
| ၂ | မန္တလေးလေဆိပ် | ၁၃၇၁၀ | ၃၆၆၉ | ၄၂၀၄၆ | ၃၆၈၈ | |
| ၃ | နေပြည်တော်လေဆိပ် | ၄၂၇ | ၃၂၃ | ၁၁၅၅ | ၂၈၈ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၄၆၆၈ | ၈၃ | ၄၁၃၂ | ၉၁ | |
| ၆ | မြဝတီ | ၁၆၀၆ | ၇၂၉ | ၂၃၂၀ | ၅၁၅၆ | |
| ၇ | ကော့သောင်း | ၈၇၄ | ၈၀ | ၃၀၃၃ | ၆၁ | |
| ၈ | ထီးခီး | ၁၀၂ | ၂၈ | ၇၇ | ၃၃ | |
| ၉ | တမူး | ၄၄၀ | ၁၃ | ၄၄၃ | ၅၂ | |
| ၁၀ | ရီခေါဒါရ် | ၄ | ၀ | ၃ | ၀ | |
| စုစုပေါင်း | | ၈၂၄၇၄ | ၁၉၅၃၈ | ၁၂၇၉၅၀ | ၂၄၉၆၇ | |

✽ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးပြန်ရရန် ကြိုးပမ်းလာပြီး ၇၃ မိနစ်တွင် ဟိန်းဖြိုးဝင်း၏ ဖြတ်တင်ဘောမှ တစ်ဆင့် ဇင်မင်းထွန်းက ခေါင်းတိုက်ပြီး ချေပဂိုး ပြန်သွင်းခဲ့သည်။ ရှမ်းယူနိုက်တက် အသင်းသည် ဂိုးပြန်ရသော်လည်း ငါးမိနစ်အကြာတွင် ဂိုးပြန်ပေးလိုက်ရပြီး ၇၈ မိနစ်တွင် ပိုထရီရာက ဆီရက်စ်အသင်းအတွက် တတိယဂိုးသွင်းယူခဲ့သည်။ ၈၇ မိနစ်တွင် မက်ဆီမင်က ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုး ထပ်မံသွင်းယူသော်လည်း ဆီရက်စ်အသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ဆီရက်စ်အသင်းသည် အကြိုခြေစစ်ပွဲ ဒုတိယအဆင့်တွင် ထိုင်းကလပ် Port အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်သည်။

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | ကြယ်တွေကိုငါ...အလွတ်ရတယ် | အနှစ်(နဘူးအိုင်) | ဝိုင်းမော်စာပေ | ၂၀၀၀ |
| ၂ | နိဗ္ဗာန်ကိုဖွေရှာခြင်း | တင်ညွှန့် | မောက္ခ | ၃၀၀၀ |
| ၃ | အီတလီအတွက်ကျတဲ့ မျက်ရည်နှင့် မြားနတ်မောင်တာဝန်ခံ အယ်ဒီတာစကားများ | ဒေါက်တာလွဏ်းဆွေ | ဆန်းစသော်တာ | ၃၀၀၀ |
| ၄ | ရွှေမန်းဇာတိပဝတ္တိအောင်ပင်လယ် | ခန့်ညီဖေ | မဟာစာပေ | ၃၀၀၀ |
| ၅ | ကယားပြည်နယ်သို့...အလည်တစ်ခေါက် | ဆြာချစ် | ဆန်းစသော်တာ | ၃၀၀၀ |
| ၆ | ကြယ်အလင်းနဲ့လှုရအောင် (ကလေးကဗျာများ) | မြေလတ်မောင်မြင့်သူ | ယဉ်မျိုး | ၄၅၀၀ |
| ၇ | ဥဒါန်းဘယ်မကြေ | ရဲဘော်ဘခက် | ရန်ကုန်လမ်းမများ | ၉၀၀၀ |
| ၈ | အနောက်နန်းမိဖုရားမမြကလေးနှင့် လှိုင်ထိပ်ခေါင်တင် ဘဝနှင့်စာပေ | လှသမိန် | စိတ်ကူးချိုချို | ၄၀၀၀ |
| ၉ | မဟာယောဂီ | ပါရဂူ | စိတ်ကူးချိုချို | ၃၇၀၀ |
| ၁၀ | အရိပ်နှင့်အရောင်ဝတ္ထုတိုများ | မောင်သာချို | စိတ်ကူးချိုချို | ၂၇၀၀ |
| ၁၁ | ခမာနီတွေရက်စက်ခဲ့သမျှ | ကိုအောင်(မြောက်ဦး) | ဆုပြည့်စုံထွန်း | ၆၀၀၀ |
| ၁၂ | Me Not | ဝင့်ပြုံးမြင့် | မဟာစာပေ | ၃၀၀၀ |
| ၁၃ | ကွဲပြားစေဖို့ရာ မြန်မာစကားနဲ့မြန်မာစာ | မောင်ခင်မင်(ဓနုဖြူ) | ဆန်းစသော်တာ | ၂၅၀၀ |
| ၁၄ | လေယာဉ်ပျံကြီးရေ ဝတ္ထုတိုစုစည်းမှု | မောင်ရဲနွေ(ပလိပ်) | ဆိပ်ကမ်းသာ | ၃၀၀၀ |
| ၁၅ | မြန်မာပြည်တွင်ချစ်သည် | လရောင်ကျူးရင့် | ပတ္တမြားသိုက် | ၄၀၀၀ |
| ၁၆ | အဲ့ဒီနေ့ကမဝေးခဲ့ကြရင်... | စာဆို | ရွှေလာဘ်စာပေ | ၃၆၀၀ |
| ၁၇ | တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးစံများ | သိန်းထွန်း(မြဝတီ) | မုဒိတာစာပေတိုက် | ၆၀၀၀ |
| ၁၈ | ဝန်ကြီး၏လူယုံ | ရွှေစကြာ | စိတ်ကူးချိုချို | ၁၈၀၀ |
| ၁၉ | ကြမ်းတမ်းသောမုန်တိုင်းရဲ့ အလွန် လင်းရောင်ခြည်လင်းလက်ချိန် | မေဗေရယ်မိုး | ဆိပ်ကမ်းသာ | ၂၅၀၀ |
| ၂၀ | အုတ်တစ်ချပ် သဲတစ်ပွင့် | တော်ဘုရားကလေး (အောင်ဇေ) | နေရီရီ | ၃၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း (၈၂) ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန် ကြေညာလိုက်သည်–

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| (၁) | MMS IEC 60227-1 : 2007 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်းကလိုရိုဒ်လျှပ်ကာဝါယာကြိုးများ အပိုင်း ၁၊ အထွေထွေလိုအပ်ချက်များ |
| (၂) | MMS IEC 60227-3 : 1997 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်းကလိုရိုဒ်လျှပ်ကာဝါယာကြိုးများ အပိုင်း ၃၊ ပုံသေတပ်ဆင်ထားသော အခွံမာမပါသောဝါယာ |
| (၃) | MMS IEC 60227-4 : 1997 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်းကလိုရိုဒ်လျှပ်ကာဝါယာကြိုးများ အပိုင်း ၄၊ ပုံသေတပ်ဆင်ထားသော အခွံမာပါသောဝါယာ |
| (၄) | MMS IEC 60227-2 : 1997 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိ ရှိသော ပိုလီဗီနိုင်းကလိုရိုဒ်လျှပ်ကာဝါယာကြိုးများ အပိုင်း ၂၊ စမ်းသပ်စစ်ဆေးနည်းများ |
| (၅) | MMS IEC 60227-6 : 2001 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်းကလိုရိုဒ်လျှပ်ကာဝါယာကြိုးများ အပိုင်း ၆၊ ဓာတ်လှေကားဝါယာနှင့် ဝါယာကြိုးပျော့ဆက်သွယ်မှုများ |
| (၆) | MMS IEC 60228 : 2004 လျှပ်ကာကေဘယ်များ၏ လျှပ်ကူးပစ္စည်းများ |
| (၇) | MMS IEC 60335-2-2 : 2009 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂.၂) ဖုန်စုပ်စက်နှင့် ရေစုပ်ယူသည့် သန့်ရှင်းရေးပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၈) | MMS IEC 60335-2-6 : 2014 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၆) လုပ်ငန်းသုံး မီးဖိုများ၊ အပူပြားမီးဖိုများ၊ အလုံပိတ်မီးဖိုများနှင့် အလားတူ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၉) | MMS IEC 60335-2-8 : 2012 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၈) မုတ်ဆိတ်ရိတ်စက်၊ ဆံပင်ရိတ်စက်နှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၁၀) | MMS IEC 60335-2-21 : 2012 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၂၁) ရေပူစက်များအတွက် သီးခြားလိုအပ်ချက်များ |
| (၁၁) | MMS IEC 60335-2-28 : 2008 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၂၈) အပ်ချုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| (၁၂) | MMS IEC 60335-2-29 : 2016 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၂၉) ဘက်ထရီအားသွင်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| (၁၃) | MMS IEC 60335-2-31 : 2012 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၃၁) မီးဖိုတွဲများနှင့် အခြားချက်ပြုတ် ညှော်စုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| (၁၄) | MMS IEC 60335-2-45 : 2008 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၄၅) သယ်ဆောင်နိုင်သောအပူပေး ကိရိယာနှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၁၅) | MMS IEC 60335-2-52 : 2008 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၅၂) သွားနှင့် ခံတွင်းကျန်းမာရေးဆိုင်ရာ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၁၆) | MMS IEC 60335-2-55 : 2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၅၅) ငါးမွေးကန်နှင့် ဥယျာဉ်သုံးရေကန်များတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၁၇) | MMS IEC 60335-2-56 : 2008 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၅၆) ပုံရိပ်ပြစက်နှင့်အလားတူ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၁၈) | MMS IEC 60335-2-65 : 2008 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၆၅) လေသန့်စင်သည့်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၁၉) | MMS IEC 60335-2-73 : 2006 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း(၂.၇၃) အသေတပ်ဆင်ထားသည့် ရေတိုင်ကီအတွင်း နှစ်မြှုပ်အပူပေးကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| (၂၀) | MMS IEC 60335-2-74 : 2006 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း(၂.၇၄) ရွှေ့ပြောင်းသယ်ယူနိုင်သည့် ရေတိုင်ကီအတွင်း နှစ်မြှုပ်အပူပေးကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| (၂၁) | MMS IEC 60335-2-79 : 2016 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း(၂.၇၉) လုပ်ငန်းသုံးဖိအားမြင့်သန့်ရှင်းရေး ကိရိယာနှင့် ရေနွေးငွေ့သုံးသန့်ရှင်းရေးကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| (၂၂) | MMS IEC 60335-2-88 : 2002 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း(၂.၈၈) အပူပေးခြင်း၊ လေဝင်လေထွက်စနစ်နှင့် လေအေးပေးစက်စနစ်များအတွက် အသုံးပြုသည့် စိုထိုင်းမှုထိန်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| (၂၃) | MMS IEC 60335-2-98 : 2008 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၉၈) စိုထိုင်းမှုထိန်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| (၂၄) | MMS IEC 60947-2 : 2016 ဗို့အားနိမ့်ဆွစ်ဂီယာနှင့်ကွန်ထရိုးဂီယာ– အပိုင်း (၂) ဓာတ်အားလိုင်းဖြတ်ခလုတ်များ |
| (၂၅) | MMS IEC 60929 : 2011 မီးချောင်းများအတွက်အေစီနှင့်/ သို့မဟုတ် ဒီစီသုံး အီလက်ထရောနစ်ကွန်ထရိုးဂီယာ – စွမ်းဆောင်ရည်လိုအပ်ချက်များ |

*(ဆက်လက်ဖော်ပြပါမည်)*

# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်(ရေဆင်း)၌ ဇီဝမျိုးစုံမျိုးကွဲများ သုတေသနလုပ်ငန်းအထောက်အကူပြု ဇီဝပြတိုက် ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ ဇီဝမျိုးစုံမျိုးကွဲများ သုတေသနစင်တာ(Japan Wildlife Research Centre – JWRC) တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ဇီဝမျိုးစုံမျိုးကွဲများ သုတေသနလုပ်ငန်း အထောက်အကူပြု ဇီဝပြတိုက်(Bio Museum) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါ ပြတိုက်အတွင်း ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာစန်းဝင်းနှင့် ဂျပန်နိုင်ငံ ဇီဝမျိုးစုံမျိုးကွဲများ သုတေသနစင်တာ(JWRC) မှ Dr. Sanei Ichikawa တို့က ဇီဝမျိုးစုံမျိုးကွဲများ သုတေသန အထောက်အကူပြု ဇီဝပြတိုက် (Bio Museum) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ယင်းနောက် ခေတ္တပါမောက္ခချုပ်နှင့် JWRC မှ Dr. Sanei Ichikawa တို့က အမှာစကားပြောကြားကြပြီး သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ရုက္ခဗေဒအဖွဲ့နှင့် သတ္တဗေဒအဖွဲ့မှ ဆရာ ဆရာမများက ဇီဝမျိုးစုံမျိုးကွဲများ သုတေသနပြုလုပ်ရန်အတွက် ထုတ်လုပ်ထားသည့် အထောက်အကူပြု ပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ဇီဝမျိုးစုံမျိုးကွဲတွေ ထိန်းသိမ်းရမယ်**

အဆိုပါ ပြတိုက်ငယ်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် (ရေဆင်း) ခေတ္တပါမောက္ခချုပ် ဒေါက်တာစန်းဝင်းက "ကျွန်တော်တို့ ၁၉၉၈ ခုနှစ်က လုပ်တဲ့ Convention of Biodiversity – CBD မှာ လူငယ်တွေဟာ တဖြည်းဖြည်းနဲ့ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးကို စိတ်ပါဝင်စားမှုနည်းပါးလာတာကို တွေ့ရတယ်ဆိုတဲ့အချက်ကို ထောက်ပြခဲ့တယ်။ ဘာကြောင့်လူငယ်တွေ စိတ်ဝင်စားမှု လျော့လဲဆိုတဲ့အချက်ကို စစ်ဆေးကြည့်တဲ့အခါ တိရစ္ဆာန်တွေ၊ အပင်တွေကိုထိန်းသိမ်းစောင့်ရှောက်ဖို့ သုတေသနလုပ်ဖို့အတွက် လွယ်လင့်တကူ ဖမ်းဆီးဖို့အတွက် အသုံးပြုမယ့် ပစ္စည်းတွေက မရှိသလောက်ဖြစ်လာတာ အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့ပစ္စည်းလေးတွေ ထုတ်ပေးရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီပရောဂျက်ကို လုပ်လိုက်တာပါ။ ကျောင်းသူ ကျောင်းသားတွေဟာ သူတို့ရှေ့မှာ လေ့လာစရာ၊ ဖတ်စရာ မရှိဘူးဆိုရင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းဖို့ဆိုတာ ရှိမှာမဟုတ်ဘူး။ ဒီဇီဝမျိုးစုံမျိုးကွဲများ သုတေသနအထောက်အကူပြုပြတိုက်လေး ဖွင့်လိုက်ခြင်းအားဖြင့် သူတို့လေ့လာဖြစ်တဲ့အခါ ကျရင် တော်တော်လေးအကျိုးရှိမယ်ထင်ပါတယ်။ ဒီပြတိုက်ဟာ ကျောင်းသားတွေရဲ့ နားနေခန်းနဲ့ ကျောင်းသားသမဂ္ဂနဲ့လည်း နီးတာဖြစ်တဲ့အတွက် သူတို့လာကြည့်ဖြစ်တဲ့အခါ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းနည်းတွေကို သိသွားပြီးရင် သူတို့အတွက် အကျိုးရှိမယ်။ ကျောင်းသားကျောင်းသူဆိုတာ ကျွန်တော်တို့ရဲ့ အနာဂတ်ဖြစ်တဲ့အတွက် သူတို့လေးတွေမှာ ဇီဝမျိုးစုံမျိုးကွဲတွေ ထိန်းသိမ်းရမယ်ဆိုတဲ့ အသိလေးဝင်လာရင် ကျွန်တော်တို့က ဝမ်းသာနေရမှာပါ" ဟု ပြောကြားသည်။

သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း) နှင့် ဂျပန်နိုင်ငံ ဇီဝမျိုးစုံမျိုးကွဲများ သုတေသနစင်တာမှ ပညာရှင်များ ပူးပေါင်း၍ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် သုတေသနလုပ်ငန်းများ၌ အထောက်အကူဖြစ်စေရန်အတွက် ရုက္ခဗေဒ၊ သတ္တဗေဒနှင့်ဆိုင်သည့် အထောက်အကူပြုပစ္စည်း အမျိုးပေါင်း ၂၀ ကျော်ကို ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် အနာဂတ် ကျောင်းသူကျောင်းသားတွေ ဇီဝဗေဒကိုစိတ်ပါဝင်စားလာစေရန်၊ လေ့လာသင်ယူနိုင်ကြစေရန်အတွက် သုတေသနပြုလုပ်ထားသည့် တိရစ္ဆာန်နှင့် အပင်ဇီဝရုပ်ကြွင်းများနှင့် အထောက်အကူပြုပစ္စည်းများကို ယခုကဲ့သို့ ပြတိုက်ဖွင့်လှစ်ပြသရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် (ရေဆင်း) သည် ဂျပန်နိုင်ငံ ဇီဝမျိုးစုံမျိုးကွဲများ သုတေသနစင်တာအပြင် ကျိုတိုတက္ကသိုလ်၊ ဟိမဝန္တာတောင်တန်းဒေသလက်အောက်ရှိ နိုင်ငံများ (Himalayan University Consor–tium – HUC)၊ ဂျာမနီနိုင်ငံ Univer–sity of Sustainable Development နှင့် ဗီယက်နမ်နိုင်ငံ သစ်တောတက္ကသိုလ်စသည့် ပြင်ပအဖွဲ့အစည်း ခုနစ်ခုဖြင့် ပညာရေးနှင့် သုတေနသန လုပ်ငန်းစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် သဘောတူလက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ – သီဟစည်သူ**



# ယူကရိန်းခရီးသည်လေယာဉ် မှားယွင်းပစ်ချခံလိုက်ရသည့်ကိစ္စတွင် တာဝန်ရှိသူအားလုံးကို အပြစ်ပေးသွားမည်ဟု အီရန်သမ္မတ ပြောကြား

**တီဟီရန် ဇန်နဝါရီ ၁၄**

လွန်ခဲ့သောရက်သတ္တပတ်က ယူကရိန်း ခရီးသည်လေယာဉ် မှားယွင်းပစ်ချခံလိုက်ရသည့်ကိစ္စတွင် တာဝန်ရှိသူအားလုံးကို အပြစ်ပေးသွားမည်ဖြစ်ကြောင်း အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားလိုက်သည်။

ပေါ့ဆ၍ဖြစ်စေ၊ မှားယွင်း၍ဖြစ်စေ လေယာဉ်ပစ်ချခံလိုက်ရသည့်ဖြစ်စဉ်တွင် ပါဝင်သူများအားလုံး တရားရုံးနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ၎င်းက ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားလိုက်သည်။ အပြစ်ပေးခံသင့်သူတိုင်း ပြစ်ဒဏ်ခံရမည်ဟု ရိုဟာနီက ဆက်လက်ပြောကြားသည်။

တရားရေးအာဏာပိုင်များက အထူးအဖွဲ့ကို ဖွဲ့စည်းထားပြီး ယင်းအဖွဲ့တွင် အဆင့်မြင့်တရားသူကြီးများ၊ ကျွမ်းကျင်သူများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အမှုသွား၊ အမှုလာ၊ အမှုစစ်ဆေးမှုများကိုလည်း ကမ္ဘာတစ်ဝန်းက စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယူကရိန်းနိုင်ငံတကာ လေကြောင်းလိုင်းခရီးသည်တင် လေယာဉ်ကြီးသည် ဇန်နဝါရီ ၈ ရက်က တီဟီရန်မှ ပျံတက်ပြီး မကြာမီ ဒုံးကျည်ဖြင့် ပစ်ချခံလိုက်ရကာ လေယာဉ်ပေါ်ပါသူ စုစုပေါင်း ၁၇၆ ဦးလုံး သေဆုံးခဲ့ရသည်။

အဆိုပါကိစ္စတွင် အီရန်လက်ချက်မကင်းဟု အနောက်နိုင်ငံများက စွပ်စွဲပြောကြားခဲ့သော်လည်း အီရန်က ၎င်းတို့၏ လက်ချက်မဟုတ်ကြောင်း အစပထမပိုင်းတွင် ငြင်းဆန်ခဲ့သည်။

အဆိုပါဝမ်းနည်းဖွယ် အရေးနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများကို ပွင့်လင်းမြင်သာမှုရှိစေရန် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ဖိအားများလည်း မြင့်တက်လာခဲ့သည်။

ဇန်နဝါရီ ၁၃ ရက်က လူမှုမီဒီယာပေါ်သို့ တက်လာသည့် ရုပ်သံဖိုင်များတွင် လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး ပြည်သူများ သုံးရက်မြောက်နေ့အဖြစ် လမ်းမပေါ်ထွက်ကာ ဆန္ဒပြဟစ်ကြွေးနေသည်ကို တွေ့မြင်ရကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ယူကရိန်းခရီးသည်တင်လေယာဉ် အပျက်အစီးအပိုင်းအစများကို တွေ့ရစဉ်။

## တော်ဝင်မင်းသား ဟယ်ရီနှင့် ဇနီးတို့အရေး ဗြိတိန်ဘုရင်မကြီးဆုံးဖြတ်



ဗြိတိန်တော်ဝင်မင်းသား ဟယ်ရီနှင့် ဇနီးဖြစ်သူ မီဂန်။

**လန်ဒန် ဇန်နဝါရီ ၁၄**

ဗြိတိန်တော်ဝင်မင်းသားဟယ်ရီနှင့် ဇနီးဖြစ်သူ မီဂန်တို့၏ ရွှေ့ရေးနှင့် ပတ်သက်ပြီး ဆုံးဖြတ်နေချိန်တွင် ၎င်းတို့နှစ်ဦးကို ဗြိတိန်နှင့် ကနေဒါတို့တွင် မျှမျှတတ နေထိုင် ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဗြိတိန်ဘုရင်မကြီး အဲလိစ်ဇဘက်က ယမန်နေ့တွင် ပြောကြားလိုက်သည်။

ဗြိတိန်တော်ဝင်မိသားစု၏ အဆင့်မြင့်နေရာမှ နောက်ဆုတ်လိုကြောင်း မင်းသားဟယ်ရီနှင့် မီဂန်တို့က လွန်ခဲ့သည့် ရက်သတ္တပတ်က ကြေညာခဲ့ပြီး နောက်တွင် တော်ဝင်မိသားစုကြား အဆိုပါအရေးနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

သက်တော် ၉၃ နှစ်ရှိ ဘုရင်မကြီး အဲလိစ်ဇဘက်၊ အိမ်ရှေ့မင်းသားချားလ်စ်၊ သားတော်နှစ်ဦးဖြစ်သည့် မင်းသားဝီလီယံနှင့်ဟယ်ရီတို့သည် ယမန်နေ့က အင်္ဂလန်နိုင်ငံအရှေ့ပိုင်း နော်ဖော့ခ်မြို့တွင်ရှိသည့် ဆန်ဒရင်ဂမ်အိမ်တော်တွင် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ဘုရင်မကြီး အဲလိစ်ဇဘက်က ယခုဆွေးနွေးမှုသည် အကျိုးရှိကြောင်းနှင့် ဟယ်ရီတို့ ဇနီးမောင်နှံတို့၏ ဘဝတစ်ခုတည်ဆောက်လိုသည့် စိတ်ကူးကိုလည်း အပြည့်အဝထောက်ခံကြောင်း ပြောကြားလိုက်သည်။ သို့သော်လည်း သူတို့နှစ်ဦးကို တော်ဝင်မိသားစု၏ တာဝန်များကို အချိန်ပြည့်ထမ်းဆောင်သူ မိသားစုဝင်များအဖြစ် ဆက်ပြီးရှိနေစေချင်ကြောင်းနှင့် သူတို့၏ ဆန္ဒကိုလည်း နားလည်ကြောင်း ဘုရင်မကြီးက ဆက်လက်ပြောကြားခဲ့သည်။

ဟယ်ရီတို့ဇနီးမောင်နှံသည် ၎င်းတို့ထူထောင်မည့် ဘဝသစ်ပေါ်တွင် နိုင်ငံဘဏ္ဍာအပေါ် မမှီခိုဘဲ လွတ်လပ်စွာနေထိုင်သွားမည်ဟုလည်း ပြောကြားထားသည်။ ဟယ်ရီနှင့် မီဂန်တို့သည် ဆွေးနွေးမှုများ လုပ်ဆောင်နေစဉ်တွင် ကနေဒါနှင့် ဗြိတိန်ကြား အချိန်မျှတစွာ နေထိုင်သွားရန် သဘောတူခဲ့ကြောင်း ဘုရင်မကြီး ကဖော်ပြထားသည်။

**ဆင်ဟွာ**

## လစ်ဗျားအတိုက်အခံခေါင်းဆောင် ဟတ်ဖ်တာ ငြိမ်းချမ်းရေးစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းမရှိဘဲ မော်စကိုမှ ထွက်ခွာ

**ထရီပိုလီ ဇန်နဝါရီ ၁၄**

လစ်ဗျား စစ်အာဏာရှင်ခေါင်းဆောင် ခါလီဖာဟတ်ဖ်တာသည် ကိုးလကြာ တိုက်ခိုက်မှုကို ရပ်စဲရန်ရည်ရွယ်သည့် အပစ်ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းမရှိဘဲ မော်စကိုမြို့မှ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အနာဂတ်တွင် အပစ်ရပ်စဲရေးမှာ မသေချာတော့ပေ။ ဇန်နဝါရီလ ၁၄ ရက် နံနက်ပိုင်းတွင် ခါလီဖာဟတ်ဖ်တာသည် မော်စကိုမှ ထွက်ခွာသွားခဲ့သည်။ ရုရှားတို့ကမူ စေ့စပ်ညှိနှိုင်းရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဟု တစိုက်မတ်မတ် ပြောဆိုခဲ့သည်။ ဟတ်ဖ်တာနှင့် ၎င်း၏ မဟာမိတ်များသည် မော်စကိုမြို့သို့ ဇန်နဝါရီ ၁၃ ရက်က ရောက်ရှိခဲ့ပြီး ကုလသမဂ္ဂကို ကျောထောက်နောက်ခံပြုထားသည့် ဖာယက်ဇ်အယ်ဆာရက်ဂျ် ဦးဆောင်သည့် လစ်ဗျားအစိုးရနှင့် ဆွေးနွေးမှုပြုလုပ်ရန် မော်စကိုသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

ဖာယက်ဇ်၏ အစိုးရအဖွဲ့သည် လွန်ခဲ့သည့်နှစ် ဧပြီလမှ စတင်ကာ ဟတ်ဖ်တာ၏ သစ္စာတော်ခံတပ်များ၏ တိုက်ခိုက်ခံနေရခြင်းဖြစ်သည်။ ရုရှားနှင့်တူရကီတို့၏ ကြားဝင်စေ့စပ်မှုဖြင့် နှစ်ဖက်စလုံးသည် အပစ်အခတ်ရပ်စဲရေးသဘောတူခဲ့ကြပြီး ကာလရှည် သဘောတူညီမှုအတွက် မော်စကိုတွင် လက်မှတ်ရေးထိုးရန် စီစဉ်ခဲ့ကြခြင်းဖြစ်သည်။

လစ်ဗျားနိုင်ငံကို ဆုံးရှုံးမှုများစေသည့် စစ်ပွဲများ အဆုံးသတ်တော့မည်ဟု မျှော်လင့်ချက်များ ထွက်ပေါ်ခဲ့သည်။ ၇နာရီကြာ ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ဖာယက်ဇ်ဦးဆောင်သည့်အဖွဲ့က သဘောတူညီမှုတွင် လက်မှတ်ရေးထိုးခဲ့သည်ဟု ရုရှားအာဏာပိုင်များက အေအက်ဖ်ပီသို့ အတည်ပြုပြောကြားခဲ့သည်။ ဟတ်ဖ်တာ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့မှာမူ မော်စကိုမှ ထွက်ခွာသွားခဲ့သည်။

**အေအက်ဖ်ပီ**

## အာရပ်စော်ဘွားများ ပြည်ထောင်စုက ရေနံစိမ်းစည်ပေါင်း ၈ ဒသမ ၁ သန်းကို ဂျပန်နိုင်ငံ၌ သိုလှောင်မည်

**အဘူဒါဘီ ဇန်နဝါရီ ၁၄**

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)သို့ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး ခရီးစဉ်ရောက်ရှိမှုအတွင်း ဂျပန်နိုင်ငံ၏ သဘာဝအရင်းအမြစ်နှင့် စွမ်းအင်အေဂျင်စီနှင့် စွမ်းအင်ပူးပေါင်း ဆောင်ရွက်ရေးသဘောတူညီမှုတစ်ရပ်ကို အာရပ်စော်ဘွားများ ပြည်ထောင်စု၏ အမြင့်ဆုံးရေနံကောင်စီက လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

သုံးနှစ်စာ ရေနံသိုလှောင်ရေး သဘောတူစာချုပ်အရ အဘူဒါဘီ အမျိုးသားရေနံကုမ္ပဏီအနေဖြင့် ရေနံစိမ်းစည်ပေါင်း ၈ ဒသမ ၁ သန်းကျော်ကို ဂျပန်နိုင်ငံရှိ ရေနံသိုလှောင်ရုံများတွင် သိုလှောင်သိမ်းဆည်းနိုင်မည် ဖြစ်ကြောင်း ဒေသတွင်း နေ့စဉ်သတင်းစာတစ်စောင်ဖြစ်သည့် Gulfnews သတင်းစာက ဇန်နဝါရီ ၁၄ ရက်တွင် ဖော်ပြခဲ့သည်။



အဘူဒါဘီ၌ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဇာရက်နှင့် တွေ့ဆုံခဲ့သည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး။

အဆိုပါ သဘောတူစာချုပ်ကို အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီအမျိုးသားရေနံကုမ္ပဏီ စီအီးအို စူလ်တန်အယ်လ်ဂျာဘာနှင့် ဂျပန်စီးပွားရေး၊ စက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာဝန်ကြီး မကီဟာရာယာဟီဒက်ကီတို့ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ အဆိုပါ သဘောတူစာချုပ်အရ အဘူဒါဘီအမျိုးသား ရေနံကုမ္ပဏီသည် ရေနံစိမ်းများကို ဂျပန်ရေနံသိုလှောင်ရုံများတွင် သိုလှောင်သိမ်းဆည်းထားကာ သတ်မှတ်ပမာဏကိုသာ ဖောက်သည်များသို့ ရောင်းချပြီး ဂျပန်နိုင်ငံ၏ ရေနံစိမ်းရှားပါးလာလျှင် ဂျပန်ဈေးကွက်သို့ တိကျသည့် ပမာဏအတိုင်း ပေးအပ်ရန် ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အီရန်ခေါင်းဆောင်ကို ရှုတ်ချသည့် ဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့ လူစုခွဲခဲ့

**တီဟီရန် ဇန်နဝါရီ ၁၄**

အီရန်၌ ယူကရိန်းခရီးသည်တင်လေယာဉ် ပစ်ချခံခဲ့ရမှုနှင့် ပတ်သက်၍ နိုင်ငံ၏ထိပ်တန်းခေါင်းဆောင်ကို ပြစ်တင်ရှုတ်ချသည့် ဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့က လူစုခွဲခဲ့ရကြောင်း သိရသည်။

ယူကရိန်းလေယာဉ်ကို မှားယွင်းပစ်ချခဲ့မိကြောင်း၊ အီရန်စစ်တပ်က ပြီးခဲ့သည့် စနေနေ့တွင်ဝန်ခံခဲ့ပြီးနောက် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီး အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်ခြင်း၊ ပြောင်းတိုသေနတ်များ ပစ်ခတ်ခြင်းတို့ဖြင့် လူစုခွဲခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ သမ္မတထရမ့်က ဆန္ဒပြသူများကို မသတ်ရန် တွစ်တာပေါ်တွင် သတိပေးရေးသားခဲ့ပြီး အီရန်နိုင်ငံတွင် ဖြစ်ပျက်နေသည့် ကိစ္စအပေါ် အမေရိကန်အပါအဝင် တစ်ကမ္ဘာလုံးက စောင့်ကြည့်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင် မီးတောင်ပေါက်ကွဲမှုနဲ့ မီးခိုးပြာတွေရဲ့အန္တရာယ်

• • • • ကလျာမိုးမြင့် • • • •

**ဖိလစ်ပိုင်နိုင်ငံမှာ တားလ်မီးတောင်ထိပ်ဝကနေ ချော်ရည်ပူတွေ စတင်စီးဆင်းလာနေပြီဖြစ်တာကြောင့် ဒေသခံပြည်သူတွေဟာ မီးတောင်နောက်ထပ်ပေါက်ကွဲမှုထပ်ဖြစ်နိုင်တဲ့ အန္တရာယ်ရှိအခြေအနေအတွက် ကြိုတင်ပြင်ဆင်နေရသလို ဒေသအာဏာပိုင်တွေကလည်း သဘာဝဘေးအန္တရာယ်ကျရောက်မှု အရေးပေါ်အခြေအနေ ကြေညာထားပါတယ်။**



မီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသည့် မီးခိုးလုံးကြီးကို တွေ့ရစဉ်။

### လျှပ်စီးတွေလက်

မီးတောင်ကနေ လျှပ်စီးတွေလက်၊ မိုးကြိုးသံတွေ ထွက်ပေါ်နေသလို အနီးအနား ဧရိယာတစ်ဝိုက်မှာလည်း မီးခိုးပြာတွေ ဖုံးလွှမ်းနေပါတယ်။ မီးတောင်ဝကနေ မီးခိုးပြာတွေ မှုတ်ထုတ်ခြင်းနဲ့ချော်ရည်ပူတွေ ပန်းထွက်ခြင်းဟာ ရက်သတ္တပတ်အနည်းငယ်ကြာအောင် ဆက်ဖြစ်နေနိုင်တယ်လို့ အာဏာပိုင်တွေက ဇန်နဝါရီ ၁၄ ရက်မှာ သတိပေးချက် ထုတ်ပြန်လိုက်တာကြောင့် ဒေသခံပြည်သူတွေဟာ နောက်ထပ် အကြီးစားပေါက်ကွဲမှုတွေ ဖြစ်လာမှာကို စိုးရိမ်တဲ့အတွက် နေအိမ်တွေကို စွန့်ခွာထွက်ပြေးလာခဲ့ရပါတယ်။ အခုဆိုရင် ထောင်နဲ့ချီတဲ့ပြည်သူတွေက ဘာဆက်ဖြစ်လာမယ်ဆိုတာကို နားစွင့်နေကြရပါတယ်။

### ဘေးလွတ်ရာ ရှောင်တိမ်း

ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၁ ရက်က တားလ်မီးတောင်ပေါက်ကွဲခဲ့ရာမှာ မီးခိုးလုံးကြီးတွေနဲ့ ပြာမှုန်တွေ ပျံ့လွင့်ခဲ့ပြီး ချော်ရည်ပူတွေ စီးကျလာခဲ့တာကြောင့် မနီလာမြို့တောင်ပိုင်းမှာရှိတဲ့ အဲဒီမီးတောင် အနီးတစ်ဝိုက်မှာ နေထိုင်သူတွေ ဘေးလွတ်ရာဆီ မြန်မြန်ဆန်ဆန် ထွက်ပြေးခဲ့ကြရတာ ဖြစ်ပါတယ်။ အာဏာပိုင်တွေဆီက မီးတောင်ပေါက်ကွဲနိုင်တဲ့အခြေအနေ သတိပေးနှိုးဆော်သံကို ကြားလိုက်ရချိန်မှာ ဒေသခံပြည်သူတွေဟာ ၎င်းတို့ရဲ့ အသက်မွေးလုပ်ငန်းတွေ၊ အိမ်မွေးတိရစ္ဆာန်တွေသာမက ပိုင်ဆိုင်သမျှတွေ အကုန်ထားခဲ့ပြီး ဘေးလွတ်ရာဆီ ရွှေ့ပြောင်းခိုလှုံကြရာက အခုဆိုရင် ဒေသခံပြည်သူ သုံးသောင်းအထိ အကာအကွယ်တွေအောက်ကို ရောက်ရှိနေကြပြီလို့ သိရပါတယ်။

### ကျန်းမာရေးဆိုင်ရာ ထိခိုက်နိုင်မှု

မီးခိုးပြာတွေက ဘယ်လောက်ထိအန္တရာယ် ဖြစ်နိုင်သလဲ၊ ဘာကြောင့် မီးတောင်က မှုတ်ထုတ်လိုက်တဲ့ မီးခိုးထုထဲမှာ လျှပ်စီးတွေ ဖြစ်ပေါ်ရသလဲ၊ ပြီးတော့ ဒီလိုဖြစ်ပေါ်မှုက ဩစတြေးလျမှာဖြစ်နေတဲ့ တောမီးလောင်မှုအပေါ် သက်ရောက်မှု ရှိလာနိုင်သလားဆိုတာက စိတ်ဝင်စားစရာ မေးခွန်းတွေ ဖြစ်လာပြီး ဒီမေးခွန်းတွေကို ကျွမ်းကျင်သူတစ်ဦးဖြစ်တဲ့ ပရော်ဖက်ဆာဒေ့ဗ် ရိုသရီက ဖြေထားပါတယ်။

လျှပ်စီးလက်တာဟာ မီးတောင်ပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာတဲ့ မီးခိုးထုတွေထဲမှာ ပုံမှန်မြင်တွေ့ရတတ်တဲ့ ဖြစ်စဉ်တစ်ခုဖြစ်ပေမယ့် အခုရက်ပိုင်းအတွင်း မီးတောင်ပေါက်ကွဲမှုကို အမိအရ မှတ်တမ်းရယူ ရိုက်ကူးထားတဲ့ ကင်မရာအမြောက်အမြားရဲ့ ကျေးဇူးကြောင့် ဒီကိစ္စကို ပိုပြီး သေသေချာချာနဲ့ အကျွမ်းတဝင်မြင်တွေ့သိရှိခွင့်ရခဲ့ပါတယ်။

မီးတောင်ပေါက်ကွဲမှုတစ်ခု ဖြစ်ပေါ်တဲ့အခါ ကျောက်သားတွေဟာ သေးငယ်တဲ့ အစိတ်အပိုင်းလေးတွေဖြစ်တဲ့အထိ အစိတ်စိတ်အမွှာမွှာကွဲထွက်ကုန်ပြီး ပြာမှုန်လေးတွေ ဖြစ်ကုန်ပါတယ်။ မီးလောင်တဲ့အခါ လောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ပြာမှုန့်မျိုးတော့ မဟုတ်ပါဘူး။ ဒီအမှုန်အမွှားတွေက လျှပ်စစ်ဓာတ်ကို သယ်ဆောင်နိုင်ပြီး အမှုန်တွေ အချင်းချင်းပွတ်တိုက်မိတဲ့အခါ လျှပ်စီးထွက်ပေါ်လာစေပါတယ်။

### မရှူသွင်းမိဖို့လို

မီးတောင်ပေါက်ကွဲမှုကနေ ထွက်ပေါ်လာတဲ့ မီးခိုးပြာတွေဟာ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုအများကြီး ဖြစ်စေတယ်လို့ သိရပါတယ်။ ဒါက နှာခေါင်းနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဓာတ်မတည့်မှုကို ဖြစ်စေနိုင်တာကြောင့် မီးခိုးပြာမှုန်တွေကို မရှူသွင်းမိအောင် သတိပြုရမှာ ဖြစ်ပါတယ်။ ဒီတော့ မီးခိုးပြာတွေ ကျရောက်မှုအောက်မှာ သင်ရောက်ရှိနေပြီဆိုရင် တံခါးတွေ အလုံပိတ်ထားဖို့လိုမှာဖြစ်ပြီး နှာခေါင်းစည်းကိုလည်း တပ်ထားရပါတယ်။ အမှုန်တွေက စူးရှပါးလွှာမှုရှိတာကြောင့် မျက်လုံးတွေထဲကိုလည်း မဝင်စေသင့်ပါဘူး။

မီးခိုးပြာမှုန်တွေဟာ ဖလိုရင်းလိုမျိုး အဆိပ်တွေကို သယ်ဆောင်လာနိုင်ပြီး အိုက်စလန်မှာဆိုရင် မီးတောင်ပေါက်ကွဲမှုတွေကနေ ပေါ်ထွက်လာတဲ့ပြာမှုန်တွေ ပါဝင်နေတဲ့ မြက်ခင်းတွေကို စားမိခဲ့လို့ သိုးတွေသေဆုံးခဲ့ရတဲ့ ဖြစ်ရပ်တွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီလိုကိစ္စမျိုးက လူတွေကို တိုက်ရိုက်ထိခိုက်စေခြင်း မရှိပါဘူး။

မီးခိုးပြာတွေ ကျရောက်မှုကြောင့် ဖြစ်စေနိုင်တဲ့ တခြားပြဿနာတွေထဲမှာ သီးနှံစိုက်ခင်းတွေက အပင်တွေ အရွက်ကွာကျတာ၊ ပြာမှုန်တွေ အိမ်အမိုးပေါ် စုပုံနေပြီး ပထမဆုံးအကြိမ် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်တဲ့အခါ ရွှံ့ရည်၊ ချော်ရည်တွေ ဖြစ်သွားပြီး နေအိမ်ကို ပျက်စီးစေတာတွေ ဖြစ်နိုင်ပါတယ်။ အခုဖြစ်နေတဲ့ တားလ်မီးတောင်ပေါက်ကွဲမှုမှာ ပေါက်ကွဲမှုအတိုင်းအတာဟာ အမြင့် ၁ ကီလိုမီတာ (၃၂၈၁) ပေထက် မကျော်လွန်တဲ့အတွက် မီးခိုးပြာတွေဟာ သိပ်ပြီး ဝေးကွာတဲ့နေရာအထိ မရောက်ရှိခဲ့ပါဘူး။

### မီးတောင်ပေါက်ကွဲမှု အဆင့်သတ်မှတ်ချက်

တကယ်လို့သာ တားလ်မီးတောင်ပေါက်ကွဲမှုဟာအမြင့် ၁၅ ကီလိုမီတာ အထိရောက်ခဲ့မယ်ဆိုရင် အဲဒီအတိုင်းအတာဟာ လေထုအပေါ်လွှာအထိ ရောက်ရှိနိုင်တဲ့ပမာဏ ဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်က မနီလာမြို့ အနောက်မြောက်ဘက်မှာရှိတဲ့ ပီနာတူဘို မီးတောင်ပေါက်ကွဲမှုမှာ မီးတောင်ပေါက်ကွဲမှုအညွှန်းကိန်း (VEI)ကို အဆင့်ခြောက်အဖြစ် သတ်မှတ်ခဲ့ပြီး ပေါက်ကွဲမှုဟာ အမြင့် ၂၄ ကီလိုမီတာအထိ ရောက်ရှိခဲ့ပါတယ်။ တားလ်မီးတောင်က အဲဒီလောက်အဆင့်အထိ နောက်ဆုံးပေါက်ကွဲမှုဖြစ်ခဲ့ဖူးတာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၅၀၀ လောက်က ဖြစ်ပြီး ၁၇၁၆ ခုနှစ်၊ ၁၇၄၉ ခုနှစ်၊ ၁၇၅၄ ခုနှစ်နဲ့ ၁၉၆၅ ခုနှစ်တွေမှာ အဆင့်လေးအထိ ပေါက်ကွဲမှု ဖြစ်ခဲ့ပါတယ်။

### အင်ဂျင်ထိခိုက်နိုင်

ဒီတော့ လတ်တလောဖြစ်သွားတဲ့ တားလ်မီးတောင်ပေါက်ကွဲမှုဟာ အတော်လေးကို သေးငယ်တယ်လို့ ဆိုနိုင်ပါတယ်။ အာဏာပိုင်တွေက မီးတောင်ဝကနေ ၁၅ ကီလိုမီတာအကွာအဝေးမှာ နေထိုင်ကြတဲ့သူတွေကို ကယ်ဆယ်ရွှေ့ပြောင်းမှုဆောင်ရွက်ရမယ့် ဇုန်အဖြစ် ကြေညာခဲ့တာဟာ အမြော်အမြင်ကြီးတဲ့ လုပ်ဆောင်မှုဖြစ်ပြီး လေထဲကလွင့်ပျံ့လာတဲ့ မီးခိုးပြာမှုန်တွေ ဂျက်လေယာဉ်အင်ဂျင်တွေကို ထိခိုက်စေမှာကို စိုးရိမ်တာကြောင့် မနီလာလေဆိပ်ကို ပိတ်ထားခဲ့တာ ဖြစ်ပါတယ်။ မီးတောင်ဟာ ကြီးမားတဲ့ ပေါက်ကွဲမှုထပ်ဖြစ်လာနိုင်သေးတာမှန်ပေမယ့် ဒီလိုဆက်ဖြစ်နိုင်တာက အချိန်ခဏတာလောက်ပဲဖြစ်ပြီး ပြန်လည်ငြိမ်သက်သွားနိုင်တယ်လို့ ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ခဲ့ပါတယ်။

### တိုက်ရိုက်ဆက်နွယ်မှုမရှိ

မီးတောင်တစ်ခု ပေါက်ကွဲမှုဖြစ်ခြင်းကြောင့် အဲဒီနိုင်ငံအနီးက တခြားနိုင်ငံတွေမှာပါ မီးတောင်ပေါက်ကွဲမှုတွေ ဖြစ်စေနိုင်သလား လို့မေးရင် ဒီလိုဖြစ်တာမျိုးတော့ မသိရှိခဲ့ဖူးသေးပါဘူး။ ကမ္ဘာ့မြေလွှာအောက်မှာရှိတဲ့ ကျောက်ရည်ပူတွေ ဖြစ်ပေါ်မှုစနစ်ဟာ တိုက်ရိုက်ဆက်စပ်နေခြင်း မရှိဘူးလို့ ကျွမ်းကျင်သူတွေက ထောက်ပြကြပါတယ်။

တူညီတဲ့တကယ့် အင်အားပြင်းလျှင် လှုပ်မှုတွေကတော့ တစ်ခုနဲ့တစ်ခု အလွန်နီးကပ်နေတဲ့ မီးတောင်တွေကို ပေါက်ကွဲမှုဖြစ်ကောင်း ဖြစ်စေနိုင်တယ်လို့ သိရပါတယ်။ ဖိလစ်ပိုင်၊ ဂျပန်နဲ့ အင်ဒိုနီးရှားနိုင်ငံတွေက တခြားမီးတောင်တွေလိုပဲ တားလ်မီးတောင်ဟာဆိုရင်လည်း ကမ္ဘာ့အပေါ်ဆုံးအလွှာ ဖွဲ့စည်းပုံ ရွှေ့လျားပြောင်းလဲမှုတွေနဲ့ သက်ဆိုင်တဲ့ နောက်ဆက်တွဲအကျိုးဆက်တွေကြောင့် မီးတောင်ပေါက်ကွဲခြင်းဖြစ်ပြီး တားလ်မီးတောင်ဟာ တကယ်တမ်း အကြီးစားပေါက်ကွဲမှုဖြစ်လာပြီး မီးခိုးပြာတွေ အကြီးအကျယ် ထွက်ပေါ်လာဦးမယ်ဆိုရင်တောင် မီးခိုးပြာတွေ ကမ္ဘာ့တောင်ခြမ်းအထိ ရောက်ရှိနိုင်ဖွယ်မရှိတာကြောင့် ဩစတြေးလျ တောမီးလောင်မှုအပေါ် ဘာသက်ရောက်မှုမှ ရှိမှာ မဟုတ်ဘူးလို့ ကျွမ်းကျင်သူတွေက ထောက်ပြခဲ့ပါတယ်။ ။

**ကိုးကား– အေအက်ဖ်ပီ၊ ဘီဘီစီ**

---

## နိုင်ငံတကာသတင်းတိုထွာ

### အီရန်နိုင်ငံတွင် ရေကြီးမှုကြောင့် လူသုံးဦးထက်မနည်း သေဆုံး

**တီဟီရန် ဇန်နဝါရီ ၁၄**

အီရန်နိုင်ငံတောင်ပိုင်းတွင် ရေကြီးမှုကြောင့် လူသုံးဦးထက်မနည်း သေဆုံးခဲ့ပြီး ကျေးရွာပေါင်းရာနှင့်ချီ၍ အဆက်အသွယ်ပြတ်တောက်သွားကြောင်း အစိုးရမီဒီယာများတွင် ဖော်ပြခဲ့သည်။ ယခုအချိန်အထိ လူသုံးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ပရက်စ်တီဗွီတွင် ရေကြီးမှုကြောင့် မြို့ပြသို့သွားရာ လမ်းများပျက်စီးသွားရသည့်အတွက် ပြထားသည်။

ကယ်ဆယ်ရေးအဖွဲ့သည် လှေများ၊ ရဟတ်ယာဉ်များကို အသုံးပြုခဲ့ကြရသည်။ ရေကြီးမှုကို ကျေးရွာပေါင်း ငါးရာခန့် ခံစားရပြီး နေအိမ်များထောင်နှင့်ချီ၍ ပျက်စီးခဲ့ရသည်။ မိသားစုပေါင်း ၂၅၈ စုမှာ အရေးပေါ်ခိုလှုံရေးစခန်းများတွင် နေထိုင်နေရသည်။

စစ္စတန်ဘလူချစ်စတန် ပြည်နယ်တွင် လူပေါင်း ၂၀၀၀၀ ခန့်မှာ ရေကြီးမှုကြောင့် နေအိမ်များဆုံးရှုံးခြင်း သို့မဟုတ် ရေပတ်လည်ဝိုင်းနေသည့် အခြေအနေနှင့် တွေ့ကြုံနေရသည်ဟု ကျန်းမာရေးဝန်ကြီး အလီရီဇာရိုင်စီက ပြောသည်။ အီရန်တော်လှန်ရေးအစောင့်တပ်သည် အစားအစာအထုပ်ပေါင်း ၁၀၀၀ ကို ဖြန့်ဝေပေးခဲ့သည်။ **အေအက်ဖ်ပီ**

### တရုတ်နိုင်ငံအရှေ့ပိုင်း၌ မာဖီးယားပုံစံ ရာဇဝတ်မှုကျူးလွန်သည်ဟု သံသယရှိသူ ၁၇၅၈၅ အထိ ဖမ်းဆီးခဲ့

**ကျီနန် ဇန်နဝါရီ ၁၄**

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုံပြည်နယ်၌ မာဖီးယားပုံစံ ရာဇဝတ်မှုများနှင့် ဆက်နွယ်နေသူ ၁၇၅၈၅ ဦးအထိ ဖမ်းဆီးခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့က ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

ရာဇဝတ်မှုကျူးလွန်ရာတွင် ပါဝင်သူများကို ဖမ်းဆီးသည့် စစ်ဆင်ရေးအတွင်း ယွမ်ငွေ ၂၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံ)ကိုလည်း သိမ်းဆည်းရရှိခဲ့ကြောင်း နိုင်ငံရေးနှင့် ဥပဒေရေးရာ ပြည်နယ်ကော်မရှင်အဖွဲ့ ဒုတိယအကြီးအကဲ လျန်ကျန်ဂျောင်က ပြောကြားခဲ့သည်။

မာဖီးယားဂိုဏ်းအဖွဲ့အစည်း ၁၁၃ ခုတို့မှ ရာဇဝတ်ဂိုဏ်းပေါင်း ၂၂၀၉ ခုကို ဖမ်းဆီးမှုပြုလုပ်ခဲ့ကြောင်း အစိုးရစာရင်းအင်း အချက်အလက်များတွင် ဖော်ပြသည်။

ရှန်တုံပြည်နယ်၌ သဘာဝတွင်းထွက်သယံဇာတများ ပြုန်းတီးစေသည့် တရားမဝင်လုပ်ငန်း ဆောင်ရွက်မှု၊ တက္ကဆီပြေးဆွဲမှုနှင့် ဈေးကွက်ပြိုင်ဆိုင်မှုများကို စည်းကမ်းနှင့်အညီဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်မှုများ အရှိန်မြှင့်ဆောင်ရွက်နေပြီး ပြည်နယ်အတွင်း မာဖီးယားပုံစံ ရာဇဝတ်မှုများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရေဖြူမြို့နယ် ဒေသခံပြည်သူများ တွေ့ဆုံ

**ရေဖြူ ဇန်နဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကံပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ရတနာခန်းမ၌ ယမန်နေ့က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲအခမ်းအနား ကျင်းပသည်။ (ယာပုံ)



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုလိုလာရောက်တွေ့ဆုံခြင်းသည် ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို သိရှိလိုခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများက ဒေသလိုအပ်ချက်များကို အဓိကထားပြီး ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

ကံပေါက်ကျေးရွာ အုပ်စုရှိ ဒေသခံပြည်သူများက ကျေးရွာအတွင်းလမ်း၊ တံတား၊ ရေ၊ မီးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးတင်ပြခဲ့ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများက ပြည်သူများ၏ တင်ပြချက်များအပေါ် ကဏ္ဍအလိုက် ဖြေကြားခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တိုင်းဒေသကြီး အနေအဖြင့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ လုပ်ပေးနိုင်သလောက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နဘုလယ်ဒေသ၊ ပရဒတ်ကျေးရွာနှင့် ရေဖြူမြို့ အောင်သာဝတီခန်းမတို့တွင်လည်း ဒေသခံများနှင့် ထပ်မံတွေ့ဆုံခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ထန်တလန်မြို့ မီးဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ထန်တလန် ဇန်နဝါရီ ၁၄**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွေနှင့် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးတို့ တက်ရောက်၍ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က ထန်တလန်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ပြုလုပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်သုံးလုံး မီးလောင်သည့်နေရာကို သွားရောက်ကြည့်ရှုကြပြီးနောက် မီးဘေးသင့် မိသားစုများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က နှစ်သိမ့်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ မီးဘေးသင့်ပြည်သူများအား ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်တစ်သိန်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ငွေကျပ် ၁၀ သိန်း၊ ပြည်နယ် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက ငွေကျပ် နှစ်သိန်းကို ထောက်ပံ့ပေးအပ်ပြီး မီးဘေးသင့် ပြည်သူများကိုယ်စား ဦးထလာကျုံးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

မြို့နယ် (ပြန်/ဆက်)



# ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ အစည်းအဝေး ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၀) နှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ငန်း ကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၀)ကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က အစည်းအဝေး၌ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၉) ဆုံးဖြတ်ချက်နှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ဆုံးဖြတ်ချက်များကို ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုရယူခဲ့သည်။

ထို့နောက် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၀) တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်၍ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၀) တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ကာ တက်ရောက်လာသူများက ဆွေးနွေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း (တောင်ကြီး)

# မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု သမဝါယမစည်းရုံးလှုံ့ဆော် လှုပ်ရှားမှုပွဲတော် ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၄**

တရုတ်နိုင်ငံမှ မဲခေါင်ဒေသရှိ နိုင်ငံများ၏ လိုအပ်ချက်များနှင့် ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန် ရည်ရွယ်၍ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု သမဝါယမစည်းရုံး လှုံ့ဆော် လှုပ်ရှားမှုပွဲတော်အခမ်းအနားကို လွိုင်ကော်မြို့ ပြည်နယ်သမဝါယမ အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ကယားပြည်နယ် စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက လွိုင်ကော်မြို့နှင့် ဒီးမော့ဆိုမြို့တွင် ၂၀၁၉ ခုနှစ် ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၂၆ ရက်အထိ အဝတ်အိတ်အမျိုးမျိုးချုပ်လုပ်ခြင်းသင်တန်း၊ ပန်းထိုးနည်း သင်တန်း၊ ယိုစုံဖျော်ရည်ပြုလုပ်နည်းသင်တန်း၊ ဆပ်ပြာရည်ပြုလုပ်နည်း သင်တန်း၊ စီးပွားရေးဆိုင်ရာ သင်တန်းနှင့် လူမှုရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ကြောင်း၊ နောင်နှစ်များတွင်လည်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အထောက်အကူပြုသော ဒေသတွင်း လူမှုဘဝကို မြှင့်တင်ပေးနိုင်သည့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့် ဆိုင်သော ယခုလို စီမံကိန်းများကို ပြည်နယ်အတွင်းရှိ ကျန်မြို့နယ်များတွင် ဆက်လက်အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သီရိမေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဒေါ်ခင်ခင်က စီမံကိန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးပြောကြားခြင်းနှင့် ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးလှမြင့်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ သမဝါယမဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုခြင်း၊ လျှပ်တစ်ပြက် လေ့လာမှုစွမ်းရည်ဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုခြင်း၊ လေ့လာမှု အကောင်းဆုံး ဆုချီးမြှင့်ခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့် ဆုများ ပေးအပ်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထွန်းလေး

# ဒေသခံပြည်သူအခြေပြု သစ်တောမီး စီမံထိန်းချုပ်ခြင်းဆိုင်ရာ သင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ဒေသခံပြည်သူအခြေပြု သစ်တောမီး စီမံထိန်းချုပ်ခြင်းဆိုင်ရာပုံမှန်သင်တန်းကို ယမန်နေ့က ဖွင့်လှစ်ခဲ့ရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသည် ဒေသခံပြည်သူအခြေပြု သစ်တောမီးစီမံထိန်းချုပ်ခြင်းကို ပိုမိုသိမြင်နားလည်လာစေရန်၊ သစ်တောမီး စီမံထိန်းချုပ်ခြင်းနှင့် မီးငြိမ်းသတ်ခြင်းဆိုင်ရာ နည်းစနစ်များကို သိရှိနိုင်စေရန်နှင့် သစ်တောပညာရပ်ဆိုင်ရာ ခေတ်မီနည်းပညာများအပေါ် အခြေခံကာ သစ်တောကဏ္ဍမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ပိုမိုအားကောင်း လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းသို့ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ဘူတန်၊ အင်ဒိုနီးရှား၊ လာအို၊ မွန်ဂိုလီးယား၊ တီမောလက်စ်တေ၊ ဗီယက်နမ်၊ ထိုင်း နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ သင်တန်းသားများ တက်ရောက် လျက်ရှိပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက် အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်

# မန်းရေနံမြေ၌ ရေနံပေတိမ် လက်ယက်တွင်း တူးဖော်ထုတ်လုပ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေး

**မင်းဘူး ဇန်နဝါရီ ၁၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံပေတိမ် လက်ယက်တွင်း လုပ်ငန်းရှင်များအား ရေနံတူးဖော်ထုတ်လုပ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးသည့် အခမ်းအနားကို ယမန်နေ့က မင်းဘူးမြို့ မန်းရေနံမြေ လုပ်သား အပန်းဖြေရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က အမှာစကားပြောကြားပြီး လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် (စွမ်းအင်) ဦးဌေးအောင်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ရေနံပေတိမ် လက်ယက်တွင်း တူးဖော်လုပ်ကိုင်ခွင့်ကို ၂၀၀၄–၂၀၀၅ ခုနှစ်မှ စတင် ခွင့်ပြုပေးခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ရေနံ လက်ယက်တွင်းဆိုင်ရာ ဥပဒေပါ စည်းကမ်းချက်များအတိုင်း ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တူးဖော်ခွင့်လိုင်စင်များကို စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းနှင့် တာဝန်ရှိသူတို့က ရေနံ တူးဖော်ရာတွင် စနစ်တကျရှိစေရေးနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး လိုက်နာရမည့် နည်းလမ်းများ၊ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး ဆောင်ရွက်ရမည့် အစီအမံများ၊ ပေါက်မြို့နယ် သရက်ကန် ရေနံမှော်နှင့် မင်းလှမြို့နယ် ထန်းကိုင်းရေနံမှော်ရှိ ရေနံပေတိမ် လက်ယက်တွင်း တူးဖော်နေမှုကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် လုပ်ငန်းရှင်များကို မန်းရေနံမြေ GEFCO(1)



ရေနံပေတိမ်တူးဖော်ခြင်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းကို လုပ်ငန်းရှင်များအား အသိပညာပေး ဆွေးနွေးစဉ်။

ပေတိမ် တွင်းတူးစက်ဖြင့် ရေနံတွင်းတူးရာတွင် လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လက်တွေ့ရှင်းလင်း သရုပ်ပြပေးခဲ့ပြီး သိလိုသည်များကို တာဝန်ရှိသူများက ပြန်လည် ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

ကျော်စိုးဝင်း(မင်းဘူး)

# ပေါင်းတည်မြို့နယ်၌ လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ပြီး တံတားလေးစင်း တည်ဆောက်

**ပေါင်းတည် ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် သဖန်းပင်ဆိပ်ကျေးရွာရှိ ဧက ၁၀၀ စံပြကွက်မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိစေရန် ရည်ရွယ်လျက် ကျေးလက်ကုန်ထုတ်လမ်းကို ပေါင်းတည်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောက်လုပ်ပေးလျက်ရှိပြီး ယင်းကုန်ထုတ်လမ်းပေါ်တွင် လိုအပ်သော တံတားလေးစင်းကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းသည် အရှည် ပေ ၁၀၃၀၀၊ အကျယ် ၁၂ ပေရှိပြီး မြေနီ၊ ကျောက်စရစ်ခင်း လမ်းအမျိုးအစားဖြစ်ကြောင်း၊ လမ်းပေါ်၌ အရှည် ၁၈ ပေ၊ အကျယ် လေးပေ ကိုးလက်မရှိသည့် တံတားလေးစင်းကိုလည်း တည်ဆောက်နေကြောင်း၊ လုပ်ငန်းများကို တင်ဒါအောင်မြင်သော အောင်ခေတ်သစ် ကုမ္ပဏီက တာဝန်ယူ၍ မူလခွင့်ပြုရန်ပုံငွေ ကျပ် ၆၅ ဒသမ ၄၅ သန်းဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်အတွင်းက စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းက ပြောသည်။

အဆိုပါ ကုန်ထုတ်လမ်းနှင့် တံတားလေးစင်း တည်ဆောက်နေမှုကို ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထိုက်ဦး၊ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကာ ကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးအတွက် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ သဖန်းပင်ဆိပ်ကျေးရွာ ကုန်ထုတ်လမ်းနှင့် တံတားလေးစင်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ ဧက ၁၀၀ စံပြကွက်မှ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီရောက်ရှိစေမည်ဖြစ်သကဲ့သို့ အိမ်ခြေ ၂၅ အိမ်မှ လူဦးရေ ၁၁၀၀ ကျော်ကိုလည်း အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းသူ



ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်မှုကို ခရိုင်ဦးစီးမှူးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။

# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းအတွက် အလှူငွေပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၁၄**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ် (ရန်ကုန်)၌ မတ် ၂၂ ရက်တွင် ကျင်းပမည့် သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများ အသင်း၏ စတုတ္ထအကြိမ်မြောက် ဆရာကန်တော့ပွဲ၊ အသက် ၈၀ နှင့် အထက် သက်ကြီးအသင်းသားများ ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲအတွက် ဦးအောင်လင်း-ဒေါ်ခင်သန်းနွဲ့ (ဆရာခို ခေဓံခ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က အလှူငွေကျပ်သုံးသိန်းနှင့် ဆရာခို ခေဓံခ တိုင်းရင်းဆေးဝါးများ တန်ဖိုးကျပ်နှစ်သိန်းနှင့် ဦးတင်အောင် (ယခင် အထွေထွေစီမံခန့်ခွဲရေးမှူး၊ ဂါးဒီးယန်းသတင်းစာ) - ဒေါ်စန်းစန်းအေးတို့က ငွေကျပ်တစ်သိန်းတို့ကို



ဇန်နဝါရီ ၁၂ ရက်က ၎င်းတို့၏ နေအိမ်များတွင် လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံယူခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# ဖားကန့်မြို့၌ ကလေးစာပေပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိ

**ဖားကန့် ဇန်နဝါရီ ၁၄**

ကချင်ပြည်နယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြို့နယ်အဆင့် ကလေးစာပေပွဲတော်ကို ဖားကန့်မြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ နှစ်ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ပူးပေါင်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါပွဲတော်တွင် ကဗျာရွတ်၊ ပုံပြင်ပြော၊ ကျပန်း၊ ပန်းချီ၊ ဆေးရောင်ခြယ်၊ စက္ကူခေါက်၊ အရုပ်ဆက်/စကားပုံဆက် ပြိုင်ပွဲများအပြင် ကလေးစာဖတ်ခန်း၊ ပညာရေးပြခန်း၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပြခန်း၊ မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာပြခန်း၊ ကချင်/ရှမ်းနှင့် ရှမ်းနီတိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုပြခန်းများ၊ ပွဲတော်လာရောက်သည့် ကလေးငယ်များ ပျော်ရွှင်စွာဆော့ကစားယှဉ်ပြိုင်နိုင်ရန် သုံးချောင်းထောက်၊ ပူဖောင်းဖောက် မုန့်စား၊ ခါးကွင်းလှည့် စသည့် ဂိမ်းပြိုင်ပွဲများနှင့် ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအကအလှများ ပါဝင်မည် ဖြစ်သည်။

ဖားကန့်မြို့၌ ကျင်းပမည့် ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် စာအုပ်တိုက်များမှ လာရောက်ရောင်းချပေးမည့် စာအုပ်အရောင်းဆိုင်များ၊ မြို့နယ် စာရေးဆရာအသင်းမှ ထုတ်ဝေသည့် စာအုပ်များအပြင် ကလေးငယ်များ အသိပညာ ခွန်အားတိုးစေရေး စာရေးဆရာများ၏ စာပေဟောပြောပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**ကျိုက်လတ် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ထင်းကွင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ နိုင်ငံတော်မှ ခွင့်ပြုငွေဖြင့် ဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ရန်ကုန်မြို့မှ အလှူရှင် ဦးပိုက်တင် မိသားစုက ဆောက်လုပ်လှူဒါန်းသော လှိုင်မေတ္တာ ခန်းမဆောင်နှင့် စာကြည့်တိုက် အဆောက်အအုံများ ဖွင့်ပွဲကို ဇန်နဝါရီလ ဒုတိယပတ်က ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်လတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ အလှူရှင်မိသားစုနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ် လှိုင်မေတ္တာခန်းမဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၉၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၇၀ | ကျပ် | ၉၈၀/၉၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၈၀ | ကျပ် | ၉၉၀/၁၀၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၉၅ | ကျပ် | ၉၂၅/၉၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၈၀ | ကျပ် | ၁၀၃၀/၁၀၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၈၂ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၅၀ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၉ . ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၂၂ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၈ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၁ . ၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၅ . ၂၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၉၁၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၃ . ၉၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၉၄၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၂၁၄၈ | ၂၄၇၈၈၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၁၂၁၉၈ | ၄၆၉၆၂၃၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၄၂ | ၃၃၆၇၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၉၅၅ | ၂၁၄၈၇၅၀၀ |
| TMH | ၂၉၀၀ | ၂၇၀၀ | ၁၃၈၆ | ၃၈၅၂၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီသည် တိုင်ကြားစာနှင့်အသနားခံစာများကို လေ့လာစိစစ်ပြီး ပြည်သူများ၏ အခွင့်အရေးနစ်နာမှုမရှိစေရန် အလေးထားဆောင်ရွက်ရေး၊ တိုင်ကြားစာများနှင့် အသနားခံစာများကို လက်ခံရရှိကြောင်းနှင့် မည်သို့ဆောင်ရွက်ထားရှိကြောင်းကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပေးပို့သူထံအကြောင်းပြန်ကြားရေး၊ ပြည်သူ့အကျိုးစီးပွားထိခိုက်နေသော ကိစ္စရပ်များဖြစ်သည်ကို လေ့လာတွေ့ရှိပါက လွှတ်တော်သို့ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် –*

*(စာတည်းအဖွဲ့)*

# တိုင်ကြားလာတဲ့ တိုင်ကြားစာတွေကို လေ့လာစိစစ်ပြီး ပြည်သူတွေ နစ်နာမှုရှိလာရင် ဖြေရှင်းပေးရတာဖြစ်ပါတယ်

**ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်**

*တွေ့ဆုံမေးမြန်း – နန္ဒာဝင်း*

**ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ ၊ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။**

ကော်မတီသည် တိုင်ကြားစာနှင့်အသနားခံစာများကို လေ့လာစိစစ်ပြီး ပြည်သူများ၏ အခွင့်အရေးနစ်နာမှုမရှိစေရန် အလေးထားဆောင်ရွက်ရသည်။ တိုင်ကြားစာများနှင့် အသနားခံစာများကို လက်ခံရရှိကြောင်းနှင့် မည်သို့ဆောင်ရွက်ထားရှိကြောင်းကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပေးပို့သူထံ အကြောင်းပြန်ကြားရသည်။

ထို့ပြင် တိုင်ကြားစာနှင့် အသနားခံစာပေးပို့သူများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်း အကြောင်းပြန်ကြားနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ထံမှ ဖြေရှင်းဆောင်ရွက်ပြီး စိစစ်မှုအခြေအနေကို ပြည်သူ့လွှတ်တော်သို့ အကြောင်းကြားလာပါက ပေးပို့သူများထံ အကြောင်းပြန်ကြားရသည်။ တိုင်ကြားစာပါ ကိစ္စရပ်များသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ကော်မတီ၏ သဘောတူညီချက်နှင့် တိုင်ကြားစာပါ ကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ မှတ်တမ်းတင်သိမ်းဆည်းထားနိုင်ပြီး တိုင်ကြားစာပေးပို့သူထံသို့လည်း ရှင်းလင်းအကြောင်းပြန်ကြားရသည်။

ထို့အတူ ပြည်သူလူထုအား တရားမျှတစွာ အကာအကွယ်ပေးသည့် အုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်မည့် အစိုးရတစ်ရပ် ဖြစ်ပေါ်စေရေးအတွက် လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့အသိပေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ရသည်။



ဦးမြင့်လွင် (ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ)



ဦးစောသလေးစော (ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီအတွင်းရေးမှူး)

တိုင်ကြားစာနှင့် အသနားခံစာပါ အကြောင်းအရာများသည် အများပြည်သူဆိုင်ရာ တောင်းဆိုချက်များဖြစ်ပါက လွှတ်တော်ဝက်ဘ်ဆိုက်တွင် လွှင့်တင်ဖော်ပြနိုင်ရန် ကော်မတီက ဆောင်ရွက်ရသည်။ ထို့ပြင် ပါတီများနှင့် သက်ဆိုင်သော တိုင်ကြားစာဖြစ်ပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် သက်ဆိုင်ရာ ပါတီသို့လည်းကောင်း၊ လွှတ်တော်၏ရေးရာ ကော်မတီတစ်ခုခုနှင့် တိုက်ရိုက်သက်ဆိုင်သော ကိစ္စရပ်များဖြစ်ပါက လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာရေးရာ ကော်မတီသို့လည်းကောင်း လွှဲပြောင်းပေးရသည်။ ပြည်သူများက ပေးပို့လာသည့် တိုင်ကြားစာများ၊ အသနားခံစာများကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရသည်။

ပြည်သူ့အကျိုးစီးပွား ထိခိုက်နေသော ကိစ္စရပ်များဖြစ်သည်ကို လေ့လာတွေ့ရှိပါက လွှတ်တော်သို့ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတို့ကို ကော်မတီကဆောင်ရွက်လျက်ရှိရာ ကော်မတီလုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဦးမြင့်လွင်**
**ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ**
**(ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

ကျွန်တော်တို့ တိုင်ကြားစာနှင့် အသနားခံစာကော်မတီကို အဖွဲ့ဝင် ၁၆ ဦးနဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ပြည်သူတွေရဲ့ အကျိုးစီးပွားတွေ၊ အခွင့်အရေးတွေ နစ်နာဆုံးရှုံးမှု မရှိစေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ကော်မတီကို တိုင်ကြားလာတဲ့ တိုင်ကြားစာတွေကို လေ့လာစိစစ်ပြီး ပြည်သူတွေနစ်နာမှုရှိလာရင် ဖြေရှင်းပေးရတာဖြစ်ပါတယ်။ တိုင်ကြားစာတစ်စောင်ကို ပြည်သူဆီက လက်ခံရရှိတယ်ဆိုရင် လက်ခံရရှိတဲ့နေ့ကစပြီး ခုနစ်ရက်အတွင်းမှာ ဒီတိုင်ကြားစာအပေါ်မှာ ဖြေရှင်းပေးနိုင်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ကော်မရှင် စတဲ့အဖွဲ့အစည်းတွေကို ရွေးချယ်ရပါတယ်။ အဲဒီလိုရွေးချယ်ပြီးတော့မှ ပြည်သူကို တိုင်ကြားစာရရှိတယ်၊ ဘယ်ဝန်ကြီးဌာနနဲ့တော့ သက်ဆိုင်ပါတယ်ဆိုပြီး အကြောင်းကြားစာကို ပို့ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ကော်မတီရဲ့ လုပ်ပိုင်ခွင့်အရ သက်ဆိုင်တဲ့ဝန်ကြီးဌာနကို ဖြေရှင်းပေးဖို့၊ ဒီတိုင်စာကို ရက်သတ္တပတ်ခြောက်ပတ်၊ အချိန်တစ်လခွဲအတွင်းမှာ အစီရင်ခံစာ ပြန်လည်တင်သွင်းပေးဖို့ အကြောင်းကြားစာကို ပို့လိုက်ပါတယ်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ဝန်ကြီးဌာန စသည်ဖြင့် ပို့လိုက်တဲ့အခါ သူတို့ဆီက စာတွေပြန်ဝင်လာတယ်။ ကျွန်တော်တို့က ဘယ်လိုဖြေရှင်းဆောင်ရွက်ထားတယ်ဆိုတာ စာပြန်ပို့ပေးပါတယ်။ တစ်ခါတလေလည်း တိုင်ကြားစာတွေက အချက်အလက်မမှန်ကန်တာ၊ မပြည့်စုံတာ၊ လိပ်စာမမှန်ကန်တာတွေ တွေ့ရှိရတယ်။ အဲဒီလိုတွေဆိုရင်တော့ တိုင်စာကို ဘယ်မှ မပို့တော့ဘဲ မှတ်တမ်းအနေနဲ့ ထားပါတယ်။

ပါတီတွေနဲ့ပတ်သက်တဲ့ တိုင်စာဆိုရင် ရွေးကောက်ပွဲကော်မရှင်ရုံးကို ပို့ပေးတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပတ်သက်တဲ့ တိုင်စာဆိုရင် ကိုယ်စားလှယ်တွေကို စီမံခန့်ခွဲတဲ့ လွှတ်တော်ရုံးတွေကို ပို့ရတယ်။ အချို့ တိုင်ကြားစာတွေက နည်းပညာအသုံးအနှုန်းတွေ ဥပမာ အင်ဂျင်နီယာဘာသာရပ်၊ မြေယာတိုင်းတာမှုဘာသာရပ်လို စသည်ဖြင့် ကျွန်တော်တို့ကိုယ်တိုင် မကျွမ်းကျင်တဲ့ ဘာသာရပ်တွေဆိုရင် သက်ဆိုင်ရာပညာရှင်ကို ဖိတ်ကြားပြီး ဆွေးနွေးရတာတွေလည်း ရှိပါတယ်။

တိုင်ကြားစာပို့ထားတဲ့ ဝန်ကြီးဌာနတွေက ဖြေကြားလာတာကို မရှင်းလင်းတာ၊ ကျန်နေတာတွေရှိရင် ခေါ်ယူကြားနာဖို့အတွက် လုပ်ပိုင်ခွင့်ပေးထားပါတယ်။ အခုအထိတော့ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ သိမ်းဆည်းခံ လယ်ယာမြေနှင့် အခြားမြေများ စိစစ်ရေးကော်မတီတို့ကို ကျွန်တော်တို့ ခေါ်ယူဆွေးနွေး ညှိနှိုင်းခဲ့ပါတယ်။

တိုင်ကြားစာတွေထဲမှာ အများဆုံးကတော့ သိမ်းဆည်းခံလယ်ယာမြေကိစ္စဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန တရားစီရင်ရေးစတဲ့ နေရာတွေအပေါ် တိုင်ကြားလာတာလည်း များပါတယ်။

*စာမျက်နှာ ၁၉ သို့*



ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဝင်များနှင့် စက်မှုဝန်ကြီးဌာနတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြစဉ်။

**“ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ အရ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးစတဲ့ အာဏာသုံးရပ်မှာ ကျွန်တော်တို့က အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကို စောင့်ကြည့် ထိန်းကျောင်းနေတာ ဖြစ်ပါတယ်။ နေ့စဉ်နဲ့အမျှ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ဘယ်လိုကာကွယ်မယ်၊ ဘယ်လိုဖြေရှင်းပေးမယ် စသည်ဖြင့်ပြည်သူတွေ နစ်နာနေတဲ့ကိစ္စတွေကို အကောင်းဆုံးဖြေရှင်း ဆောင်ရွက်ပေးနေပါတယ်”**



ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီရုံး၌ မြန်မာမဟာထွန်းကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးခဲ့စဉ်။



ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဝင်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြစဉ်။



ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ အပတ်စဉ်လုပ်ငန်းညှိနှိုင်းမှုပြုလုပ်စဉ်။

*စာမျက်နှာ ၁၈ မှ*

ဒီနေ့အထိဆိုရင် တိုင်ကြားစာပေါင်း ၁၈၀၀ ကျော် ရရှိနေပါတယ်။ ဌာနဆိုင်ရာကို ပြန်ပို့ပေးတာ ၁၅၅၁ စောင် ရှိပါတယ်။ အကြောင်းပြန်ကြားလာတာ ၉၀၀ ကျော်ရှိသွားပါပြီ။

ကျွန်တော်တို့အလုပ်က အစိုးရရဲ့စီမံခန့်ခွဲမှုလွဲနေတာ၊ ပြည်သူနစ်နာတာကို ဖြေရှင်းပေးဖို့ တာဝန်ရှိပါတယ်။ အချို့ကိစ္စတွေကျတော့ ဥပမာ- အိမ်ငှားက မဆင်းပေးတာ၊ ခြံထဲကျူးကျော်တာ၊ အကြွေးမရတာ အမွေပြဿနာတွေကို တိုင်ကြားလာရင် ဒီကိစ္စသည် တရားမ ရှေ့နေငှားပြီး တရားမကြောင်းအရ ရင်ဆိုင်ဖြေရှင်းရမှာဖြစ်ပါတယ်လို့ အကြောင်းပြန်ပေး လိုက်ပါတယ်။ အဲဒီလိုမျိုး တိုင်ကြားစာပေါင်း ၉၃ စောင်ရှိပါတယ်။ လိပ်စာမပြည့်စုံလို့ အကြောင်းမပြန်ဖြစ်တာ ၁၂၆ စောင်ရှိပါတယ်။

ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ အရ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးစတဲ့ အာဏာသုံးရပ်မှာ ကျွန်တော်တို့က အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးကို စောင့်ကြည့်ထိန်းကျောင်းနေတာ ဖြစ်ပါတယ်။ နေ့စဉ်နဲ့အမျှ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ဘယ်လိုကာကွယ်မယ်၊ ဘယ်လို ဖြေရှင်းပေးမယ် စသည်ဖြင့် ပြည်သူတွေ နစ်နာနေတဲ့ကိစ္စတွေကို အကောင်းဆုံးဖြေရှင်း ဆောင်ရွက်ပေးနေပါတယ်လို့ ပြောချင်ပါတယ်။

**ဦးစောသလေးစော**
**ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ အတွင်းရေးမှူး**
**(ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)**

ကျွန်တော်တို့ကော်မတီကို ၂၀၁၉ ခုနှစ်မှာမှ စတင်ဖွဲ့စည်းပါတယ်။ လိုအပ်ချက်အရ အခုနောက်ပိုင်းမှ ထပ်ပြီးဖွဲ့စည်းတယ်။ ပြည်သူတွေအနေနဲ့လည်း တိုင်ကြားမှုယန္တရားကို ထိထိရောက်ရောက်အသုံးချနိုင်ဖို့ ဒီကော်မတီကို ဖွဲ့စည်းရတာဖြစ်ပါတယ်။ တိုင်ကြားစာကိစ္စကို အခြားနိုင်ငံတွေမှာဆိုရင် Ombudsman လို့ ခေါ်တဲ့ ကော်မရှင်အနေနဲ့ ဝန်ကြီးဌာနအသီးသီးနဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေကို ပြည်သူတွေက တိုင်ကြားလာရင် အဲဒါတွေကို ဖြေရှင်းဆောင်ရွက်ပေးတယ်။ National Level အမျိုးသားအဆင့်အနေနဲ့ ဆောင်ရွက်ပါတယ်။

လက်ရှိ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် တိုင်ကြားစာကော်မတီအနေနဲ့ ဥပဒေပြုရေးမဏ္ဍိုင်ရဲ့အစိတ်အပိုင်း ကော်မတီတစ်ရပ်အနေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ သဘောသဘာဝချင်းတော့ မတူဘူး။ လုပ်ကိုင်ဆောင်ရွက်တာတော့ Ombudsman ပုံစံမျိုး ဆန်ဆန် ဆောင်ရွက်နေတာဖြစ်ပါတယ်။

သို့သော်လည်း ဥပဒေပြုရေးမဏ္ဍိုင်က တိုင်ကြားစာတွေကို ဖြေရှင်းဆောင်ရွက်နေတဲ့ ကော်မတီဖြစ်တဲ့အတွက် ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာရသလို လွှတ်တော်ရဲ့ဥပဒေ၊ နည်းဥပဒေကိုလည်း လိုက်နာရတယ်။ အာဏာသုံးရပ်က သီးခြားစီရပ်တည်တယ်လို့ ပြောလို့ရသလို တစ်ဖက်မှာလည်း အာဏာသုံးရပ်က အပြန်အလှန် ထိန်းကျောင်းတယ်လို့ ပြောတယ်။ အပြန်အလှန် ထိန်းကျောင်းရေးအတွက် တိုင်ကြားစာရရှိလာရင် သက်ဆိုင်တဲ့ ဝန်ကြီးဌာနကို အကြောင်းကြားစာပို့တယ်။ ကော်မတီအတွင်းမှာ ဆွေးနွေးတယ်။ လိုအပ်ရင် ဝန်ကြီးဌာနတွေကို ခေါ်ယူဆွေးနွေးတယ်။ များသောအားဖြင့် တိုင်ကြားစာတိုင်လာတယ်၊ အကြောင်းပြန်လာတယ်၊ အဲဒီအပေါ်မှာ မကျေလည်တဲ့ ကိစ္စရပ်တွေကို လွှတ်တော်အတွင်းမှာ တွေ့ဆုံမေးမြန်းခေါ်ယူ ဆွေးနွေးတာတွေလည်း ဆောင်ရွက်ရပါတယ်။



ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဝင်များ။

မြန်မာနိုင်ငံအနေနဲ့ တိုင်ကြားစာဆိုရင် စိတ်ထဲကတစ်မျိုးဖြစ်ကြတယ်။ လူတစ်ဦးတစ်ယောက်ကို ဒုက္ခပေးလိုတဲ့ဆန္ဒနဲ့ တိုင်ကြားတယ်လို့ ထင်မြင်ကြတယ်။ ကျွန်တော်တို့ အခြားနိုင်ငံတကာ အဖွဲ့အစည်းတွေက ကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ တက်တဲ့အခါမှာ တိုင်ကြားစာနဲ့ ပတ်သက်လို့ အတွေ့အကြုံတွေရလာတယ်။ တိုင်ကြားစာအပေါ်ထားရမယ့်သဘောထား၊ ခံယူချက်တွေကို သိလာတယ်။ အထူးသဖြင့် နယူးဇီလန်နိုင်ငံမှာရှိတဲ့ တိုင်ကြားမှုကော်မတီဆိုရင် ဒီလို တိုင်ကြားမှုတွေကို တိုင်းတာရတဲ့ အညွှန်းကိန်းတစ်ခုအနေနဲ့ခံယူတယ်။ ဥပမာ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ တိုင်စာတွေ များနေပြီဆိုရင် အချက်အလက်အပေါ်မှာ အခြေခံပြီး ဘယ်နေရာမှာ ဘယ်လိုပြုပြင်သင့်တယ်ဆိုတာ အစိုးရက ဆုံးဖြတ် တယ်။

ဘယ်လိုကိစ္စမျိုးတွေမှာ တိုင်ကြားမှုများသလဲ၊ ဘယ်လိုကိစ္စမျိုးတွေက ဖြေရှင်းဖို့လိုအပ်နေတယ်ဆိုတာ အစိုးရကသိရှိနိုင်တယ်။ တစ်နည်းအားဖြင့် ပြောရရင် ဒီတိုင်ကြားစာတွေဟာ တိုင်းပြည်တစ်ခုအတွက် တကယ်အသုံးကျတဲ့ သတင်းအချက်အလက်တွေဖြစ်တယ်။ ဒီအပေါ်မှာ အခြေခံပြီး တိုင်းပြည်က ဆောင်ရွက်နေတဲ့ကိစ္စရပ်တွေရဲ့ အားနည်းချက်၊ အားသာချက်တွေကို ဆုံးဖြတ်လို့ရတယ်။ သေချာအသုံးပြုမယ်ဆိုရင် အထောက်အကူဖြစ်စေပါတယ်။ တိုင်ကြားစာနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ ခံယူချက်တွေလည်း ပြောင်းလဲဖို့ လိုပါတယ်။

နောက်တစ်ချက်က ဒီနေ့အထိ ကျွန်တော်တို့ လက်ခံရရှိတဲ့ တိုင်ကြားစာပေါင်းက ၁၈၀၀ ကျော်လာပြီ။ ဒီအပေါ်မှာ စီမံခန့်ခွဲရတဲ့ အခက်အခဲတွေလည်း ရှိလာတယ်။ အချက်အလက်တွေ၊ ဝန်ကြီးဌာနအလိုက် ခွဲရတာ၊ ပြဿနာအလိုက်ခွဲရတာတွေ အမျိုးမျိုးရှိပါတယ်။ ကျွန်တော်တို့တာဝန်က ပြည်သူဆီက တိုင်ကြားစာရောက်ရှိလာပြီဆိုရင် ခုနစ်ရက်အတွင်း ပြည်သူဆီကို ပြန်ကြားပေးရတယ်။ ဝန်ကြီးဌာနတွေကို ပြန်ပို့ပေးတယ်။ ရက်သတ္တပတ်ခြောက်ပတ်အတွင်း အကြောင်းပြန်တယ်။ စာအဝင်၊ စာအထွက်၊ ပြဿနာတွေအလိုက်၊ ဝန်ကြီးဌာနအလိုက် ပြန်ခွဲတဲ့အခါ အခက်အခဲတွေရှိလာတယ်။

အဲဒီအတွက် ICT အကူအညီနဲ့ စီမံခန့်ခွဲဖို့၊ ရှေ့ဆက်လက်လုပ်ဆောင်ဖို့ကိုလည်း ဆောင်ရွက်နေတယ်။ လွှတ်တော်အတွင်းမှာလည်း UNDP က အိုင်တီနဲ့ ပတ်သက်လို့ ကော်မတီဝန်ထမ်းတွေကို သင်တန်းပေးနေတာတွေလည်း ရှိပါတယ်။ ကွန်ပျူတာ၊ နည်းပညာနဲ့ ပတ်သက်ပြီး ကူညီပေးနေတာတွေလည်း ရှိပါတယ်။ ဒီလိုလုပ်ဆောင်နိုင်လာပြီဆိုရင် ကျွန်တော်တို့က နည်းပညာကို အသုံးပြုပြီး Graphic တွေနဲ့ ပြလို့ရမယ်၊ Pie chart တွေနဲ့ ပြလို့ရလာမယ်ဆိုရင် တိုင်ကြားစာ အခြေအနေကို ခန့်မှန်းပြီး တိုင်းပြည်ရဲ့မူဝါဒတွေ ချမှတ်လာနိုင်မှာဖြစ်ပါတယ်။ ။

# ကလေးစာပေပွဲတော်(မြန်အောင်) ဒုတိယနေ့ ဆက်လက်ကျင်းပ

**မြန်အောင် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အထက(၂)ကျောင်း၌ ကလေးစာပေပွဲတော်(မြန်အောင်)ကို ကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်းကစ၍ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများနှင့် လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားခဲ့သည်။

ကလေးစာပေပွဲတော်(မြန်အောင်)ကို လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများက လူဝင်အရုပ်များတွင် အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်း၊ 3D ဗီနိုင်းများဖြင့် ဓာတ်ပုံရိုက်ခြင်း၊ ပြပွဲ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများ ပြခန်းတွင် ဧရာဝတီနွယ်ဖွား နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်သည့် နိုင်ငံတော်သမ္မတကြီးများ၏ ဓာတ်ပုံများ ၊ နိုင်ငံရေး၊ စာပေ၊ အနုပညာ ဂီတနယ်ပယ်အသီးသီးတွင် ကျော်ကြားထင်ရှားသည့် ဧရာဝတီတိုင်းသားများ၏ ဓာတ်ပုံများကို ချိတ်ဆွဲပြသထားရာ လာရောက် လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

"ကျွန်မတို့က သပြေကုန်းကျေးရွာက လာတာပါ။ မြန်အောင်မြို့မှာ ကလေးစာပေပွဲတော်ကျင်းပနေတယ်ဆိုလို့ လာရောက် လေ့လာတာပါ။ ရွာကျောင်းက ကလေးတွေကိုခေါ်လာပြီး ပြိုင်ပွဲတွေမှာ ဝင်ပြိုင်စေပါတယ်။ ဌာနဆိုင်ရာ ပြခန်းတွေကို ကြည့်ရှုလေ့လာရတဲ့ အတွက် သူတို့လည်း ပျော်ရွှင်ကြပါတယ်။ ကလေးစာပေပွဲတော်မှာ ရောင်းချပေးတဲ့စာအုပ်တွေလည်း ပြန်ရင်ဝယ်သွားမှာပါ" ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမာက ပြောသည်။

**ကိုဇော်( ပြန်/ဆက်)**
**ဓာတ်ပုံ - ဝင်းမိုလ်**



ကလေးစာပေပွဲတော် (မြန်အောင်)သို့ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားနေစဉ်။

# အကယ်ဒမီ ဝတ်မှုံရွှေရည်က “စုဖုရားလတ်”ဇာတ်လမ်းတွဲတွင် စုဖုရားလတ်အဖြစ် သရုပ်ဆောင်သွားမည်



စာရေးဆရာ ဝင်းငြိမ်း၏ နန်းကျဘုရင် ဝတ္ထုကို အသက်သွင်း ရိုက်ကူးသွားမည့် စုဖုရားလတ် ဇာတ်လမ်းတွဲထဲတွင် အဓိကဇာတ်ကောင် စုဖုရားလတ်အဖြစ် ဝတ်မှုံရွှေရည်က ပါဝင် သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“ကစ်ကစ် အနေနဲ့ ၂၀၂၀ မှာ ကားတွေအများကြီး စီစဉ်ထားတာရှိတော့ ရိုက်ဖြစ်ရင်၊ ရိုက်ဖို့နီးရင်၊ သေချာရင် ပြန်ပြောပေးပါ့မယ်။ ဇာတ်လမ်းတွဲဆိုတော့ တာဝန်ကြီးတယ်လို့ ပြောရမယ်၊ စုဖုရားလတ်နေရာကဆိုတော့ ပိုပြီး တာဝန်ကြီးပါတယ်။ သေသေချာချာလေးကို ပြင်ဆင်မှုရမှာ၊ အခုကတော့ ပြင်ဆင်နေဆဲကာလပေါ့၊ ကာရိုက်တာနဲ့လိုက်တယ် မလိုက်ဘူး ဆိုတာထက် ကစ်နဲ့လိုက်အောင် အကောင်းဆုံး ကြိုးစားပါ့မယ်။ ဘယ်အလုပ်မဆို ကစ်က စိန်ခေါ်တာကို ပိုကြိုက်တယ်၊ ကိုယ်နဲ့မလိုက်တဲ့ဇာတ်ရုပ်တွေကို လုပ်ရရင် ပိုပြီးရင်ခုန်တယ်”ဟု ဝတ်မှုံရွှေရည်က ပြောသည်။

ဝတ်မှုံရွှေရည် ပါဝင်သရုပ်ဆောင်ခဲ့သည့် လိပ်ပြာစံအိမ် ရုပ်ရှင်ဇာတ်ကားကြီးသည် ရုပ်ရှင်ရုံများပေါ်တွင် အောင်မြင်မှု ရရှိခဲ့ရုံသာမက စင်ကာပူ၌ကျင်းပခဲ့သည့် အာရှအဆင့် Asian Academy Creative Awards ဆုပေးပွဲကြီးတွင်လည်း ဆုခြောက်ဆုအထိ ရရှိခဲ့ရာ လာမည့် အကယ်ဒမီပေးပွဲအတွက်လည်း ပရိသတ်များက ခန့်မှန်းလျက်ရှိကြသည်။

“ကစ်ကို ပရိသတ်တွေက အကယ်ဒမီရစေချင်တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ ရတာမရတာကတော့လည်း တစ်ကဏ္ဍပေါ့။ ကစ်ကတော့ ဘာမှမမျှော်လင့်ထားဘူး၊ ပေးရင်တော့လည်း ယူလိုက်မယ်ပေါ့နော်။ ရရင်တော့လည်း အတိုင်းမသိပျော်ရမှာပေါ့၊ ကစ်ရဲ့ ပရိသတ်တွေလည်း ပျော်ရမှာလေ၊ အစကတည်းက အကယ်ဒမီရဖို့အတွက် ရည်ရွယ်ပြီး ရိုက်တာမဟုတ်ဘဲ ကိုယ်လုပ်ရမယ့် ကာရိုက်တာကိုပဲ ဂရုစိုက်ပြီး သရုပ်ဆောင်ခဲ့တယ်၊ ပရိသတ်က ကျေနပ်တယ်ဆိုရင်ပဲ တော်တော်လေး ပျော်စရာကောင်းပါတယ်”ဟု ဆက်ပြောသည်။

ဝတ်မှုံရွှေရည်အနေဖြင့် ၂၀၁၃ ခုနှစ်က နင်စေရင် ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ရရှိခဲ့ပြီးနောက် ဆက်တိုက်ဆိုသလို အောင်မြင်မှုများ ရရှိခဲ့ကာ ဇာတ်လမ်းတွဲ သရုပ်ဆောင်ခြင်းမှာမူ ယခုသရုပ်ဆောင်မည့် စုဖုရားလတ် ဇာတ်လမ်းတွဲက ပထမဆုံးဖြစ်ကြောင်း သိရသည်။

ကိုလင်း

# “ဝက်ပါလမ်းမများ”ရုပ်သံဇာတ်လမ်းတွဲကို ရန်ကုန်နှင့်ကလော၌ စတင်ရိုက်ကူး

**Sky Net နှင့် MNTV ရုပ်သံလိုင်းတို့မှ စီစဉ်ထုတ်လုပ်ပြီး Myanmar Media 7 မှ ရိုက်ကူးတင်ဆက်မည့် “ဝက်ပါလမ်းမများ” ရုပ်သံဇာတ်လမ်းတွဲကို ဇန်နဝါရီလအတွင်း စတင်ရိုက်ကူး၍ အဆိုပါရုပ်သံလိုင်းနှစ်လိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**



မိုးနီလွင်၏ ဇာတ်လမ်းကို မေကစ်၊ ချိုဝတ်ရည်လွင်နှင့် မာကို (Golden Fine Arts)တို့က ဇာတ်ညွှန်းရေး၍ ဒါရိုက်တာ ထွဋ်ဋ္ဌတင့်ထွန်း (HMKO) ရိုက်ကူးပုံဖော်မည့် အဆိုပါ ဇာတ်လမ်းတွဲတွင် စိုင်းစိုင်းခမ်းလှိုင်၊ ဖြိုးငွေစိုး၊ သက်မွန်မြင့်၊ အေးမြတ်သူ၊ ခင်ဝင့်ဝါ၊ ငြိမ်းဖြူ၊ လီလီကျော်ခိုင်၊ ဖုန်းသီရိကျော်၊ နန်းထက်ထက်ဦး၊ သီရိကျော် နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဟု သိရသည်။

“စိုင်းစိုင်းခမ်းလှိုင်နဲ့ တွဲဖက်သရုပ်ဆောင်မယ့် မျက်နှာသစ် မိန်းကလေး သုံးဦးကို ဖိတ်ခေါ်ထားပါတယ်၊ ဒီမိန်းကလေးသုံးဦးကို ဒါရိုက်တာ ထွဋ်ဋ္ဌတင့်ထွန်းက ရွေးချယ်ထားတာပါ၊ ဒီဇာတ်လမ်းတွဲက ဂီတအခြေခံတဲ့ ဇာတ်လမ်းပုံစံဖြစ်ပါတယ်။ အပိုင်းကတော့ ၂၀ ရှိမှာဖြစ်ပြီး ရန်ကုန်နဲ့ ကလောဘက်မှာ သွားရောက်ရိုက်ကူးမှာပါ။ ရသစုံ ပါဝင်မှာဖြစ်ပါတယ်”ဟု Myanmar Media 7 မှ ကိုဝေမင်းမောင်က ပြောသည်။

ကိုလင်း

# “ပိတောက်ကတဲ့ ဂီတ”ရုပ်ရှင်ကားကို စိုင်းစိုင်းခမ်းလှိုင်ကပရိုဂျူဆာအဖြစ် ထုတ်လုပ်ရိုက်ကူးထား

ဂီတပိုင်းတွင်သာမက သရုပ်ဆောင်ပိုင်းတွင်ပါ အောင်မြင်မှုကို ရယူထားနိုင်သော အဆိုတော် စိုင်းစိုင်းခမ်းလှိုင်က “ပိတောက်ကတဲ့ဂီတ”ဟု အမည်ရသည့် ရုပ်ရှင်ဇာတ်ကားကို ကိုယ်တိုင်ပရိုဂျူဆာအဖြစ် ထုတ်လုပ်ရိုက်ကူးထားပြီး လာမည့် ဧပြီလအတွင်း ရုံတင်ပြသနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဇာတ်ကားနှင့် ပတ်သက်ပြီး စိုင်းစိုင်းခမ်းလှိုင်က “ဒီ ပိတောက်ကတဲ့ဂီတ ဇာတ်ကားကို မနှစ်က မန္တလေးသင်္ကြန်မှာ ရိုက်ကူးခဲ့တာပါ။ ဆင်ဆာလက်မှတ်လည်း ရခဲ့ပြီးဖြစ်တဲ့အတွက် ရုံတင်ခွင့်ရမယ်ဆိုရင် သင်္ကြန်မတိုင်ခင်မတ်လလောက် ရုံတင်ပြသချင်ပါတယ်။ အဲဒီလိုဖြစ်အောင်လည်း ကြိုးစားနေပါတယ်။ ဒါရိုက်တာကတော့ ဦးမီးပွားဖြစ်ပါတယ်။ ဇာတ်လမ်းက စာရေးဆရာနေနေဘ်ရဲ့ ဇာတ်ပါ။ သရုပ်ဆောင်က ကျွန်တော်နဲ့ ပိုးမမီသာပေါ့။ သူက ကျွန်တော့်ရဲ့ ‘သင်္ဂါရ’ မြူးဇစ်ဗီဒီယိုမှာ သရုပ်ဆောင်ပေးတဲ့ ဆေးကျောင်းသူလေးပါ။ ဒီကလေးမရဲ့ ပထမဆုံးရုပ်ရှင်ကား ဖြစ်လာပါလိမ့်မယ်။ အေးမြတ်သူနဲ့ ဦးကျော်သူလည်း အဓိက သရုပ်ဆောင်တွေအဖြစ် ပါဝင်ပါတယ်”ဟု စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။



အဆိုပါဇာတ်ကားသည် သင်္ကြန် အငွေ့အသက်များကို ခံစားရရှိစေနိုင်မည့် ရုပ်ရှင်ကားဖြစ်ကြောင်း သိရသည်။ “ကျွန်တော့်ရဲ့ကားက သင်္ကြန် အငွေ့အသက်လေးတွေ ပါမယ်၊ ဒါပေမယ့် သင်္ကြန်ဇာတ်ကားမဟုတ်ဘဲ ဂီတကိုအခြေခံထားတဲ့ အချစ်ဇာတ်ကားပုံစံပါ။ အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ကို သီချင်းတွေနဲ့ သီကုံးထားတဲ့ သီချင်းရုပ်ရှင်လို့လည်း ပြောလို့ရပါတယ်။ ဒီကားမှာ ပါဝင်တဲ့ ဇာတ်ကောင်စရိုက်နဲ့လည်း ဒီမင်းသမီးလေးနဲ့ လိုက်ဖက်မှုရှိတာ တွေ့ရမှာပါ”ဟု စိုင်းစိုင်းခမ်းလှိုင်က ဆက်ပြောသည်။

ကိုလင်း

# ဂရ မျိုးဆက်ကျောင်းသား ကိုဂျင်မီ၏ “အအေးမိတဲ့နေ့” တေးစီးရီး စတင်ဖြန့်ချိမည်

အကျဉ်းသားတစ်ဦးဖြစ်ခဲ့သူ ဂရ မျိုးဆက်ကျောင်းသား ကိုဂျင်မီ၏ “အအေးမိတဲ့နေ့”ဟု အမည်ပေးထားသော တစ်ကိုယ်တော်တေးစီးရီးကို ဇန်နဝါရီ ၁၈ ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအခွေအတွက် စာနယ်ဇင်းမိတ်ဆက်ပွဲကို ဇန်နဝါရီ ၁၃ ရက်က ရန်ကုန်မြို့ City Star ဟိုတယ်၌ ကျင်းပခဲ့သည်။

“ဒီအခွေက ‘အအေးမိတဲ့နေ့’သီချင်း အပါအဝင် ကိုယ်ပိုင်သံစဉ်သီချင်း ခြောက်ပုဒ် ပါဝင်တဲ့ မီနီအယ်လ်ဘမ် ဖြစ်ပါတယ်။ လူတိုင်းမှာ ဒုက္ခရောက်တဲ့နေ့ ရှိတယ်။ အဲဒီနေ့တွေကို ရောဂါကြီးတစ်ခုလို ခံစားတတ်ကြတယ်။ ဒါပေမယ့် ကိုယ့်ထက်ဒုက္ခရောက်သူတွေကိုတွေ့တော့ ကိုယ်ခံစားရတာတွေက အအေးမိသလောက်ပဲ ဖြစ်သွားတယ်။ အဲဒီခံစားမှုနဲ့ ဒီသီချင်းလေးကို ရေးဖြစ်ခဲ့တာပါ၊ သီချင်းအားလုံးကို ကျွန်တော်ထောင်ကျနေစဉ်အခါက ရေးဖွဲ့ခဲ့တာပါ၊ “အအေးမိတဲ့နေ့”တေးစီးရီးကို ဘဝရဲ့ အမှတ်တရအနေနဲ့ ဖန်တီးဖြစ်ခဲ့ပြီး CD /VCD နှစ်ချပ်တွဲ ထုတ်ဝေဖြန့်ချိမှာပါ။ ကျွန်တော့်မှာ ပိုက်ဆံမရှိပါဘူး။ ဒါပေမယ့် ဘေးကနေ ဝိုင်းဝန်းကူညီကြသူတွေရဲ့ ကျေးဇူးကြောင့် VCD ပါ ရိုက်ကူးဖြစ်ခဲ့တာပါ၊ ကျွန်တော်က ၁၂ ပုဒ်ရအောင် စုပြီးမှ အခွေထုတ်မလို့ပါ၊ ကိုမင်းကိုနိုင်က ခြောက်ပုဒ်နဲ့ပဲ မီနီအယ်လ်ဘမ်လေး ထုတ်လိုက်ပါဆိုတာနဲ့ ထုတ်ဖြစ်ခဲ့တာ ပါ”ဟု ကိုဂျင်မီက ပြောသည်။

ကိုလင်း




# နိုင်ငံတကာအနုပညာ သတင်းပဒေသာ

## အော်စကာဆုအတွက် Jocker ဇာတ်ကားမှ ဆန်ခါတင် ၁၁ဆု ဝင်

မကြာခင်ကျင်းပတော့မှာဖြစ်တဲ့ အော်စကာဆုပေးပွဲအတွက် ဆန်ခါတင်စာရင်းတွေကတော့ ထွက်ပေါ်လာခဲ့ပါပြီ။ ဇန်နဝါရီ ၁၃ ရက် ညမှာတော့ အော်စကာဆုအတွက် ဆန်ခါတင်စာရင်းဝင်သူတွေကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဲဒီမှာတော့လူကြိုက်များနေတဲ့ ရုပ်ပြကနေ ရုပ်ရှင်အဖြစ် ဖန်တီးထားတဲ့ Jocker ဆိုတဲ့ ရုပ်ရှင်ကားကနေ ဆု ၁၁ ဆု ဆန်ခါတင်စာရင်းဝင်တာကိုတွေ့ရပါတယ်။ အကောင်းဆုံးဒါရိုက်တာ၊ အကောင်းဆုံးသရုပ်ဆောင်၊ အကောင်းဆုံးရုပ်ရှင်ဆုတွေအပါအဝင် ဆုပေါင်း ၁၁ ဆု ဆန်ခါတင် စာရင်းဝင်နေပါတယ်။

နောက်ပြီးတော့ ဒီနှစ်အော်စကာဆုအတွက် ရင်ခုန်ရမယ့်သူတွေလည်းရှိပါသေးတယ်။ သူတို့ကတော့ ဂျနီဖာလိုပက်ဇ်၊ ဘီယွန်စေးနဲ့ စကားလက်ဂျိုဟန်ဆန်တို့ပဲဖြစ်ပါတယ်။ စကားလက်ဂျိုဟန်ဆန်ကတော့ ရှားရှားပါးပါးပါပဲ။ အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုသာမကဘဲ၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုအတွက်ပါ ဆန်ခါတင် စာရင်းဝင်ထားပါတယ်။

ဂျနီဖာလိုပက်ဇ်ကတော့ Hustlers ဇာတ်ကားမှာ သရုပ်ဆောင်ရင်း အကောင်းဆုံးဇာတ်ပို့ဆု အဖြစ် ဆန်ခါတင်စာရင်း ဝင်ခဲ့ပါတယ်။ ဘီယွန်စေးကတော့ The Lion King ဇာတ်ကားမှာ Spirit ဆိုတဲ့ သီချင်းနဲ့ ဆန်ခါတင်စာရင်းဝင်ခဲ့တာပဲ ဖြစ်ပါတယ်။




ဒီနှစ်အတွက် အော်စကာ ဆုပေးပွဲ အခမ်း အနားကိုတော့ ဖေဖော်ဝါရီ ၉ ရက်မှာ အေဘီစီဖျော်ဖြေရေး ကုမ္ပဏီကနေ ထုတ်လွှင့်သွားမှာပဲ ဖြစ်ပါတယ်။ မနှစ်က အခမ်းအနားလိုပဲ ဒီနှစ်မှာလည်း အစီအစဉ်တင်ဆက်သူ မရှိဘဲ အော်စကာ ဆုပေးပွဲကို ကျင်းပသွားမယ်လို့ သိရပါတယ်။

**စီအင်န်အင်န်**

Jocker ဇာတ်ကားပိုစတာကို တွေ့ရစဉ်။

## နိုင်ငံရေးသမားဖြစ်ချင်သည်ဟု ကာဒီဘီပြော

ရက်ပ်အဆိုတော်တစ်ဦးဖြစ်တဲ့ ကာဒီဘီကတော့ နိုင်ငံရေးသမားတစ်ဦးဖြစ်ချင်တယ်လို့ ပြောကြားခဲ့ပါတယ်။ အခုသီတင်းပတ်အတွင်းမှာ ကာဒီဘီဟာ လွှတ်တော်အကြောင်း စိတ်ဝင်စားမှုတွေကို ထုတ်ဖော်ပြောကြားခဲ့ပြီး မကြာခင်အချိန်အတွင်းမှာတော့ သူ့ရဲ့ပရိသတ်တွေကို အသေးစိတ်အချက်အလက်တွေ မျှဝေပေးသွားမယ်လို့ ပြောကြားခဲ့ပါတယ်။ အစိုးရနဲ့သဘောတူညီတာမျိုး မရှိပေမယ့် အစိုးရကို သဘောကျပါတယ်လို့ တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

ဂရမ်မီဆုရှင်လည်းဖြစ်တဲ့ ကာဒီဘီကတော့ ကျွန်မအနေနဲ့ တကယ်လို့များ ကျောင်းပြန်တက်ဖြစ်ခဲ့ရင် လွှတ်တော်မှာ အလုပ်လုပ်နိုင်ဖို့ ဖြစ်လာနိုင်တယ်လို့ ပြောခဲ့ပါတယ်။ ကျွန်မမှာစိတ်ကူးတွေလည်း အများကြီးရှိတယ်။ နှစ်အနည်းငယ်လောက် ကျောင်းပြန်တက်ဖို့လိုတယ်။ ဒါဆိုရင် ကျွန်မ ကောင်းကောင်းလုပ်နိုင်မှာပါလို့ ကာဒီဘီက ပြောခဲ့ပါတယ်။

နိုင်ငံရေးလောကထဲကို ဝင်ချင်တယ်လို့ ကာဒီဘီပြောတာ ဒါဟာပထမဆုံး အကြိမ်မဟုတ်ပါဘူး။ ၂၀၁၈ ခုနှစ်တုန်းကတော့ GQ မဂ္ဂဇင်းနဲ့ အင်တာဗျူးမှာ သူဟာ နိုင်ငံရေးသိပ္ပံကို စိတ်ဝင်စားကြောင်းနဲ့ အစိုးရယန္တရားလည်ပတ်ပုံကိုလည်း စိတ်ဝင်စားတယ်လို့ ဖြေကြားခဲ့ဖူးပါတယ်။ **စီအင်န်အင်န်**



ရက်ပ် အဆိုတော် ကာဒီဘီ

ဖြိုး

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၂၀၇)

# တရားခံပြေး



**ဦးဟန်ညွန့် (ဥပဒေ)**

**မောင်ပျင်းရိ၏ မေးခွန်း**

"ဆရာကြီးရေးတဲ့ ဆောင်းပါးတွေထဲမှာ ကောင်းတာတွေချည်းပဲရေးနေ၊ ဖတ်နေရတယ်။ ဆိုးတာတွေလည်း ရေးဦးမှပေါ့။ တရားခံတွေ ထွက်ပြေးလို့ တရားသူကြီးတွေ ဒုက္ခရောက်တာ၊ နိုင်ငံတော်အတွက် အကျိုးမရှိတာတွေ ရေးပါလား။ တရားခံပြေးမှုတွေကို ဘယ်လိုစစ်ဆေးတယ်ဆိုတာလည်း အများနားလည်အောင် ရေးပါလား ဆရာကြီး။ ကျွန်တော်လည်း စာအုပ်တွေ ရှာမဖတ်ရဘဲ တရားခံပြေးအကြောင်း လွယ်လွယ်ကူကူ သိရတာပေါ့" ဟု ဆိုကာ မြန်မာ့အလင်းသတင်းစာ အဟောင်းများ ယူလာပြီး အလုပ်သင်ရှေ့နေ မောင်ပျင်းရိက မေးခွန်းထုတ်လိုက်ပါသည်။

**ဟုတ်ပေသားပဲ**

ဟုတ်ပေသားပဲ။ မောင်ပျင်းရိမေးသလို လက်တွေ့တရားရေးလောကတွင် အချိန်မကုန်သင့်ဘဲ အချိန်ကုန်နေတာတွေ အများကြီးပါ။ အပိုအလုပ်တွေဟု ပြောရမလိုဖြစ်နေပါပြီ။ အထူးသဖြင့် တရားခံထွက်ပြေးသောအမှု(တရားခံပြေး)တွင် အလုပ်ပိုပါသည်။ အဓိကတာဝန်ရှိသော တရားစွဲအဖွဲ့အစည်းအနေဖြင့်လည်း တာဝန်ကြီးလေး၍ တရားခံပြေးလျှင် အလုပ်ရှုပ်လေတော့သည်။ ရေးရ၊ ချွတ်ရ၊ မှတ်ရသော စာရွက်စာတမ်းတွေလည်း ကုန်၊ အချိန်လည်းကုန်၊ နိုင်ငံတော်အတွက် အကျိုးမရှိဖြစ်တတ်လေသည်။

**ထွက်ပြေးတိမ်းရှောင်နေသူအတွက် ထုတ်ပြန်ကြေညာခြင်း**

**(Proclamation for person abseonding)**

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၈၇ တွင် တရားခံပြေးအကြောင်း ပြဋ္ဌာန်းထားပါသည်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၈၈ မှာ ထွက်ပြေးတိမ်းရှောင်နေသူ ပိုင်ဆိုင်သောပစ္စည်းကို ဝရမ်းကပ်ခြင်း (Attachment of property of person absconding) အကြောင်း ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ဥပဒေပုဒ်မများ မူရင်းအတိုင်းရေးလျှင် နားရှုပ်မည်စိုး၍ အများနားလည်လွယ်သော စကားများဖြင့် ကြိုးစားရေးပါမည်။

(၁) တရားခံမပါဘဲ ရဲတပ်ဖွဲ့က တရားစွဲခြင်း

- တရားခံဖမ်းဝရမ်း(ခံဝန်မဲ့) ထုတ်ရမည်။
- ဝရမ်းအတည်ပြုသော ရဲအရာရှိအား ဝရမ်းအတည်မဖြစ်ပါက ရုံးသို့သက်သေခံလာရောက်ရန် ဝရမ်း၌ တရားသူကြီးက တစ်ခါတည်း ညွှန်ကြားရမည်။
- ဝရမ်းအတည်ပြုသူ ရဲအရာရှိနှင့် မင်နီပြသက်သေများကို စစ်ဆေးရမည်။
- ဝရမ်းအတည်ပြုသူ ရဲအရာရှိနှင့် မင်နီပြသက်သေများ၏ ထွက်ဆိုချက်ကို တရားရုံးက လေ့လာသုံးသပ်၍ထွက်ပြေးတိမ်းရှောင်နေကြောင်းနှင့် အလွယ်တကူ မဖမ်းဆီးနိုင်ကြောင်း ယုံကြည်လျှင် ယင်းယုံကြည်ချက်ကို နေ့စဉ်မှတ်တမ်း၌ ရေးမှတ်ပြီး တရားခံ၏ မျက်ကွယ်တွင် အမှုကို စစ်ဆေးမည်ဟု မှတ်တမ်းတင်ရမည်။
- ၎င်းနောက် မင်နက်ပြသက်သေများကို စစ်ဆေးရမည်။
- မင်နက်ပြသက်သေအားလုံး၏ ထွက်ဆိုချက်များအပေါ် လေ့လာသုံးသပ်၍ တရားခံ ပြစ်မှုကျူးလွန်ကြောင်း ပေါ်လွင်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။
- ပြစ်မှုကျူးလွန်ကြောင်း ပေါ်လွင်သည်ဟု တရားရုံးက ယုံကြည်လျှင် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၈၇/၈၈ အရ ထွက်ပြေးတိမ်းရှောင်နေသော တရားခံ ပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းတို့ကို ဝရမ်းကပ်၍ (ရာဇဝတ်ကျင့်ထုံးပုဒ်မ ၈၈) အရ ဆက်လက်ဆောင်ရွက်ရမည်။
- ကြော်ငြာရက်စေ့၍ အတည်မဖြစ်၊ တရားခံပိုင်ပစ္စည်းလည်း ဝရမ်းကပ်ရန်မရှိပါက အမှုကို ပိတ်လိုက်ရမည်ဖြစ်သည်။
- ရာဇဝတ်အသေးအဖွဲ့အမှု ဖွင့်လှစ်ဆောင်ရွက်ရမည်ကို တရားသူကြီးတိုင်း သိပြီး ဖြစ်သည်။
- ကြော်ငြာထုတ်ရာတွင် ကြော်ငြာသည့်နေ့မှ တရားခံအား ရုံးသို့ လာရောက်ရန် ဆင့်ဆိုသည့်နေ့ရက်သည် ရက်ပေါင်း (၃၀) ထက် မနည်းစေရ။ (ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၂ ကို ရည်ညွှန်းသည်)
- ရာဇဝတ်ကျင့်ထုံး ၅၁၂ အရ သက်သေခံချက် ရေးမှတ်ယူပြီးနောက် ပြစ်မှုကျူးလွန်ကြောင်း ယုတ္တိထင်ရှားရှိသည်ဟု ရာဇဝတ်တရားသူကြီးက ကောက်ယူဆုံးဖြတ်ခြင်းမရှိသမျှ သာမန်အားဖြင့် တရားခံကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၈၇ အရ ကြော်ငြာခြင်းမပြုရ။ (တရားရုံးများလက်စွဲအပိုဒ် ၃၉၈ ကို ရည်ညွှန်းသည်)
- သေးငယ်သောအမှုတွင် ပြစ်မှုလုံလောက်စွာ ယုတ္တိထင်ရှားရှိသော်လည်း ရာဇဝတ်ကျင့်ထုံးပုဒ်မ ၈၇/၈၈ တို့အရ အရေးယူဆောင်ရွက်ရန် မလိုချေ။ (တရားရုံးများလက်စွဲ အပိုဒ် ၅၁၃ (၅) ကို ရည်ညွှန်းသည်)



> " တရားခံတစ်ဦးထက်ပိုသော ရာဇဝတ်မှုတစ်မှုတွင် အမှုစစ်ဆေး ဆဲအချိန်၌ တရားခံတစ်ဦး (သို့မဟုတ်) တစ်ဦးထက်ပို၍ ထွက်ပြေး တိမ်းရှောင်ပါက ထွက်ပြေးသော တရားခံတို့အတွက် သီးခြား ရာဇဝတ်သေးမှု ဖွင့်လှစ်ကာ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၂ အရ သီးခြားအရေးယူဆောင်ရွက်ရပါမည်"

ပြစ်မှုကျူးလွန်ကြောင်း ကြေညာခြင်းခံရသူ၏ ပစ္စည်းကိုဝရမ်းကပ်ရာတွင် အကယ်၍ (၆)လအတွင်းပစ္စည်းနှင့် ပတ်သက်၍ တစ်စုံတစ်ယောက်ကတောင်းဆိုချက် သို့မဟုတ် ကန့်ကွက်ချက်တစ်ခုကိုတင်လာပါက တရားရုံးကစုံစမ်း စစ်ဆေးရမည်။ (တရားရုံးများအပိုဒ် ၃၉၈ (၂) ကို ရည်ညွှန်းသည်)

တရားခံပြေးမှုနှင့်ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၂ နှင့် တရားရုံးများလက်စွဲအပိုဒ် ၃၉၈၊ ၅၃၀၊ ၁၁၃၇ တို့ကို လိုက်နာဆောင်ရွက်သင့်ပါသည်။

**သိပြီးသားပါ**

ယခုကျွန်တော်တင်ပြသော ရာဇဝတ်ကျင့်ထုံးအပါအဝင် တရားရုံးများလက်စွဲ၊ ရဲလက်စွဲ၊ ရည်ညွှန်းစာစောင်များအကြောင်း တရားသူကြီး၊ ရဲတပ်ဖွဲ့၊ ရှေ့နေ(အတော်များများ)သိပြီးသားပါ။ ဖတ်ပြီးသားပါ။ သို့သော် လက်တွေ့မလုပ်ကြပါ။ ကြားဖူးနားဝနှင့် ဖြစ်သလိုလုပ်။ ပြဿနာပေါ်မှ စာအုပ်ကြီးအတိုင်းရည်ညွှန်း။ စုံခုံအလုပ်ခံရ၊ သတိပေးခံရ၊ အလုပ်ပြုတ်ခံရဖြစ်တတ်ကြပါသည်။ သတိပြုဆင်ခြင်သင့်ပါသည်။

**တရားခံတစ်ဦး (သို့မဟုတ်) တစ်ဦးထက်ပို၍ ပို၍ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေးမှု**

ဖမ်းမိထားသော တရားခံများအတွက် ရာဇဝတ်ကြီးတစ်မှုနှင့် ထွက်ပြေးတိမ်းရှောင်နေသော တရားခံတို့အတွက် ရာဇဝတ်သေးမှုတစ်မှု၊ ပေါင်းနှစ်မှုကို ရဲကတင်ပို့ပါသည်။

တရားခံတစ်ဦးထက်ပိုသော ရာဇဝတ်မှုတစ်မှုတွင် အမှုစစ်ဆေးဆဲအချိန်၌ တရားခံတစ်ဦး (သို့မဟုတ်) တစ်ဦးထက်ပို၍ ထွက်ပြေးတိမ်းရှောင်ပါက ထွက်ပြေးသောတရားခံတို့အတွက် သီးခြားရာဇဝတ်သေးမှု ဖွင့်လှစ်ကာ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ အရ သီးခြားအရေးယူ ဆောင်ရွက်ရပါမည်။ (တရားရုံးများ လက်စွဲအပိုဒ် ၅၁၃ (၆) ကို ရည်ညွှန်းသည်)

မင်နီသက်သေနှင့် ရဲအရာရှိတို့အား စစ်ဆေးပြီး တရားခံထွက်ပြေးတိမ်းရှောင်နေကြောင်း၊ အလွယ်တကူဖမ်းဆီးမရနိုင်ကြောင်း နေ့စဉ်မှတ်တမ်း၌ ဖော်ပြရေးသားရမည်။

ထို့နောက် ရာဇဝတ်သေးမှုကို တင်ပြရန် ချိန်းဆိုပြီး ရာဇဝတ်ကြီးကို ဆက်လက်စစ်ဆေးရန်ဖြစ်ပါသည်။

အကယ်၍ ရာဇဝတ်မှုကြီးမှ တရားခံအချို့ ပြစ်ဒဏ်ရရှိပြီး ထွက်ပြေးသော တရားခံသည်လည်း ပြစ်မှုကျူးလွန်ကြောင်းပေါ်လွင်လျှင် ထွက်ပြေးတိမ်းရှောင်နေသော တရားခံတို့အပေါ်တွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ၈၇/၈၈ အရ ဆက်လက်အရေးယူပါသည်။

ရာဇဝတ်ကြီးနှင့် ရာဇဝတ်သေးမှုများကို ဆောင်ရွက်သည့် တရားသူကြီးသည်နေ့စဉ် မှတ်တမ်းကို ပြည့်ပြည့်စုံစုံရေးသား မှတ်တမ်းတင်ရပါမည်။

**တရားခွင်စာရေး**

တရားသူကြီးကိုယ်တိုင်မလုပ်ဘဲ မိမိ၏ တရားခွင်စာရေးနှင့်သာ မျက်နှာလွှဲထားပြီး နေ့စဉ်မှတ်တမ်းကိုစာရေးက ကြိုက်သလိုရေး၊ တရားသူကြီးက မစစ်ဆေးဘဲလက်မှတ်ထိုးတတ်ကြပါသည်။ ဤအပြုအမူကို မတော်မတရား ကျွန်တော်စွပ်စွဲခြင်းမဟုတ်ပါ။ လက်တွေ့ဘဝများက ထောက်ပြခဲ့ခြင်းဖြစ်ပါသည်။ တရားခံပြေးနှင့်ပတ်သက်၍ ကြုံခဲ့သော အတွေ့အကြုံတွေ မနည်းလှပါ။

**ရဲနှင့်တရားခံ**

တရားခွင်ရှေ့မှာပင် လက်ထိပ်ခတ်ထားသော တရားခံက စောင့်သောရဲကို လက်ထိပ်နှင့် ဦးခေါင်းကိုရိုက်ပြီး ထွက်ပြေးသောအမှုတွေ့ခဲ့၊ မြင်ခဲ့ဖူးပါသည်။ (တရားသူကြီးကိုပင်) ရဲလက်ထဲက သေနတ်ကို တရားခံကလုယူပြီး ရန်မူမည့် သဘောတွေ့ခဲ့ရဖူးပါသည်။ တရားသူကြီး စီရင်ချက်ချသောနေ့တွင် ရုံးရှေ့၌ ရှိရမည့်သူများကို ခေါ်မထားခြင်းမှာလည်း တရားသူကြီး၏တာဝန်ဖြစ်ပါသည်။

**စေတနာ**

(၁) တရားခံပြေးမှုအကြောင်းရေးစရာတွေ အများကြီးပါ။

(၂) တရားသူကြီး၊ ရဲနှင့် တာဝန်ရှိသူများ သတိထားကြပါ။

(၃) ထွက်ပြေးနေသော တရားခံများကိုတော့ "ရာဇဝတ်ဘေးပြေးမလွတ်" ဆိုသလို မပြေးဘဲ အဖမ်းခံကြပါဟု တွေးမိသော ကျွန်တော်၏ စေတနာဥပဒေ အတွေးမျှသာပါ...။ ။

## အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အားပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း

အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)၏ ထုတ်လုပ်မှု လုပ်ငန်းများနှင့် Commissioning လုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရန် ပုဂ္ဂလိက ကဏ္ဍမှ စိတ်ပါဝင်စားသူများအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဖိတ်ခေါ်လျက်ရှိပါသည်။ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)သည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆားခါးကျေးရွာအနီးတွင် တည်ရှိပါသည်။ ရန်ကုန်-မြင်းခြံလမ်း မိုင်တိုင် (၄၅၀) ၏အနောက်ဘက်(၃ဒသမ၃)မိုင်ခန့်အကွာတွင်ရှိပါသည်။ ထုတ်လုပ်နိုင်မှုစက်စွမ်းအားသည် တစ်နှစ်လျှင် ခန့်မှန်းတန်ချိန် (၁,၈၈၃,၀၀၀)ခန့်ဖြစ်ပါသည်။

အစိုးရအနေဖြင့် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)ရှိ သတ်မှတ်ထားသော Product Lines အချို့ကို ရောင်းချခြင်း/ငှားရမ်းခြင်း အပါအဝင် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပုံစံအမျိုးမျိုးအတွက် အဆိုပြုလွှာများကို လက်ခံစဉ်းစားရန် ဆန္ဒရှိပါသည်။

သံမဏိစက်ရုံ လုပ်ငန်းလည်ပတ်ခြင်းနှင့် Commissioning အတွေ့အကြုံရှိသည့် EOI တင်သွင်းသူများအား Request for Proposals ဆက်လက်တောင်းခံသွားမည်ဖြစ်ပြီး ယင်း Request for Proposals တွင် လက်ရှိစက်ရုံနှင့် ပိုင်ဆိုင်မှုများ၏ အသေးစိတ်အချက်အလက်များကို ဖော်ပြထားမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီ၏လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးထားသည့် တရားဝင်စာနှင့်အတူ တင်ပြရမည်ဖြစ်ပါသည်။ အဆိုပါတင်ပြစာ၏ အကြောင်းအရာတွင် Expression of Interest: Myingyan Steel Mill Tender Process 001/2020 ဟုဖော်ပြ၍ အောက်ပါလိပ်စာသို့ ပေးပို့ရမည်ဖြစ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**ရုံးအမှတ်(၃၀)၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊**
**ဇေယျဌာနီလမ်း၊ နေပြည်တော်၊**
**EOI ပုံစံနောက်ဆုံးရောင်းချမည့်ရက်မှာ ၁၄-၂-၂၀၂၀ရက် ဖြစ်ပါသည်။**
**EOI နောက်ဆုံးလက်ခံမည့်ရက်နှင့်အချိန်မှာ ၁၇-၂-၂၀၂၀ရက် ၁၅:၀၀နာရီဖြစ်ပါသည်။**
**သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းရန်**
**ဖုန်း-၀၆၇-၃၄၀၅၁၅၈၊ ၀၆၇-၃၄၀၅၁၅၉၊ ၀၆၇-၃၄၀၅၃၂၂**
**Email: – hie1.steel@gmail.com**

## Expression of Interests sought for Private Sector Participation in Myingyan Steel Mill

**No.(1) Heavy Industrial Enterprise,**
**Ministry of Planning, Finance & Industry**

The Government of the Republic of the Union of Myanmar through the Ministry of Planning , Finance and Industry, is seeking expressions of interest from private sector entities interested in participating in the recommissioning and operation of the Myingyan Steel Mill. The Myingyan Steel Mill is located near Sar Khar village, Myingyan Township in the Mandalay Region of Myanmar. The mill is approximately 3.3 miles west of milepost 450/0 on the Yangon Myingyan Highway. The production capacity is estimated to be approximately 1,883,000 tonnes per year. The Government is willing to consider a range of proposals for different types of public private partnerships including the possibility of limited disposal of certain designated product lines currently located at the Myingyan Steel Mill.

The details of the current plant and assets will be set out in a Request for Proposals which will be available to bidders who express an interest in putting forward a proposal and have experience in respect of the commissioning or operation of a steel mill.

The interested parties may send a letter expressing interest on company letterhead and duly signed by an authorized signatory with company seal. The letter should be titled "Expression of Interest: Myingyan Steel Mill – Tender Process 001/2020" and be addressed to:

Managing Director,
Office No.30, No.(1) Heavy Industrial Enterprise,
Ministry of Planning, Finance and Industry,
Zeya Htani Road, Naypyitaw.

The Last date for selling the EoI form is [14 February 2020].
The last date and time for receiving expressions of interest is [17 February 2020], (03:00) PM.

For any clarification, please call
Ph: – 067–3405158,067–3405159, 067–3405322
Email: – hie1.steel@gmail.com

### ပတ်စ်ပို့ပျောက်

ကျွန်မ မကစ္စနားမာယာ ၁/ဝမန(နိုင်)၁၀၀၇၂၇ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
၀၉-၂၅၉၁၃၇၉၂၆

### ပတ်စ်ပို့ပျောက်

ကျွန်မ မဆုမိတရာဒေဗီ ၁/မကန(နိုင်)၂၃၉၀၆၃၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
၀၉-၄၄၀၆၈၂၄၄

### အမည်ပြောင်း

ဝိုင်းမော်မြို့နယ်၊ ဆဒုံးမြို့၊ ဆဂါပါကျေးရွာနေ (ဘ)ဦးဒေါင်ခေါင်၏သား ဦးလယော် ၁/ဆဒန(နိုင်)၀၀၁၀၄၃ အား ဦးယောင်ထန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သိန်းတိုးအောင် (ဘ)ဦးမုန်း ၉/တကန(နိုင်)၂၁၅၅၂၆ ၏နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
၀၉-၉၅၀၄၈၄၉၉၇

### ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(ခွဲ)သပြေ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် Grade-6(B) မှကျောင်းဝင်အမှတ် A-0012 မောင်ဟိန်းဇော်၏ ဖခင် အမည်မှန်မှာ ဦးလှစိန် ၈/ရနခ(နိုင်)၀၃၄၇၅၃ ဖြစ်ပါကြောင်း။
ဦးလှစိန်


ဇေအောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ပစ္စည်းများ ပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
09254009334,
09254009335,
09254009336


## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## အမှတ်(၅၀)ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါအပြိုင်ဈေးနှုန်းလွှာခေါ်ယူခြင်း

၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ Engine Spares Parts ပစ္စည်း(၉)မျိုးကို ငွေလုံးငွေရင်းအသုံးစရိတ် (မြန်မာကျပ်ငွေ)တို့ဖြင့် ဝယ်ယူရန်ရှိပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ်စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | DE/CAP(19-20)(022) | Spares for MITSUBISHI S6R2-MTK 3L Engine | 22 items (1 Lot) |
| (ခ) | DE/CAP(19-20)(023) | Spares for YANMAR 6H2A M-WHT Engines (204 KW @ 1880 rpm) | 24 items (1 Lot) |
| (ဂ) | DE/CAP(19-20)(024) | Spares for SCHOTTEL Unit SRP 100/103(China) | 4 items (1 Lot) |
| (ဃ) | DE/CAP(19-20)(025) | Spares for DON FENG 6135 JZL Ca Engines | 27 items (1 Lot) |
| (င) | DE/CAP(19-20)(026) | Spares for Volvo Penta TD,120 AK (246 HP @1800 rpm) | 22 items (1 Lot) |
| (စ) | DE/CAP(19-20)(027) | Spares for MWM-TBD-234 $V_6$ Engines (242 KW @ 2100 RPM) | 6 items (1 Lot) |
| (ဆ) | DE/CAP(19-20)(028) | Spares for DORMAN 6-LETCA Engines, 250 H.P@1800 RPM | 15 items (1 Lot) |
| (ဇ) | DE/CAP(19-20)(029) | Spares for SCHOTTEL Unit SRP 150/150 (Germany) | 4 items (1 Lot) |
| (ဈ) | DE/CAP(19-20)(030) | Spares for HYDROMASTER $S_4$ Propulsion Units(U.K) | 5items (1 Lot) |

၂။ တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၂၀-၁-၂၀၂၀ရက် (တနင်္လာနေ့) (၁၀:၀၀)နာရီ

၃။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - (၁) အမှတ်စဉ်(က)(ခ) (ဂ) အထိ
၂၀-၂-၂၀၂၀ရက် (ကြာသပတေးနေ့) (၁၀:၀၀)နာရီ
(၂) အမှတ်စဉ်(ဃ) မှ (ဈ) အထိ
၂၆-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) (၁၀:၀၀)နာရီ

၄။ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်များ - ၀၁-၂၅၀၂၅၁၊ ၀၁-၃၈၄၂၅၂
ထောက်ပံ့ရေးဌာနခွဲ၊ စီမံရေးရာဌာန

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွင်း ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း အလောင်းတော်ကဿပဘုရားဖူးလမ်း သပိတ်ဆေးစခန်းအနီး သပိတ်ဆေးချောင်းတွင် (၄)မြို့နယ်အလောင်းတော်ကဿပဂေါပကအဖွဲ့၏ ရန်ပုံငွေဖြင့် သံကူကွန်ကရစ်တံတား(၁)စင်း တည်ဆောက်ရန် Structure Design နှင့် ခန့်မှန်းခြေစာရင်းအား ယှဉ်ပြိုင်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါရောင်းချမည့်ရက် - ၂၀-၁-၂၀၂၀ရက်(တနင်္လာနေ့)
၃။ တင်ဒါပိတ်မည့်ရက် - ၂၀-၂-၂၀၂၀ရက်(ကြာသပတေးနေ့)
၄။ တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀နာရီ
၅။ တင်ဒါရောင်းချမည့်နေရာ - ယင်းမာပင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
၆။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၂၀-၁-၂၀၂၀ ရက်မှ ၂၀-၂-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း ယင်းမာပင်ခရိုင်လမ်းဦးစီးဌာန ဖုန်း-၀၉-၂၆၂၉၄၉၆၉၉နှင့် ယင်းမာပင်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဖုန်း-၀၉-၄၄၂၁၇၅၇၉၇ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုံရွာမြို့)မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါလုပ်ငန်းကို ဆောင်ရွက်ရန်ရှိပါသဖြင့်အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ကွန်ပျူတာပန်းထိုးစက် (၁)လုံး
၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၁၅-၁-၂၀၂၀ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၂၁-၁-၂၀၂၀ရက်၊ ညနေ ၄နာရီအထိ
(ဂ) တင်ဒါဖွင့်လှစ်မည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး
အသေးစိတ်အချက်အလက်များ သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၁-၂၀၃၂၇၆၉ နှင့် တိုင်းဒေသကြီးအသေး စားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း-၀၇၁-၂၀၂၆၂၄၈၊ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း မုံရွာမြို့ ဖုန်း-၀၇၁-၂၀၂၁၂၃၄ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့၊
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လူနာများအသုံးပြုရန် (FDA) အသိအမှတ်ပြု အရည်အသွေးပြည့်မီသော ဆေးရုံသုံးသန့်စင်အောက်စီဂျင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။
၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၄-၁-၂၀၂၀ရက်
တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန် - ၆-၂-၂၀၂၀ရက် ညနေ ၄:၀၀နာရီ

**တင်ဒါကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅)၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်မည့်မဒန်းဆည်ရေသောက်လုပ်ငန်း၊ IFAD ချေးငွေဖြင့် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းနှင့် တူးမြောင်းစနစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် လိုအပ်သောစက်သုံးဒီဇယ်ဆီ(ပရီမီယံ)အား သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဘဲကုန်းဆည်မြောင်းဝင်ပင်မဆီသိုလှောင်ရုံအရောက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၅)၊ ငွေစာရင်းဌာနစိတ်နှင့် ဖုန်း-၀၉-၇၉၇၈၅၂၆၉၃၊ ၀၉-၄၂၀၇၁၆၀၄၄၊ ၀၉-၇၉၇၉၀၈၇၇၇၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာများအအား ပစ္စည်းတန်ဖိုးအပေါ်မူတည်၍ သတ်မှတ်နှုန်းဖြင့်ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၅)၊ ငွေစာရင်းဌာနစိတ်၊ ဘဲကုန်းဆည်မြောင်းဝင်း၊ ပျဉ်းမနားမြို့တွင် ဝယ်ယူနိုင်ပါသည်။
၃။ (က) တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်/အချိန် - ၂၀-၁-၂၀၂၀ရက် (ရုံးချိန်အတွင်း)
(Profile အထောက်အထားများတင်ပြရမည်။)
(ခ) လျှောက်လွှာအရောင်း ပိတ်မည့်ရက် - ၄-၂-၂၀၂၀ရက် ညနေ ၄:၃၀နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက်/အချိန် - ၇-၂-၂၀၂၀ရက် နံနက် ၁၀:၀၀နာရီ
(ဃ) တင်ဒါဖွင့်ဖောက် စိစစ်မည့်နေရာ - ညွှန်ကြားရေးမှူးရုံးဝင်(ဓမ္မာရုံ)၊ ဘဲကုန်းဆည်မြောင်းဝန်း၊ တည်ဆောက်ရေး(၅)ပျဉ်းမနားမြို့။

**တင်ဒါကော်မတီ**

### အမည်မှန်

မြောက်ဦးမြို့နယ်၊ ပြလုကျေးရွာ နေ ဦးကျော်ဆန်းဝင်း၏ ဖခင်ဦးသာချေ၏ အမည်မှန်မှာ ဦးခိုင်ထွန်းကျော် ၁၁/မဥန(နိုင်) ၀၄၄၆၂၆ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဦးထွန်းမောင်၏သား မောင်သက်ပိုင်စိုး ၁၁/ရဗန(နိုင်)၀၇၄၀၁၆၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၄-၁၉၉၀ဖြစ်ပါကြောင်း။

### ရက်ပေါင်း(၆၀)ကျော် ကုန်ပစ္စည်းများအား ကုန်ပိုင်ရှင်များအမြန်ဆုံး ထုတ်ယူပါရန် အသိပေး အကြောင်းကြားခြင်း

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ရက်မှ ၃၀ ရက်အထိ Airport Cargo Terminal (YACL) သို့ ရောက်ရှိနေသော ကုန်ပစ္စည်းများအား ၃၁-၁-၂၀၂၀ ရက် နောက်ဆုံးထားထုတ်ယူရန်နှင့် လာရောက်ထုတ်ယူခြင်း မရှိပါက ရက်(၆၀)ကျော်ကုန်ပစ္စည်းများအဖြစ် သတ်မှတ်ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**Airport Cargo Terminal**
**Yangon Aerodrome Co.,Ltd**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်း ဒေသကြီးရုံးမှ (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း/ရေလမ်းကောင်းမွန်ရေးလုပ်ငန်းနှင့် ကျောက်တန်းမြို့နယ်၊ ကျောက်မရဲနှင့်ပန်းတော ဆိပ်ကမ်းများတွင် Jetty လုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းတစ်ရပ်လုံးတင်ဒါ ခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် မြန်မာနိုင်ငံသား လုပ်ငန်းအတွေ့အကြုံရှိသောလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သူသည် တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်မည့် နေရာများ၏ရေလမ်းအခြေအနေ၊ မြေပြင်အခြေအနေများအရ ဆောင်ရွက်ရန်သင့်လျော်မည့် ဒီဇိုင်းရေးဆွဲ၍ ဆောင်ရွက်မည့် အစီအမံနှင့် ခန့်မှန်းကုန်ကျစရိတ်တွက်ချက်မှုများတင်ပြ၍ ဆောင်ရွက်နိုင်ရမည်။ ထို့ပြင် သက်ဆိုင်ရာအင်ဂျင်နီယာ အဖွဲ့အစည်းများသို့ တင်ပြစိစစ်ခြင်းကို ခံယူနိုင်ရမည်။

၃။ ကျောက်တန်းမြို့နယ်၊ ကျောက်မရဲနှင့်ပန်းတောဆိပ်ကမ်းများတွင် Jetty လုပ်ငန်းအတွက်လုပ်ငန်းတစ်ရပ်လုံးတင်ဒါကိုသာ ခေါ်ယူမည်ဖြစ်သည်။

| | | |
|---|---|---|
| ၄။ **တင်ဒါပုံစံရောင်းချခြင်း၊ တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** | - | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးရုံး၊ အမှတ်(၅၄၉)၊ သီတာဆိပ်လမ်းသွယ်၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် |
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - | ၁၅-၁-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - | ၃၀-၁-၂၀၂၀ရက် ၁၆:၀၀နာရီ |
| **နည်းပညာအဆိုပြုလွှာနှင့်ဈေးနှုန်းအဆိုပြုလွှာ တင်ရမည့်ရက်နှင့်အချိန်** | - | ၃၁-၁-၂၀၂၀ရက် ၊ ၁၃:၀၀နာရီ |

၅။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း-၀၁-၂၀၂၁၇၁၊ ၀၁-၉၀၀၀၉၁၂ သို့ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## နာယကကြီး သီရိသုဓမ္မသီဂိ ဒေါ်စန်းစန်းရီ အားဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)အရ

**ဒေါ်စန်းစန်းရီ**

SME Development Bank - ဥက္ကဋ္ဌ

Super One Holdings Co., Ltd. - CFO & Senior MD အား

**သီရိသုဓမ္မသီဂိဘွဲ့**

ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခံရပါသဖြင့် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ နိုင်ငံတော် အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆထက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကျောက်တံခါးမြို့နယ်အသင်း**

---

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ(မဟာသဒ္ဓမ္မဇောတိကဓဇ)

"ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့၏ ဥက္ကဋ္ဌကြီးဖြစ်သူ ဦးခွန်ထွန်းလူ(ခ) ဦးဒီကီအား နိုင်ငံတော်မှ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခဲ့ခြင်းအပေါ် အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာအကျိုး၊ သာသနာ အကျိုး၊ လူမှုအကျိုးများကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်လှူဒါန်းနိုင်ပါစေကြောင်း။

**ဟိုပန်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ဝန်ထမ်းများ**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/9214 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(မုံရွာ)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့၊ အထက(၁)နဝမတန်းမှ မောင်ကောင်းထက်ဇော်၏ ဖခင် ဦးအောင်ဆန်းဦး (ခ) ဦးအောင်ဆန်း ၉/ခမစ(နိုင်)၀၀၂၂၀၂မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့၊ အထက(၁)နဝမတန်း(D)မှ မောင်ကျော်ဇေထွန်း၏ဖခင် ဦးအောင်ဆန်း(ခ)ဦးမောင်ဆန်း ၅/ကဘလ(နိုင်) ၁၅၀၂၀၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### အမည်မှန်

တမူးမြို့၊ စော်ဘွား (၃) ရပ်ကွက်နေ ဦးချန်လွမ်း-ဒေါ်သဲသဲ တို့၏သမီး မလရိပ်မေ၏ အမည်မှန်မှာ မအေးချမ်းမေ ဖြစ် ပါကြောင်း။

### ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အောင်တံခွန် ကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း တက္ကသိုလ်ဝင်ဝန်းမှ မောင်ဟိန်းမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးဘိုကြူ ၅/တဆန(နိုင်)၀၈၁၉၇၆ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ အမှတ်(၈) ရပ်ကွက်နေ ဦးကျော်ဝင်း၏သမီး ဒေါ်သက်သက်နွယ်(ခ)ဒေါ်သန်းသန်းတိုး ၇/ပခန(နိုင်)၂၀၆၄၄၂သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ကျွဲတပ်စုံအုပ်စု၊ ဘုရားငါးဆူ ကုန်ထုတ်စခန်းနေ(အဖ) ဦးကျော်ဝင်း၏ သားဖြစ်သူ ၈/ရနခ(နိုင်)၀၇၃၂၉၉ ကိုင်ဆောင်သူဦးသီရိမောင်(ခ)ဦးသီဟမောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသီရိမောင်(ခ)ဦးသီဟမောင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၁၇၉၂၈ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ထွန်း ၁၄/ဂခမ(နိုင်) ၃၃၂၄၅၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

---

### မွန်ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ အောင်သုခရပ်ကွက်တွင် ကျားဆိပ်ငါးတင်/ငါးချ ဆိပ်ကမ်း Jetty တည်ဆောက်ရန် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ မော်လမြိုင်မြို့တွင် (၁၇-၁-၂၀၂၀)ရက်မှ (၃၁-၁-၂၀၂၀)ရက်အထိ တင်ဒါလျှောက်လွှာတစ်စောင်လျှင် (၁၀၀၀၀/-) ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်း တင်ဒါလျှောက်လွှာဝယ်ယူနိုင်ကြောင်းနှင့် တင်ဒါအဆိုပြုလွှာအား (၃၁-၁-၂၀၂၀)ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၅၂၃၂၂၅၂၊ ၀၉-၄၂၅၂၉၄၂၅၅နှင့် ၀၉-၄၂၀၇၀၁၆၉၀တို့သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

### မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA)၏ CPDဟောပြောပွဲ

MICPA၏ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ ၁၉ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည့် IFRS 15 transition requirements and other aspects for Consideration ခေါင်းစဉ်ဖြင့် ဟောပြောပွဲတွင် ဟောပြောသူအဖြစ် ကြေညာထားသည့် ဦးတင်ဝင်းအပြင် Ricardo Jr.Antoyo Cabello, Senior Manager နှင့် Salai Joseph, Manager, EY UTW Advisory Limited တို့ ပါဝင်ဟောပြောမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ပလုတ်တောင်မြောက်၊ ဦးပိုင်အမှတ်( ဃ/၉၃)မှ မြေချိန်ဧရိယာ ၀ဒသမ၀၄၄ ဧကအား ရဲနွယ်စုရပ်ကွက်နေ ဒေါ်မစောသန်းမှ ၎င်းမြေနေရာအား မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်း အထောက်အထားများဖြင့် စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်လွှာလာရောက်တင်နိုင်ကြောင်း၊ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်)(၅-ခ/ဈေးတန်း)၊ ဦးပိုင်အမှတ်(၈၆/ဆ)၊ ဧရိယာ ၀ဒသမ ၀၃၄ ဧကရှိ မြေအား ဒေါ်လှလှထွန်းအမည်ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ လျှောက်ထားလာသော ဒေါ်လှလှထွန်းအား မြေငှားဂရန် အသစ်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ မင်းကြီးဆွေရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅-ဈေးကြီး)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေအားဗိုလ်မှူးချုပ်မြသိန်းဟန်(ငြိမ်း)အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဗိုလ်မှူးချုပ်မြသိန်းဟန် (ငြိမ်း)အား မြေငှားဂရန်အသစ်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၊ နေပြည်တော်ကောင်စီ၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပုဗ္ဗသီရိမြို့နယ်အတွင်း လမ်း၊ တံတား၊ အခြားလုပ် ငန်း(၁၁)ခုကို ဆောက်လုပ်ဆောင်ရွက်မည်ဖြစ်သည့်အတွက် တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၁၅-၁-၂၀၂၀ရက် |
| (ခ) **တင်ဒါပိတ်မည့်ရက်** | - | ၂၉-၁-၂၀၂၀ရက် ညနေ (၁၆:၃၀) နာရီအထိ |
| (ဂ) **နည်းပညာအဆိုပြုလွှာဖွင့်မည့်ရက်** | - | ၄-၂-၂၀၂၀ရက် |
| (ဃ) **တင်ဒါဖွင့်မည့်နေရာ** | - | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (စုပေါင်းရုံး)၊ ပုဗ္ဗသီရိမြို့နယ် |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးဖုန်း-၀၆၇-၅၁၀၀၀၂၊ ၅၁၀၀၀၃တို့တွင် နေ့စဉ်ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ၊ ပုဗ္ဗသီရိမြို့နယ်**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန၏ ၂၃၀ကေဗွီ သပြေဝ(မိတ္ထီလာ)-ကံကောင်း ဓာတ်အားလိုင်းအတွက် လိုအပ်သော တာဝါတိုင်များနှင့်ဓာတ်အားလိုင်းပစ္စည်းများအား စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန်မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)သို့ တင်ဒါပိတ်ရက် ၂၈-၁-၂၀၂၀ရက် ၁၄:၀၀နာရီတွင် နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

### အမည်မှန်

ကြံခင်းမြို့၊ အမက(အင်းလပ်အရှေ့) စတုတ္ထတန်းမှ (ဘ) ဦးရဲထွဋ်ဝင်း၏ သားဖြစ်သူ မောင်ကောင်းသစ်ခန့်၏ အမည်မှန်မှာ မောင်ကောင်းစစ်ဟိန်း ဖြစ်ပါသည်။

**ကောင်းစစ်ဟိန်း**

### ဖခင်အမည်မှန်

ပုလဲမြို့နယ်၊ လက်တောင်းကြီးကျေးရွာ၊ အထက သတ္တမတန်းမှ မလပြည့်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းဦး ၅/ပလန(နိုင်) ၀၆၆၉၅၈ ဖြစ်ပါကြောင်း။

**ဦးကျော်ဆန်းဦး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/4604 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ယုယုလှိုင်၇/သနပ(နိုင်)၀၆၂၄၈၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၇၉၈၀၅ Super Chiner 125 ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်း ၁၄/ကကန(နိုင်)၀၀၁၄၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

---

### ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ ဖာပွန်ခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ ဖာပွန်ခရိုင်မှ (၂၀၁၉-၂၀၂၀)ဘဏ္ဍာနှစ်၊ ပြည်ထောင်စုလမ်းအထူးပြုပြင်ရန် ပုံငွေဖြင့်ဆောင်ရွက်မည့် ဖာပွန်-ကော့လူးဒိုး-စောထ-ထီးထ-ခဲမဖြူ (ဖားဆောင်း)၊ လမ်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

ဝယ်ယူမည့် ပစ္စည်းအမျိုးအမည်

၁။ ကတ္တရာ

၂။ ကျောက်ရွယ်စုံ

၃။ သဲ

၄။ ဒီဇယ်ဆီ(ပရီမီယမ်)

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ လမ်းဦးစီးဌာန ဖာပွန်ခရိုင်ရုံး၊ ဖာပွန်မြို့တွင် ဝယ်ယူနိုင်ပါကြောင်း နှင့်တင်ဒါတင်သွင်းမည့် ပစ္စည်းအသေးစိတ်အချက်အလက်များကို ၎င်းရုံးတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **တင်ဒါတင်သွင်းမည့် ရက်/ အချိန်/နေရာ** | - | ၁၇-၂-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကရင်ပြည်နယ်၊ ဘားအံမြို့ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၉-၂၅၆၃၄၁၈၆၇၊ ၀၉-၄၀၀၄၅၉၈၉**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် စက်ပစ္စည်း(၅)မျိုးတို့ကို တင်ဒါခေါ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**စက်ပစ္စည်း**

(၁) Maximum Thermometer (Range -10·C to +65·C)(30 Nos)

(၂) Minimum Thermometer(Range-25·C to +50·C)(30 No)

(၃) SSB (Single Side Band)

- Frequency coverage
- With 1.54m whip antenna with AH-5NV
- Tuning Speed New Channel
- 40·C+70·C -40·F to +158·F
- 30.8V DC (10.8-15.87V)(10 Nos)

(၄) 1m Portable Staff(Aluminum Hollowpipe)(75 Nos)

(၅) Cyber Power online UPS 6KVA

-Voltage 230V

-Capacity 6000VA(2 Nos)

၂။ တင်ဒါဖွင့်ရက်မှာ ၁၅-၁-၂၀၂၀ရက်ဖြစ်ပြီး၊ တင်ဒါပိတ်ရက်မှာ ၂၉-၁-၂၀၂၀ရက် ညနေ ၄နာရီဖြစ်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၃၂၊ ၄၁၁၄၄၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နယ်စပ်ရေးရာဝန်ကြီးဌာန၊နေပြည်တော် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးအမှတ်(၄၂)တွင် အသုံးပြုလျက်ရှိသော Server Room အား ပြန်လည်ပြင်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊Server စက်၊ Server Room နှင့်ဆိုင်သော ဆက်စပ်ပစ္စည်း ဝယ်ယူခြင်းနှင့် ဌာနအတွက်လိုအပ်သော Software System များ ရေးဆွဲခြင်း လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၄၂)၊ နေပြည်တော်တွင် အောက်ပါအတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **လျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၁၇-၁-၂၀၂၀

(ခ) **လျှောက်လွှာနောက်ဆုံးအပ်နှံ ရမည့်ရက်** - ၁၇-၂-၂၀၂၀

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၀၉၃၆၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း ကြော်ငြာအမှတ်(၁/၂၀၂၀) လေယာဉ်မောင်/လေယာဉ်မယ်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ပြည်တွင်း၊ ပြည်ပခရီးစဉ်များတွင် တာဝန်ထမ်းဆောင်ရန်အတွက် လေယာဉ်မောင်/လေယာဉ်မယ်များ ခန့်အပ်မည်ဖြစ်ပါသဖြင့် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ၂၈-၂-၂၀၂၀ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၄)နှစ်ထက် မကျော်သူဖြစ်ရမည်။

(ခ) အိမ်ထောင်မပြုရသေးသူ လူပျို/အပျို ဖြစ်ရမည်။ (သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံစာ ပူးတွဲတင်ပြရမည်။)

(ဂ) အနည်းဆုံးတက္ကသိုလ် တတိယနှစ်တက်ရောက်သောသူဖြစ်ရမည်။ သက်ဆိုင်ရာတက္ကသိုလ်၏ ဒုတိယနှစ်အောင်မြင်ပြီးကြောင်း ထောက်ခံစာ (သို့မဟုတ်) တတိယနှစ်တက်ရောက်နေသော ထောက်ခံစာပူးတွဲတင်ပြရမည်။

(ဃ) အမျိုးသားများအတွက် အရပ် ၅'၆'' အနည်းဆုံးရှိပြီး အရပ်နှင့်လိုက်ဖက်သော ကိုယ်အလေးချိန် ရှိရပါမည်။

(င) အမျိုးသမီးများအတွက် အရပ် ၅'၄'' အနည်းဆုံးရှိပြီး အရပ်နှင့်လိုက်ဖက်သော ကိုယ်အလေးချိန်ရှိရပါမည်။

(စ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။ (ကျန်းမာရေးစစ်ဆေးမှုခံယူရမည်။)

(ဆ) ရေကူးတတ်ရမည်။ (လက်တွေ့စစ်ဆေးမှုရှိမည်။)

(ဇ) အင်္ဂလိပ်စာ (ရေး၊ ဖတ်၊ ပြောဆိုနိုင်ရမည်။) စစ်ဆေးမှုရှိမည်။ (အခြားနိုင်ငံခြားဘာသာစကားများပါ ကျွမ်းကျင်သူကို ဦးစားပေးမည်။)

(ဈ) ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူဖြစ်ရမည်။

(ည) ရွေးချယ်ခြင်းခံရပါက မြန်မာအမျိုးသားလေကြောင်း၏ ဆေးစစ်ဆေးမှု အောင်မြင်မှသာ ခန့်အပ်ခြင်းခံရမည်ဖြစ်ပြီး အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ စိတ်ပါဝင်စားပါက ကိုယ်တိုင်ရေးလျှောက်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာမူရင်းများနှင့် လိုအပ်သော စာရွက်စာတမ်းများပူးတွဲလျက် ရှေ့နှင့်ညာဘက်မှ ရိုက်ကူးထားသော (၄''x၆'') အရွယ် ကိုယ်လုံးပြည့် အလှဓာတ်ပုံ(၁)ပုံစီ၊ Passport Size ဓာတ်ပုံ(၃)ပုံနှင့်အတူ ၂၀-၁-၂၀၂၀ ရက်မှ ၂၈-၂-၂၀၂၀ ရက်ထိ မြန်မာအမျိုးသားလေကြောင်း(ရုံးချုပ်)၊ အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နှင့် ပြည်နယ်တိုင်းဒေသကြီးများရှိ မြန်မာအမျိုးသားလေကြောင်းရုံးများတွင် လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၇၉၄၇၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း အိတ်ဖွင့်တင်ဒါအမှတ်(၇/၂၀၁၉-၂၀၂၀)

၁။ ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၄)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရွှေဘိုမြို့မှ (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သဖန်းဆိပ်ဆည်ရေသောက် မြောင်းမကြီးများ၏ ကွန်ကရစ်လိုင်နင်ပြုပြင်ခြင်း၊ ကင်းတပ်တမံနှင့် အရေးပေါ်ရေပိုလွှဲပြုပြင်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကို လုပ်ငန်းခွင်အရောက် ဈေးနှုန်းဖြင့် ဝယ်ယူလိုပါ၍ စိတ်ဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်** | - | ၁၄-၁-၂၀၂၀ ရက်မှ ၃၁-၁-၂၀၂၀ ရက်အထိ (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာရောင်းချမည့် နေရာ** | - | ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၄)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရွှေဘိုမြို့ |
| **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** | - | ၇-၂-၂၀၂၀ရက် (၁၆:၃၀)နာရီ |
| **တင်ဒါလျှောက်လွှာပေးသွင်းရမည့် နေရာ** | - | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့ |
| **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - | တင်ဒါတင်သွင်းသူများသို့ ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။ |

၂။ တင်ဒါနှင့်ပတ်သက်သောအသေးစိတ်အချက်အလက်များ သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ ရွှေဘိုမြို့-ဖုန်း-၀၇၅-၂၁၀၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## တောင်ကြီးတက္ကသိုလ် (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တောင်ကြီးတက္ကသိုလ်မှ ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများနှင့် စီးပွားရေးဥပဒေ ဒီပလိုမာသင်တန်းအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တောင်ကြီးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

**(က) ၈-၂-၂၀၂၀ ရက် နံနက်ပိုင်း နံနက် ၉:၀၀နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | စိတ်ပညာအထူးပြု။ |
| မဟာဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ၊ စိတ်ပညာ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြု။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | အင်္ဂလိပ်စာအထူးပြု။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓာတုဗေဒအထူးပြု။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | အင်္ဂလိပ်စာ၊ စိတ်ပညာ၊ ဓာတုဗေဒ အထူးပြုအားလုံး။ |

**(ခ) ၈-၂-၂၀၂၀ရက် ညနေပိုင်း မွန်းလွဲ ၁:၀၀ နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ဘူမိဗေဒအထူးပြု။ |
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု။ |
| မဟာသိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြု။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | မြန်မာစာအထူးပြု။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | သတ္တဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | မြန်မာစာ၊ သတ္တဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |

**(ဂ) ၉-၂-၂၀၂၀ ရက် နံနက်ပိုင်း နံနက် ၉:၀၀ နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ပထဝီဝင် အထူးပြု။ |
| မဟာဝိဇ္ဇာဘွဲ့ | ပထဝီဝင်၊ ဒဿနိကဗေဒ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒအထူးပြု။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | ပထဝီဝင်၊ ဒဿနိကဗေဒ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရူပဗေဒအထူးပြု။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | ပထဝီဝင်၊ ဒဿနိကဗေဒ၊ ရူပဗေဒ အထူးပြုအားလုံး။ |

**(ဃ) ၉-၂-၂၀၂၀ ရက် ညနေပိုင်း မွန်းလွဲ ၁:၀၀ နာရီ**

| | |
|---|---|
| မဟာသိပ္ပံဘွဲ့ | သင်္ချာအထူးပြု။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဇီဝဓာတုဗေဒ၊ သင်္ချာအထူးပြုအားလုံး။ |
| သိပ္ပံဘွဲ့ | ဇီဝဓာတုဗေဒ၊ သင်္ချာအထူးပြုအားလုံး။ |
| ဒီပလိုမာဘွဲ့ | စီးပွားရေးဥပဒေပညာအထူးပြု။ |

**(င) ၁၀-၂-၂၀၂၀ ရက် နံနက်ပိုင်း နံနက် ၉:၀၀ နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ဥပဒေပညာအထူးပြု။ |
| မဟာဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြု။ |
| မဟာသိပ္ပံဘွဲ့ | ရုက္ခဗေဒအထူးပြု။ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု။ |
| ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | သမိုင်း၊ အရှေ့တိုင်းပညာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရုက္ခဗေဒအထူးပြု။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | သမိုင်း၊ အရှေ့တိုင်းပညာ၊ ရုက္ခဗေဒ အထူးပြုအားလုံး။ |

### အစမ်းလေ့ကျင့်မည့်အစီအစဉ်

**၆-၂-၂၀၂၀ ရက် နံနက်ပိုင်း နံနက် ၉:၀၀ နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | စိတ်ပညာ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ ဓာတုဗေဒ၊ သတ္တဗေဒအထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒအထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |

**၆-၂-၂၀၂၀ ရက် ညနေပိုင်း မွန်းလွဲ ၁:၀၀ နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ပထဝီဝင် အထူးပြု။ |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | ပထဝီဝင်၊ ဒဿနိကဗေဒ၊ ရူပဗေဒ၊ သင်္ချာ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့ | ပထဝီဝင်၊ ဒဿနိကဗေဒ၊ ဇီဝဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | ပထဝီဝင်၊ ဒဿနိကဗေဒ၊ ဇီဝဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြုအားလုံး |
| ဒီပလိုမာဘွဲ့ | စီးပွားရေးဥပဒေပညာအထူးပြုအားလုံး။ |

**၇-၂-၂၀၂၀ ရက် နံနက်ပိုင်း နံနက် ၉:၀၀ နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ဥပဒေပညာအထူးပြုအားလုံး။ |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | သမိုင်း၊ ရုက္ခဗေဒ အထူးပြုအားလုံး။ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြုအားလုံး။ |
| ဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့ | သမိုင်း၊ အရှေ့တိုင်းပညာ၊ ရုက္ခဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | သမိုင်း၊ အရှေ့တိုင်းပညာ၊ ရုက္ခဗေဒ အထူးပြုအားလုံး။ |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၃-၂-၂၀၂၀ ရက်မှ ၄-၂-၂၀၂၀ ရက်ထိ ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

ဘွဲ့ဝတ်စုံများကို တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်တွင် ၃-၂-၂၀၂၀ ရက်နှင့် ၄-၂-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီမှ စတင်ထုတ်ပေးမည်ဖြစ်၍ မိမိတို့၏နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာကြရမည်ဖြစ်သည်။

**(ဝေဝေနိုင်)**
**ဌာနမှူး**
**သင်တန်းရေးရာ**
**တောင်ကြီးတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်-မန္တလေး မန္တလေးမြို့ (၅၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ဆေးတက္ကသိုလ်-မန္တလေး၏ (၅၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| | |
|---|---|
| **အစမ်းလေ့ကျင့်ခြင်း** | ၂၈-၂-၂၀၂၀ ရက် (သောကြာနေ့)၊ နံနက် (၈:၃၀)နာရီ<br>နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းဘွဲ့ယူကြသူများအားလုံး<br>(ပါရဂူဘွဲ့၊ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဒီပလိုမာဘွဲ့၊ ဆေးပညာဘွဲ့) |
| **ဘွဲ့နှင်းသဘင်** | ၂၉-၂-၂၀၂၀ ရက် (စနေနေ့)<br>နံနက်ပိုင်း-နံနက်(၈:၃၀)နာရီ<br>ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့ (ဆေးလက်တွေ့အခြေခံဘာသာရပ်များ)၊ ဒီပလိုမာဘွဲ့၊ ဆေးပညာဘွဲ့<br>မွန်းလွဲပိုင်း-မွန်းလွဲ(၂:၀၀)နာရီ<br>ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့ (ဆေးလက်တွေ့ဘာသာရပ်များ)၊ ဆေးပညာဘွဲ့ |

၂။ (၅၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးတက္ကသိုလ်-မန္တလေး၏ အောက်ပါ စာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်-

(က) ၂၀၁၉ခုနှစ်၊ မတ်လမှစ၍ ပါရဂူဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ၊

(ခ) ၂၀၁၉ခုနှစ်၊ မတ်လမှစ၍ ဆေးပညာမဟာသိပ္ပံဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ၊

(ဂ) ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ဒီပလိုမာဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ၊

(ဃ) ၂၀၁၉ခုနှစ်၊ ဇွန်လ ၂၀၁၉ခုနှစ် ဒီဇင်ဘာလနှင့် (လျှောက်လွှာပိတ်ရက်)တို့တွင် အလုပ်သင်တာဝန်(၁)နှစ်အပြည့်အဝ ထမ်းဆောင်ပြီးသူများ။

(၂၀၁၉ ခုနှစ် မတ်လမတိုင်မီက အလုပ်သင်ဆရာဝန်တာဝန်(၁)နှစ် ထမ်းဆောင်ပြီးဆုံးပြီး ဘွဲ့နှင်းသဘင်မတက်ရောက်ခဲ့သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။)

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) **တက်ရောက်ဘွဲ့** | ။ | **၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)** |
| (ခ) **အဝေးရောက်ဘွဲ့** | ။ | **၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)** |
| (ဂ) **မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာဘွဲ့** | ။ | **၈၀၀၀၀/- (ကျပ်ရှစ်သောင်းတိတိ)** |
| (ဃ) **အခြေခံအရေးပေါ်ကုသမှုဆေးပညာ ဒီပလိုမာဘွဲ့** | ။ | **၂၅၀၀၀၀/- (ကျပ်နှစ်သိန်းငါးသောင်းတိတိ)** |

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးတက္ကသိုလ်-မန္တလေး၊ ကျောင်းသားရေးရာဌာနမှ ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ် (၁၁/၂လက်မx၂လက်မ) ဓာတ်ပုံ(၄)ပုံ [အမျိုးသားများသည် လည်ကတုံးရှပ်နှင့်တိုက်ပုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးလက်ရှည်အင်္ကျီ (ပြောင်)ဖြင့် ဓာတ်ပုံဖြစ်ရမည်] နှင့်နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(၁)စောင် ပူးတွဲလျက် ၂၀-၁-၂၀၂၀ မှ ၇-၂-၂၀၂၀ ရက်ထိ တင်သွင်းကြရမည်။

၅။ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ(လည်ကတုံးရှပ်နှင့်တိုက်ပုံ)/အနောက်တိုင်းဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အမျိုးသမီးများသည် မြန်မာဝတ်စုံ(လုံချည်၊အင်္ကျီ)/ တိုင်းရင်းသားဝတ်စုံဝတ်ဆင်ရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများ အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

**(အေးအေးမော်)**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်-မန္တလေး**
**မန္တလေးမြို့**

## ပိုးသတ်ဆေး ဖြန့်ချိသူလွှဲပြောင်းခြင်းအတွက် အသိပေးခြင်း

FMC Corporation,USA မှ မှတ်ပုံတင်ရရှိထားပြီး JJ-Pun Trading Company Limited မှ ဖြန့်ချိခွင့်ရရှိထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေး၏ ဖြန့်ချိခွင့်ကို Myanmar Arysta LifeScience Company Limited သို့ လွှဲပြောင်းသွားပါမည်။

| စဉ် | ကုန်အမှတ်အမည် | ပါဝင်သောဓာတုပစ္စည်း | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁ | Ferterra ™ 0.4 GR | Chlorantraniliprole 0.4% w/w GR | Provisional | P2019-4765 |

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤအသိပေး အကြောင်းကြားစာပါရှိသည့်ရက်မှ ၁၄ရက်အတွင်း တွဲဘက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့ထံသို့ ရုံးချိန်အတွင်း ကန့်ကွက်နိုင်ပါကြောင်းကို အသိပေးအပ်ပါသည်။

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စိတ္တာသုခလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-တိုးချဲ့(၃)ကျောင်းစုရပ်ကွက် (အနောက်ပိုင်း)၊ မြေကွက်အမှတ် (၃၃/က)၊ စုစုပေါင်းဧရိယာ (၁၂၀၀) စတုရန်းပေရှိသော ဦးမောင်ဝင်း (TTE-၁၄၁၇၁၄)(ဘ)ဦးမောင်အမည်ပေါက်ပါမစ်မြေအား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးရန်နိုင်မျိုးဝင်း ၁၀/သထန(နိုင်)၁၂၉၉၂၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဤမြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာမျိုးဟန် LL.B., LL.M., M.Res**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၀၂)**
**ခြံအမှတ်-၂၊ ဦးစိုးညွှန့်လမ်း၊ မြို့ဟောင်းအလယ်ရပ်ကွက်၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၃၃၃၀၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရေနံချောင်းမြို့နယ်၊ သုံးဆယ့်ခြောက်ကျေးရွာအုပ်စုနေ ဦးသောင်းတင်ဦးမှ ကွင်း/အကွက်အမှတ် (၃-စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ (၀ ဒသမ ၂၃၀) ဧကရှိ မြေကွက်ကို ၎င်းအမည်ဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကော်လိတ္တော်အရာရှိ)ထံ ဂရန်စာချုပ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင်လည်းကောင်း၊ ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ မကွေးမြို့**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ဆက်လက်ကျင်းပပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲဒုတိယနေ့သို့ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)ခင်ဇော်ဦး၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ငြိမ်း၊ ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီးဝဏ္ဏအောင်၊ (JMC-U) အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦး၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ် အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❑




ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်



## အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် သမိုင်းဝင်ခရီးစဉ်

မြန်မာနိုင်ငံအနေနဲ့လည်း တရုတ်နိုင်ငံရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို လေ့လာပြီး မိမိနိုင်ငံရဲ့ အခြေအနေများနဲ့ ကိုက်ညီမယ့် အစီအစဉ်တွေ ချမှတ်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

ဆောင်းပါး စာ - ၆

## (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၄**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ ကန္တာရဝတီပွဲတော်ကွင်းတွင် ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီ၊ မိနစ် ၂၀ တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV ၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC)၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ Myanmar State Counsellor Office Facebook Page၊ NRPC Facebook Page၊ Ministry of Information Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့တွင် ယင်းနေ့ နံနက် ၈ နာရီမှစတင်၍ တိုက်ရိုက် **(Live)** ထုတ်လွှင့်သွားမည်ဖြစ်ပါကြောင်း သိရသည်။ **သတင်းစဉ်**

# အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲ ပထမအဆင့်မှ ရှမ်းယူနိုက်တက်အသင်း ထွက်ခဲ့ရ

**ရန်ကုန် ဇန်နဝါရီ ၁၄**

၂၀၂၀ ရာသီ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ပထမအဆင့် ပွဲစဉ်ဖြစ်သည့် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းတို့ ယနေ့ ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ရီဇယ်လ်အမှတ်တရကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ပြီး ခြေစစ်ပွဲမအောင်ခဲ့ပေ။



ရှမ်းယူနိုက်တက်နှင့် ဆီရက်စ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ – ရှမ်းယူနိုက်တက်

ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် အကြိုခြေစစ်ပွဲပထမအဆင့်မှထွက်ခဲ့ရကာ AFC Cup ပြိုင်ပွဲသာ ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။ ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းသည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင် ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်း၏ ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမား လေးဦးအပါအဝင် သီဟစည်သူ၊ ရန်နိုင်ဦး၊ ရဲမင်းသူ၊ ဇင်မင်းထွန်း၊ နန္ဒကျော်တို့ဖြင့် လူစုံခဲ့သည်။ ပထမပိုင်းတွင် ဆီရက်စ်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ပွဲအစ ၄ မိနစ်တွင် မန်ဒီ၏ ပထမဂိုးကို ခွင့်ပြုခဲ့ရသောကြောင့် ရှမ်းယူနိုက်တက်အသင်း ရှုံးကန်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစတွင် ဂိုးပေးလိုက်ရသောကြောင့် ပိုမိုရုန်းကန်ခဲ့ရကာ မိနစ် ၄၀ တွင် ဆီရက်စ်အသင်း ဒုတိယဂိုးထပ်ရခဲ့ကာ မာရာနွန်က သွင်းယူခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၃ ❁

## ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၃) ယနေ့ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၃) ကို ဇန်နဝါရီ ၁၅ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးအများစု ပွဲချောင်နေသည်။

ပွဲစဉ် (၁၃) အဖြစ် ယနေ့နံနက် ၈ နာရီခွဲတွင် GV အသင်းနှင့် Do Do Ko Ko အသင်း၊ နံနက် ၁၀ နာရီတွင် မြို့မ JY အသင်းနှင့် On Doctor အသင်း၊ နံနက် ၁၁ နာရီခွဲတွင် VUC အသင်းနှင့် MFF ယူ-၁၉ အသင်း၊ မွန်းလွဲ ၁ နာရီတွင် AMM Brothers အသင်းနှင့် Winner အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် MIU အသင်းနှင့် ဖူဆယ်ချစ်သူအသင်း၊ ညနေ ၄ နာရီတွင် လက်ဝဲသုန္ဒရအသင်းနှင့် Dream Team အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၂) အပြီးတွင် VUC အသင်းနှင့် MIU အသင်းတို့က ၃၄ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက်ဖြင့် VUC အသင်းက ပထမ၊ MIU အသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းအသင်းများ၏နောက်တွင် GV အသင်းက ရမှတ် ၃၀၊ On Doctor အသင်းက ၂၅ မှတ်၊ Winner အသင်းက ၂၃ မှတ်၊ မြို့မ JY အသင်းက ၁၈ မှတ်၊ MFF ယူ-၁၉ အသင်းက ၁၆ မှတ်၊ Do Do Ko Ko အသင်းက ၁၅ မှတ်၊ Dream Team အသင်း က ကိုးမှတ်၊ ဖူဆယ်ချစ်သူအသင်းက လေးမှတ်၊ AMM Brothers အသင်းက တစ်မှတ် ရရှိထားသည်။

ဖူဆယ်လိဂ်ကလပ်အသင်းများသည် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ကစားသမားများ ပြောင်းလဲထားပြီး VUC အသင်းမှလွဲ၍ ကျန်အသင်းများမှာ ကစားသမားသစ်များ ခေါ်ယူအားဖြည့်ထားသည်။ **ရဲရင့်ရှိုင်း**



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့

# ညပိုင်းလည်ပတ်စရာနေရာများ ပေါ်ထွက်လာတော့မယ့် ရန်ကုန်မြို့

ဇင်လင်းမြင့်၊ ဓာတ်ပုံ-ခင်ဇွန်ဇာလင်း

နိုင်ငံတကာမှာရှိတဲ့ မြို့ကြီးတွေဟာ မိုးပျံတိုက်တာအဆောက်အဦတွေ၊ သန့်ရှင်းသပ်ရပ်တဲ့ ကားလမ်းတွေ၊ စနစ်တကျမောင်းနှင်သွားလာနေတဲ့ မော်တော်ယာဉ်မျိုးစုံတွေ၊ ဦးတည်ချက်အသီးသီးနဲ့ သွားလာနေကြတဲ့ပြည်သူတွေနဲ့ နေ့စဉ်စည်ကားနေတာတွေကို နိုင်ငံတကာသတင်းတွေမှာ တွေ့မြင်နေရပါတယ်။ အဲဒီမြို့ကြီးတွေမှာ နေ့ရောညပါ လမ်းတွေပေါ်မှာ သွားလာလှုပ်ရှားနေတဲ့ လူတွေ၊ ကားတွေ၊ ခရီးသွားဧည့်သည်တွေဟာ ပန်းခြံတွေ၊ ဈေးဆိုင်တွေ၊ ပလက်ဖောင်းတွေပေါ်မှာ လွတ်လပ်ပေါ့ပါးစွာ မြင်တွေ့နေရသလို ရန်ကုန်မြို့မှာလည်း အဲဒီလို နိုင်ငံတကာအဆင့်မီ နေ့ရောညပါ လည်ပတ်သွားလာနိုင်တဲ့ မြို့ကြီးတစ်မြို့အဖြစ် ရောက်ရှိအောင် ကြိုးစားနေတယ်လို့ သိရပါတယ်။

### လည်ပတ်စရာနေရာတွေ

"ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးဖို့၊ စီးပွားရေးအခွင့်အလမ်းတွေ ပိုမိုဖော်ဆောင်နိုင်ဖို့အတွက် ရန်ကုန်မြို့ကို လာရောက်လည်ပတ်သူတွေ ညဘက်မှာပါ လည်ပတ်စရာနေရာတွေရှိအောင် ကြိုးစားဆောင်ရွက်နေပါတယ်" လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောထားပါတယ်။

ရန်ကုန်မြို့ဟာ နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့ဖြစ်တာမို့ နေ့ပိုင်းအချိန်တွေသာမက ညပိုင်းအချိန်တွေမှာလည်း ပြည်သူတွေရော နိုင်ငံခြားခရီးသွားဧည့်သည်တွေပါ သွားလာလည်ပတ်နိုင်တဲ့နေရာတွေ ဖန်တီးဖော်ထုတ်ပေးသွားဖို့လည်း အစီအစဉ်ရှိနေတယ်လို့ ဆိုပါတယ်။ နိုင်ငံတကာမှလာတဲ့ ခရီးသွားတွေသာမက ပြည်တွင်းက ခရီးသွားဧည့်သည်တွေအတွက်ပါ ညပိုင်းလည်ပတ်စရာနေရာတွေ ဖွင့်လှစ်ပေးသွားဖို့ အစီအစဉ်ရှိနေတာ ဖြစ်ပါတယ်။

ဒီလိုဖော်ဆောင်တဲ့အခါ ရန်ကုန်မြို့မှာရှိတဲ့ ဘာသာရေးအဆောက်အဦတွေ၊ မြို့ပြရှေးဟောင်းအမွေအနှစ် အဆောက်အဦတွေ၊ သမိုင်းပုံရိပ်နဲ့ ခေတ်သစ်ပုံရိပ်တွေကို ဆက်စပ်တွေ့မြင်သိရှိရနိုင်တဲ့ နေရာတွေကို ညပိုင်းမှာ သွားလာလည်ပတ်နိုင်ရေး စီစဉ်ဖော်ထုတ်ပေးမှာ ဖြစ်ပါတယ်။

### ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေ

အခုဆိုရင် ရန်ကုန်မြို့ကမ်းနားလမ်းမှာ အဆင့်မြှင့်တင်လိုက်တဲ့ ရန်ကုန်ညဈေးသစ်ဟာလည်း အပိုင်း(၁)အနေနဲ့ဆိုရင် ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီ ဖြစ်ပါတယ်။ အဲဒီရန်ကုန်ညဈေးသစ်ဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရကြီးကြပ်မှုနဲ့ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုကတာဝန်ယူဖော်ဆောင်နေတာ ဖြစ်ပါတယ်။ အခုဆိုရင် ဆိုင်ခန်းအချို့ စတင်ဖွင့်လှစ်ရောင်းချနေပြီ ဖြစ်ပါတယ်။

ညပိုင်းလျှပ်စစ်မီးရောင်တွေနဲ့ ထိန်ထိန်လင်းနေတဲ့ အဲဒီရန်ကုန်ညဈေးသစ်ဟာ အကျယ် ၈ ပေ x ၆ ပေ ဆိုင်ခန်းတွေနဲ့အတူ ဆန်းသစ်တဲ့ ဆိုင်ခန်းဒီဇိုင်းပုံစံတွေကြောင့် ဆွဲဆောင်မှုရှိနေတာတော့ အမှန်ပါပဲ။ ကားလမ်းနဲ့ ဆိုင်ခန်းရှေ့လျှောက်လမ်းကြားမှာ သီးခြားကာရံထားတာမို့ ယာဉ်မတော်တဆအန္တရာယ်လည်း ကင်းဝေးပြီး စိတ်အေးချမ်းသာစွာနဲ့ လေ့လာလည်ပတ် ဈေးဝယ်လို့ရရှိနေပါတယ်။

နေ့စဉ် ညနေ ၃ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ရောင်းချနေပြီဖြစ်တဲ့ အဲဒီရန်ကုန်ညဈေးသစ်မှာတော့ လောလောဆယ်မှာ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေနဲ့ အစားအသောက်ရောင်းချတဲ့ ဆိုင်အချို့ ဖွင့်လှစ်ထားပြီဖြစ်ပါတယ်။ ၈ ပေ x ၈ ပေ အကျယ်အခန်းတွေ၊ ပေ ၄၀ အကျယ် ကွန်တိန်နာဆိုင်ခန်းတွေ၊ ပေ ၂၀ ဆိုင်ခန်းတွေ ပါဝင်ပြီး လာရောက်လေ့လာဈေးဝယ်သူတွေ ညပိုင်းမှာ အလည်အပတ်သဘော သွားလာကြည့်ရှုလို့ရအောင်လည်း စီစဉ်ပေးထားမှာဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာ၊ ATM စက်နဲ့ ကားပါကင်တွေလည်း ထည့်သွင်းလာမှာဖြစ်လို့ လာရောက်သူတွေအတွက် လမ်းလျှောက်လို့ပဲဖြစ်ဖြစ်၊ ကားနဲ့လာသူတွေပဲ ဖြစ်ဖြစ် အဆင်ပြေအောင် စီစဉ်ပေးထားမှာ ဖြစ်ပါတယ်။

### အရှေ့တောင်အာရှမှာ နာမည်ကျော်ခဲ့

ရန်ကုန်ညဈေးတန်းအသစ်ကို ဇုန်(A) မှ ဇုန် (F)အထိ အပိုင်းလိုက် အကောင်အထည်ဖော်သွားမှာ ဖြစ်တာမို့ ရန်ကုန်မြို့ရဲ့ ညဈေးတန်းက ပြန်လည် အသက်ဝင်လာတော့မှာ ဖြစ်ပါတယ်။ တကယ်တော့ ရန်ကုန်မြို့ရဲ့ ညဈေးတန်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ခန့်က အရှေ့တောင်အာရှမှာ နာမည်ကျော်ကြားခဲ့ပါတယ်။

ရန်ကုန်မြို့ ညဈေးအဖြစ် လွန်ခဲ့တဲ့ ၁၉၇၀ ပြည့်နှစ်ခန့်က ရန်ကုန်မြို့ အနော်ရထာလမ်းနဲ့ ဗိုလ်ချုပ်လမ်းအကြား ရွှေတိဂုံဘုရားလမ်းမှာ တည်ရှိခဲ့တဲ့ လဟာပြင်ဈေးနဲ့ မြေနီကုန်းမှာရှိတဲ့ လဟာပြင်ဈေးတွေဟာ ညပိုင်းမှာ လာရောက်ဝယ်ယူသူတွေ၊ လေ့လာသူတွေ၊ လမ်းလျှောက်သူတွေနဲ့ စည်ကားခဲ့ပါတယ်။

ဒါ့အပြင် ကြည့်မြင်တိုင်ဘူတာ အုတ်တံတိုင်းကပ်လျက် အထက်ကြည့်မြင်တိုင်လမ်း ညဈေးနဲ့ တရုတ်တန်းသံဈေးမှ ပန်းဆိုးတန်းအထိ ညဈေးတန်းရောင်းချခြင်းတွေကလည်း အမျိုးအမည်စုံလင်ပြီး လေ့လာငေးမောလို့ မကုန်နိုင်အောင်ရှိခဲ့တာ အမှတ်ရမိပါတယ်။ နောက်ပြီး မဟာဗန္ဓုလလမ်း (ဒါလဟိုဇီ)ပေါ်က ညဈေးတန်းကလည်း ညဘက်မှာ စည်ကားခဲ့တာမို့ ရန်ကုန်မြို့လယ်မှာရော ညဈေးရှိရာ နေရာတွေမှာပါ ပြည်သူတွေ သွားရောက်ဝယ်ယူ လည်ပတ်စရာအဖြစ် ရှိနေခဲ့တာ ဖြစ်ပါတယ်။

### ရန်ကုန်ညဈေးတန်း

အဲဒီကာလတုန်းက ရန်ကုန်မြို့ ညဈေးတန်းတွေဟာ အမျိုးအစားစုံလင်တာ၊ အစားအသောက်သန့်ရှင်းပြီး ဈေးချိုတာ၊ အလွယ်တကူလွတ်လပ်စွာဝယ်ယူလို့ရတာ၊ ဈေးရောင်းသူတွေရဲ့ ဆက်ဆံရေးယဉ်ကျေးမှုပြေပြစ်တာအပြင် ဝန်ဆောင်မှုကောင်းတာတွေကြောင့် အရှေ့တောင်အာရှမှာ ရန်ကုန်ညဈေးတန်းတွေ နာမည်ကျော်ခဲ့တာဖြစ်ပါတယ်။

အခုအချိန်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရက လမ်းဘေးဈေးသည်တွေ အထူးသဖြင့် ရန်ကုန်မြို့လယ်ဖြစ်တဲ့ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်စတဲ့မြို့နယ်တွေမှာရောင်းချနေတဲ့ လမ်းဘေးဈေးသည်တွေကို စနစ်တကျနဲ့ ဆိုင်ခင်းရောင်းချနိုင်ဖို့ ကမ်းနားလမ်းမှာ ဆိုင်တန်းတွေဆောက်လုပ်နေရာချပေးခဲ့ပေမယ့် အောင်မြင်မှုရဖို့ ကြိုးစားနေရဆဲ ဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့မှာ ညဘက်လည်ပတ်စရာနေရာအဖြစ် ရန်ကုန်ညဈေးဖော်ဆောင်ဖို့ မင်းဓမ္မလမ်းနဲ့ ကျိုက်ဝိုင်းဘုရားလမ်းထောင့်မှာ ဆောင်ရွက်နိုင်ရေးလည်း ကြိုးစားနေတယ်လို့ သိရပါတယ်။ ဆိုင်ခန်းပေါင်း ၄၀၀ ကျော်ခန့်ပါဝင်မယ့် အဲဒီညဈေးမှာ လူငယ်တွေ အကြိုက်စားသောက်ဆိုင်တွေ၊

*အချပ်ပို (ခ) သို့*




❑ ရန်ကုန်မြို့ဟာ နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့ဖြစ်တာမို့ နေ့ပိုင်းအချိန်တွေသာမက ညပိုင်းအချိန်တွေမှာလည်း ပြည်သူတွေရော နိုင်ငံခြားခရီးသွားဧည့်သည်တွေပါ သွားလာလည်ပတ်နိုင်တဲ့နေရာတွေ ဖန်တီးဖော်ထုတ်ပေးသွားဖို့လည်း အစီအစဉ်ရှိနေ

❑ နိုင်ငံတကာမှလာတဲ့ ခရီးသွားတွေသာမက ပြည်တွင်းက ခရီးသွားဧည့်သည်တွေအတွက်ပါ ညပိုင်းလည်ပတ်စရာ နေရာတွေ ဖွင့်လှစ်ပေးသွားဖို့ အစီအစဉ်ရှိနေတာဖြစ်

# ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့ပေးနေသည့် ဝါးတန်း-ဒလ ကားကူးဇက်ဆိပ်

**တင်ဝင်းလေး**



ရန်ကုန်ဝါးတန်း(ကီလီ) ဆိပ်မှ ကားများတင်ဆောင်ပြီး ထွက်ခွာလာသော ဇက်ရေယာဉ်။ ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)

ပြီး ခဲ့သော ရက်ပိုင်းအတွင်းက ထိန်ပင်သုသာန်၌ သဂြိုဟ်သည့် မိတ်ဆွေတစ်ဦး၏ နာရေးကို လိုက်ပါပို့ဆောင်ခဲ့ရသည်။

ခန့်မှန်းထားသည့်အချိန်ထက် အချိန်နာရီများစွာ ပိုကုန်ခဲ့ရသည်။ စသွားသည့်အချိန်က မွန်းလွဲ ၂ နာရီကျော်ကျော် အသွားကတည်းက ဘုရင့်နောင်လမ်းတစ်လျှောက် ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် ကြုံတွေ့လိုက်ရသည်။

မကြာခဏအချိန်ပြောင်းလွှဲ လွှတ်တတ်သော ကွန်တိန်နာယာဉ်ကြီးများအကြား မိမိတို့ နာရေးလိုက်ပါ ပို့ဆောင်သည့် ယာဉ်က ရောက်သွားသည့်အတွက် ရှေ့မတိုးသာ နောက်မဆုတ်သာဖြင့် လိုက်ပါစီးမျောနေရသောကြောင့် ဖြစ်သည်။

ဤကဲ့သို့အဖြစ်မျိုးက တစ်ကြိမ်တစ်ခါသာ ဖြစ်တတ်သည့် အဖြစ်မျိုးမဟုတ်ပေ။ နာရေးပို့ဆောင်သည့် ယာဉ်များ တည်ထောင်ထားသည့် ကြည့်မြင်တိုင် ပန်းပင်ကြီးလမ်းမှ ဦးမောင်မြင့်က "ဒီလိုအချိန်ဆို အမြဲယာဉ်ကြောကျပ်တတ်တယ်။ ဒါကြောင့် ဖြစ်နိုင်ရင် ကာယကံရှင် မိသားစုကို အဲဒီအချိန်နဲ့ လွဲအောင် စီစဉ်ဖို့ ပြောရတယ်"ဟု ဆိုဖူးသည်။

ဘုရင့်နောင်တံတားနှစ်စင်းသည် လှိုင်မြစ်(ရန်ကုန်မြစ်)ကို ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်သည်။ လက်ရှိတံတားနှစ်စင်းမှသည် ဒလ-တွံတေး-ကော့မှူး- ကွမ်းခြံကုန်းမြို့နယ်တို့မှသည် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်များဆီသို့ သွားနိုင်ခြင်းဖြစ်သည်။

**သတိကြီးစွာမောင်းနှင်ကြရ**

သို့သော် တံတားနှစ်စင်းမှ ဖြတ်သန်းပါက ဦးစွာပထမ လှိုင်သာယာမြို့နယ်အတွင်းသို့ ရောက်ရှိဖို့ပင် အချိန်များစွာ ပေးနေကြရသည်။ လှိုင်သာယာမြို့နယ်အတွင်းသို့ ရောက်ပြန်ပါကလည်း လမ်းလျှောက်ခရီးသည်များ၊ စက်ဘီးဆိုင်ကယ်များ၊ လိုင်းကားများကြောင့် ယာဉ်အန္တရာယ် မဖြစ်ပွားရေးအတွက် သတိကြီးစွာ မောင်းနှင်ကြရသည်။

ဒလမြို့နယ်သို့သွားသည့် ယာဉ်များအနေဖြင့် အချိန်ကုန်မခံ၊ စိတ်ညစ်ခြင်းမခံ၊ မြေကြော-ရေကြောရှုပ်၍ ရန်ကုန် ဝါးတန်း(ကီလီ)ဆိပ်မှသည် ကူးတို့ဇက်ရေယာဉ်ကြီးများဖြင့် မိမိကားကိုတင်၍ ကူးကြသည်။

အငှားတက္ကစီမောင်းသည့် ကိုချိုကြီးက "ဒလကိုသွားဖို့ အကြောင်းရှိလာရင် ဘုရင့်နောင်တံတားကနေ မသွားတော့ဘူး။ အဲဒီလမ်းကြောက ယာဉ်ကြောကျပ်တာနဲ့ဆုံရင် နှစ်နာရီလောက်အချိန်တွေ အလဟဿဖြစ်ရတယ်။ ကျွန်တော်တို့ တက္ကစီသမားတွေက ခရီးသည်တစ်ဦးအတွက် အချိန်တွေ အများကြီးအကုန်မခံနိုင်ဘူး။ နောက်ဆီကလည်း ပိုကုန်တယ်။ ဇက်နဲ့ကူးရင် ကျွန်တော်တို့လို ကားတွေဆို ငွေကျပ် ၂၅၀၀ ပဲ ပေးရတယ်" ဟု ဆိုဖူးသည်။

ဇက်ဆိပ်ခံများမှာ ၂၀၁၈ အောက်တိုဘာ ၁ ရက်မှ စတင်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ တစ်တန်အောက် အိမ်စီးကားလေးကို ကျပ် ၂၅၀၀၊ တစ်တန်နှင့် နှစ်တန်ကြားကို ငွေကျပ် ၃၀၀၀၊ နှစ်တန်နှင့် သုံးတန် ကြားကို ငွေကျပ် ၄၀၀၀၊ သုံးတန်နှင့် ခြောက်တန်ကြားကို ငွေကျပ် ၅၀၀၀၊ ခြောက်တန်မှ ၁၂ တန်ကြားကို ငွေကျပ် ၆၀၀၀ အထိ ကောက်ခံမှုရှိပြီး စက်ဘီးကို ငွေကျပ် ၁၀၀၊ ဆိုက်ကားကို ငွေကျပ် ၂၀၀၊ ဆိုင်ကယ်ကို ငွေကျပ် ၈၀၀ ပေးဆောင်ရသည်။

ရန်ကုန် ဝါးတန်း(ကီလီ) ဆိပ်မှသည် ဒလ ကားကူးဇက်ဆိပ်တွင် Ro Ro (2) ၊ (3) ၊ (4) အမည်ပေးထားသော ဇက်ရေယာဉ်ကြီး သုံးစင်းရှိသည်။ နှစ်စင်းမှာ နေ့စဉ် လူးလာတုံ့ပြန် ပြေးဆွဲပေးလျက်ရှိနေသည်။ ခရီးသည်၊ ကုန်စည် အပါအဝင် ယာဉ်ကြီး ယာဉ်ငယ် ၆၀၀ ခန့်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိနေသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) က ဝန်ဆောင်မှုတစ်ခုပင် ဖြစ်သည်။

> **ရန်ကုန် ဝါးတန်း(ကီလီ) ဆိပ်မှသည် ဒလ ကားကူးဇက်ဆိပ်တွင် Ro Ro (2) ၊ (3) ၊ (4) အမည်ပေးထားသော ဇက်ရေယာဉ်ကြီး သုံးစင်းရှိသည်။ နှစ်စင်းမှာ နေ့စဉ် လူးလာတုံ့ပြန် ပြေးဆွဲပေးလျက်ရှိနေသည်။ ခရီးသည်၊ ကုန်စည်အပါအဝင် ယာဉ်ကြီး ယာဉ်ငယ် ၆၀၀ ခန့်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိနေ"**

**ဇက်ရေယာဉ် ပြေးဆွဲပေးနိုင်မှုက နာရီဝက်ခြား**

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းမြင့်ကပင် "ကျွန်တော်တို့ ကားကူးဇက်က ခရီးသည်၊ ကုန်စည်နဲ့ ယာဉ်တွေကို နေ့စဉ် နံနက် ၆ နာရီမှ ည ၇ နာရီအထိ ရန်ကုန်ဝါးတန်းဆိပ်ကမ်းကနေ ဒလဘက်ကမ်း သင်္ဘောဆိပ်အနီးထိ အခေါက်ရေ ၁၅ ခေါက် ပြေးဆွဲပေးနေပါတယ်။ ကားအစီးရေဆိုရင် ၆၀၀ နီးပါးပါပဲ။ အခုလို ရန်ကုန်မြစ်အတွင်းကနေ ဇက်ရေယာဉ် ပြေးဆွဲပေးနိုင်မှုက နာရီဝက်ခြား တစ်ခေါက်စီပါ။ ယာဉ်အများစုကတော့ လှိုင်သာယာဘက်ကနေ မသွားကြတော့ဘူး။ အချိန်အများကြီးသက်သာတဲ့အတွက် ဇက်နဲ့ပဲ ကူးကြတယ်။ အဲဒီတော့ မြို့တွင်းမှာဖြစ်နေတဲ့ ယာဉ်ကြောကျပ်တည်းမှု၊ ပိတ်ဆို့မှုကို တတ်စွမ်းသလောက် ဖြေလျှော့ပေးနိုင်ခြင်း ဖြစ်ပါတယ်"ဟု တွေ့ဆုံစဉ်က ပြောပြခဲ့ဖူးသည်။

လက်ရှိအချိန်တွင် ဒလမြို့သူ မြို့သားတို့၏ "အိပ်မက်တံတား" ဟု ဆိုနေသည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ရန်ကုန်မြစ်ကူးတံတားကြီး တည်ဆောက်နေချိန်လည်း ဖြစ်သည်။ စီမံကိန်းအရ ယာယီတံတားထိုးခြင်းလုပ်ငန်းမှာလည်း ရာခိုင်နှုန်းပြည့်လုနီးပါး ဖြစ်နေပြီ ဖြစ်သည်။ ဒလဘက်အခြမ်း၌ ဘိုးပိုင်များအတွက် မြေတူးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီဟု သိရှိရသည်။ ဖေဖော်ဝါရီလအတွင်း၌ ရေပြင်ထက်မှ ဘိုးပိုင်များကို မြင်တွေ့နိုင်ကြရမည်ဟု သိရသည်။

လုပ်ငန်းလုပ်ဆောင်စဉ်အတွင်း မြစ်အတွင်း၌ လုပ်ငန်းဧရိယာများလည်း သတ်မှတ်ပြီးဖြစ်သည်။ မြစ်အတွင်း၌ ဖြတ်သန်းနေသည့် ရေယာဉ်များအားလုံး သတိကြီးစွာထား၍ မောင်းနှင်ကြရမည့်အချိန်သို့လည်း ရောက်လာပြီဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းမြင့်ကပင် " မြစ်ထဲမှာ တံတားတည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေလို့ ကျွန်တော်တို့ ဇက်ရေယာဉ်တွေ ပြေးဆွဲရာမှာ ရေယာဉ်အန္တရာယ်ကင်းရှင်းရေးကို အလေးထားပြီး ဆောင်ရွက်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ရန်ကုန်ဝါးတန်းဆိပ်ကနေ ဒလဘက်ခြမ်း သင်္ဘောဆိပ်အနီးမှာရှိတဲ့ ကားကူးဇက်ကို ဖြတ်သန်းတဲ့အခါ တံတားစီမံကိန်း ဧရိယာကို ဖြတ်သန်းရပါတယ်။ တံတားတည်ဆောက်ရေးကလည်း နောက်သုံးနှစ်လောက် ကြာဦးမှာဖြစ်လို့ လက်ရှိမော်တော်ယာဉ်များ သယ်ယူပို့ဆောင်နေတဲ့ ကားကူးဇက်ရေယာဉ်ဆင်းမယ့်လမ်းကို ရန်ကုန်ဝါးတန်းဆိပ်ကမ်းနဲ့ မျက်နှာချင်းဆိုင်နေရာမှာ တည်ဆောက်နိုင်ရင်တော့ ပို့ဆောင်သယ်ယူရေးမှာ ပိုအဆင်ပြေလာမှာ ဖြစ်ပါတယ်။ အဲဒီလို ကားကူးဇက်လမ်းကြောင်း ပြုလုပ်နိုင်ရင်တော့ တံတားစီမံကိန်းဧရိယာကို ဖြတ်စရာ မလိုတော့ဘူးပေါ့။ ပိုပြီးလည်း အန္တရာယ်ကင်းကင်းရှင်းရှင်းနဲ့ သွားနိုင်ကြမယ်။ ဌာနအနေနဲ့လည်း နိုင်ငံတော်အတွက် ဝင်ငွေပိုရနိုင်မှာပါ။ ဒါကြောင့် ကားကူးဇက်ရေယာဉ်လမ်းကြောင်းသစ် ဆောင်ရွက်ပေးနိုင်ဖို့ကိုလည်း သက်ဆိုင်ရာကို တင်ပြထားပါတယ်" ဟု ရှင်းပြမှုရှိခဲ့သည်။

စီမံကိန်းဧရိယာအတွင်း ဖြတ်သန်း သွားလာကြမည့် ရေယာဉ်များအတွက် အန္တရာယ်ကင်းရှင်းနိုင်စေရေးအတွက် သက်ဆိုင်ရာမှ သတ်မှတ်လမ်းကြောင်းများပြထားပေးပြီးဖြစ်သည်။ ဧရိယာအတွင်း ဖြတ်သန်းမည်ဆိုပါက မီးနီနှစ်လုံးနှင့် မီးစိမ်းနှစ်လုံးအကြားမှ ဖြတ်သန်းမောင်းနှင်ကြရမည် ဖြစ်သည်။ ဖော်ယာကို ဒလဘက်အခြမ်းတွင် မီးနီနှစ်လုံး၊ မီးအဝါနှစ်လုံးနှင့် ရန်ကုန်ဘက်အခြမ်းတွင် မီးအစိမ်းနှစ်လုံး၊ မီးအဝါနှစ်လုံးချ သတ်မှတ်ပေးထားသည်ဟု သိရသည်။ လမ်းညွှန်သတ်မှတ်မှုများအတိုင်း အလေးထားမောင်းနှင်ကြဖို့ အထူးအရေးကြီးလှပေသည်။

**သတ်မှတ်သတိပေးထား**

ရေလမ်းကင်းလွတ် အကျယ် မီတာ ၃၀၀ ရှိမည်ဖြစ်ပြီး ပင်လယ်ကူးသင်္ဘောကြီးများ၊ ရေယာဉ်ငယ်များ၊ စက်တပ်သမ္ဗန်များ၊ လှေငယ်များ အားလုံးသည် မီးနီဖော်ယာနှစ်လုံးနှင့် မီးစိမ်းဖော်ယာနှစ်လုံးအကြားမှ မောင်းနှင်ကြရမည်ဖြစ်သည်။ ရေယာဉ်ငယ်များအတွက် နှစ်လမ်းသွားစနစ် သတ်မှတ်ပေးထားသော်လည်း ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းချိန်တွင် မည်သည့်ရေယာဉ်မျှ မောင်းနှင်သွားလာခြင်းမပြုရန် သတ်မှတ်သတိပေးထားပြီးဖြစ်သည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ကလည်း လမ်းကြောင်းရှင်းလင်းရေး၊ ရေယာဉ်များ အန္တရာယ်မဖြစ်ရေးအတွက် စောင့်ရှောက်လျက်ရှိနေပါကြောင်း ဖော်ပြရေးသားလိုက်ရပါသည်။ ။

---

*ညပိုင်းလည်ပတ်စရာနေရာများ ပေါ်ထွက်လာတော့မယ့် ရန်ကုန်မြို့ . . . မှ*

အရှည်ပေ ၇၀၀ ကျော်ရှိတဲ့ မြန်မာ့ရိုးရာ ဝါးလျှောက်လမ်း၊ ဖျော်ဖြေရေးစင်မြင့်၊ နီယွန်မီးတွေနဲ့ ကစားကွင်းတွေ၊ နိုင်ငံတကာက နာမည်ကြီးစားသောက်ဆိုင်တွေ၊ ပြည်တွင်းထုတ်ကုန်တွေ၊ ရိုးရာလက်မှုပစ္စည်းဆိုင်တွေ၊ အဝတ်အထည်နဲ့ လူသုံးကုန်ပစ္စည်းတွေ စတဲ့ပစ္စည်းမျိုး စုံလင်စွာရောင်းချသွားဖို့ စီစဉ်နေပါတယ်။

ဒီလိုညဈေးဖွင့်ဖို့ စီစဉ်တာဟာ ခရီးသွားတွေကို ဆွဲဆောင်နိုင်ဖို့၊ မြို့ပြလူနေမှု အဆင့်အတန်းတွေ တိုးတက်လာစေအောင် အထောက်အကူပြုနိုင်စေဖို့၊ ရန်ကုန်မြို့ရဲ့ ညပိုင်းမှာ ပြည်သူတွေ အပန်းဖြေလာရောက်ဝယ်ယူစားသုံးနိုင်ဖို့ ဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ ညပိုင်းမှာ သွားလာလည်ပတ်နိုင်စေဖို့အတွက် ရှော့ပင်းမောတွေ၊ နိုင်ငံတကာအဆင့်မီ အထပ်မြင့်ဈေးရောင်းစင်တာကြီးတွေဟာလည်း ရန်ကုန်မြို့ ရှစ်မိုင်လမ်းဆုံ၊ သမိုင်းလမ်းဆုံ၊ ပြည်လမ်း စိုက်ပျိုးရေးမှတ်တိုင်အနီး ဂျန်းရှင်းစကွဲ ဈေးရောင်းစင်တာ အနီးဝန်းကျင် အထပ်မြင့်ဈေးရောင်း အဆောက်အအုံတွေ၊ ရန်ကုန်မြို့တွင်းမှာရှိတဲ့ အထပ်မြင့်ဈေးရောင်း အဆောက်အအုံတွေရှိနေပါတယ်။ ညပိုင်း လျှပ်စစ်မီးရောင် ထိန်ထိန်လင်းနေတဲ့ မြို့တော်ခန်းမနဲ့ မဟာဗန္ဓုလပန်းခြံ၊ ဆူးလေစေတီတော်တွေဟာလည်း ညပိုင်းမှာ ကြိုက်နှစ်သက်ရာ သွားလာလည်ပတ် ဖူးမြော်နိုင်တဲ့ နေရာတွေအဖြစ် တည်ရှိနေပါတယ်။

ဒီလိုအနေအထားတွေအပြင် ညဈေးတန်းတွေပါ ပီပီပြင်ပြင်ထွက်ပေါ်လာမယ်ဆိုရင်တော့ ရန်ကုန်မြို့ဟာ ညပိုင်းတွေမှာပါ သွားလာလည်ပတ် ဈေးဝယ်စားသောက်လို့ရတဲ့ နိုင်ငံတကာမြို့ကြီးတစ်မြို့အဖြစ် ရောက်ရှိလာမှာဖြစ်ပြီး နိုင်ငံတကာက ခရီးသွားတွေကိုလည်း ဆွဲဆောင်မှုဖြစ်စေမှာ အမှန်ပါပဲ။ ။

# ရန်ကုန်မှာ အသစ်ပေါ်ထွက်လာဦးမယ့် မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်မှု အသက်မွေးဝမ်းကျောင်းအတတ်ပညာကျောင်း

ဆွေဦးဝေ

ရန်ကုန်မြို့ ကို ပြောင်းရွှေ့ရောက်ရှိလာတဲ့ မြန်မာနိုင်ငံတစ်ဝန်းက ပြည်သူတွေထဲမှာ လူငယ်တွေ အများအပြားပါဝင်နေပါတယ်။ ရန်ကုန်မြို့ရဲ့ လုပ်ငန်းခွင်အသီးသီး၊ တက္ကသိုလ်ကောလိပ်၊ သိပ္ပံနဲ့ သင်တန်းမျိုးစုံတွေမှာ လူငယ်လူရွယ်တွေ လုပ်ငန်းခွင်ဝင်ကြ၊ ပညာသင်ကြားကြနဲ့ ရှိနေတာကြောင့် ရန်ကုန်မြို့ဟာ အရောင်အသွေးစုံလင်နေတဲ့ ပန်းပေါင်းစုံဖူးပွင့်နေတဲ့ ဥယျာဉ်ကြီးတစ်ခုလို ဖြစ်နေပါတယ်။အခုဆိုရင် လူငယ်တွေအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်တွေကို လက်တွေ့လေ့လာဆည်းပူးနိုင်ပြီး လုပ်ငန်းကျွမ်းကျင်တဲ့သူတွေအဖြစ် ထွက်ပေါ်လာစေမယ့် အသက်မွေးဝမ်းကျောင်း အတတ်ပညာကျောင်းတစ်ကျောင်းကို ဂျပန်နဲ့ ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်ဖို့ စတင်နေပြီ ဖြစ်ပါတယ်။




မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်မည့် SHIN KAI International Vocational Institute အဆောက်အအုံပုံစံငယ်။

အဲဒါကတော့ ရန်ကုန်မြို့ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် လေးထောင့်ကန်(တောင်ပိုင်း) ရပ်ကွက်မှာရှိတဲ့ စီမံကိန်းဝင်းအတွင်းမှာ တည်ဆောက်မှုစတင်နေပြီဖြစ်တဲ့ SHIN KAI International Vocational



Institute ပဲ ဖြစ်ပါတယ်။ အဲဒီစီမံကိန်းရဲ့ ပန္နက်တင်အခမ်းအနားကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ပြုလုပ်ခဲ့တာဖြစ်ပြီး မြန်မာနိုင်ငံသားပိုင် ဒဲလ်ကိုလီမိတက်နဲ့ ဂျပန်နိုင်ငံ ယိုရှိအိုကုမ္ပဏီလီမိတက်တို့က အကျိုးတူပူးပေါင်းတည်ဆောက်တာ ဖြစ်ပါတယ်။

## လက်တွေ့ကျွမ်းကျင်အောင် သင်ကြားပေး

ရန်ကုန်မြို့လယ် ဆူးလေစေတီကနေပြီး ၂၈ ကီလိုမီတာသာဝေးတဲ့နေရာမှာ တည်ဆောက်တာဖြစ်လို့ အလှမ်းမဝေးပါဘူး။ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေအနက် အသက်မွေးဝမ်းကျောင်းပညာရပ်ကျွမ်းကျင်မှုမှာရှိတဲ့ လူငယ်တွေ၊ အလုပ်လက်မဲ့ဖြစ်နေတဲ့ လူငယ်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေအကြား ချိတ်ဆက်မှုကွာဟနေတဲ့အတွက် အခုလို အသက်မွေးဝမ်းကျောင်း ပညာရပ်တွေကို လက်တွေ့ကျွမ်းကျင်အောင် သင်ကြားပေးပြီး ချိတ်ဆက်ပေး၊ ပေါင်းကူးပေးလိုက်တဲ့ စီမံကိန်းလည်းဖြစ်ပါတယ်။

လေးထောင့်ကန်(တောင်ပိုင်း) ရပ်ကွက်ရှိ ကွင်းအမှတ် ၁၁၀၂ A၊ ခရားကွင်း ဦးပိုင်အမှတ်(၃၃/၃၉+၄၀)ရဲ့ မြေဧရိယာ အကျယ်အဝန်း ၂၃ ဒသမ ၅ ဧကပေါ်မှာ တည်ဆောက်သွားမှာဖြစ်ပါတယ်။ စုစုပေါင်း အဆောက်အအုံတွေတည်ဆောက်မယ့် ဧရိယာကတော့ ၉ ဒသမ ၉၃ ဧကပေါ်မှာ ဖြစ်ပါတယ်။ တည်ဆောက်တဲ့အခါမှာလည်း အပိုင်း(၁)၊ အပိုင်း(၂)၊ အပိုင်း(၃)ဆိုပြီး သုံးပိုင်းခွဲကာ တည်ဆောက်သွားမှာဖြစ်သလို အပိုင်း(၁) ကိုတော့ ၂၀၂၀ ပြည့်နှစ်ရဲ့ နှစ်စပိုင်းက စတင်ပြီး တည်ဆောက်အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။

မြန်မာလူငယ်တွေဟာ နည်းပညာအသက်မွေးဝမ်းကျောင်းပညာစနစ်ကို သင်ကြားတတ်မြောက်ကျွမ်းကျင်ဖို့ လိုအပ်ချက်တွေရှိနေတာဖြစ်ပြီး အဲဒီလိုအပ်ချက်ကို ဂျပန်နိုင်ငံက ပူးပေါင်းပါဝင်အကောင်အထည်ဖော်ပေးတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း အဲဒီစီမံကိန်းရဲ့ ပန္နက်တင်အခမ်းအနားကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးမင်းသူနဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန်နဲ့ တိုင်းဒေသကြီးအဆင့်ဝန်ကြီးတွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးတို့လည်း တက်ရောက်ခဲ့ကြတာ ဖြစ်ပါတယ်။

ကျောင်းသား ကျောင်းသူဦးရေ စုစုပေါင်း ၁၀၀၀ ကို သင်ကြားပေးနိုင်မယ့် ဒီအသက်မွေးဝမ်းကျောင်းအတတ်ပညာသင်ကျောင်းမှာ ကျောင်းအိပ်ကျောင်းစား၊ အဆောင်နေ ကျောင်းသား ကျောင်းသူဦးရေ ၆၀၀ ကို လက်ခံသင်ကြားပေးနိုင်သလို နေ့တက် ကျောင်းသား ကျောင်းသူ ၄၀၀ ကိုလည်း သင်ကြားပေးနိုင်အောင် စီစဉ်ထားပါတယ်။

သင်ကြားပေးမယ့်ဘာသာရပ်တွေကတော့ စိုက်ပျိုးရေးနဲ့ မွေးမြူရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စက်မှုနည်းပညာ၊ ဆောက်လုပ်ရေး၊ အကြီးစားစက်ယန္တရား၊ အခြေခံသတ္တုအင်ဂျင်နီယာပညာရပ်၊ မော်တော်ယာဉ်ပြုပြင်မှု၊ ခရီးသွားလုပ်ငန်း အခြေခံအိုင်တီပညာရပ်၊ ဆေးရုံဆိုင်ရာ စတဲ့ဘာသာရပ် ၁၁ မျိုးကို စာတွေ့လက်တွေ့သင်ကြားပေးမှာ ဖြစ်ပါတယ်။

## လူငယ်တွေအတွက် အခွင့်အလမ်းကောင်း

မြန်မာနိုင်ငံမှာ အသက်မွေးမှုပညာသင်တန်းကျောင်းတွေ ပိုမိုပေါ်ထွက်လာပြီး လူငယ်တွေ ပိုမိုသင်ကြားနိုင်ကာ အသက်မွေးဝမ်းကျောင်းအတတ်ပညာတွေမှာ ကျွမ်းကျင်တတ်မြောက်တဲ့လူငယ်တွေ ထွက်ပေါ်လာစေရေး လက်ရှိအစိုးရရဲ့ အလေးပေးဆောင်ရွက်နေတဲ့ စီမံကိန်းမှာပါဝင်နေပါတယ်။ ဒါကြောင့်မို့ တစ်နိုင်ငံလုံးက လူငယ်တွေအတွက် အခွင့်အလမ်းကောင်းတွေ၊ အလုပ်အကိုင်ကောင်းတွေရရှိစေဖို့ ရည်ရွယ်တာဖြစ်ပါတယ်။

တည်ဆောက်တဲ့အခါ နှစ်ထပ်ပင်မအဆောက်အအုံပါရှိပြီး အဲဒီအဆောက်အအုံဟာ စုစုပေါင်း ကြမ်းခင်းဧရိယာက စတုရန်းပေ ၉၈၅၀၀ ရှိပါတယ်။ ကျောင်းသား ကျောင်းသူဦးရေ ၆၀၀ ကို သင်ကြားနိုင်တဲ့ စာသင်ခန်းပေါင်း ၂၀ ပါဝင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် စုစုပေါင်း ကြမ်းခင်းဧရိယာ စတုရန်းပေ ၅၄၀၀ ရှိတဲ့ ကင်တင်းနဲ့ မီနီမတ်လည်း ပါဝင်မှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ကြမ်းခင်းဧရိယာ စတုရန်းပေ ၈၄၀၀ ရှိပြီး ကျောင်းသား ၄၀၀ တစ်ပြိုင်နက်စားသုံးနိုင်တဲ့ ထမင်းစားဆောင်နဲ့ ကြမ်းခင်းဧရိယာ ပေ ၄၄၀၀ စတုရန်းပေရှိတဲ့ ကျောင်းသူထမင်းစားဆောင်လည်း ထည့်သွင်းတည်ဆောက်မှာ ဖြစ်ပါတယ်။ အဲဒီ ထမင်းစားဆောင်မှာတော့ ကျောင်းသူ ၂၀၀ တစ်ပြိုင်နက်ထမင်းစားသုံးနိုင်မှာ ဖြစ်ပါတယ်။ ကျောင်းသားနဲ့ ကျောင်းသူတွေကို သီးခြားစီထမင်းစားဆောင်ခွဲထားတာဖြစ်ပါတယ်။

ဒါ့အပြင် စုစုပေါင်း ကြမ်းခင်းဧရိယာ စတုရန်းပေ ၁၃၅၀၀ ပေါ်မှာ သုံးထပ်အဆောက်အအုံတစ်လုံး တည်ဆောက်မှာဖြစ်ပြီး အဲဒါကတော့ ကျောင်းသား ကျောင်းသူတွေအတွက် ဆေးရုံအဖြစ်အသုံးပြုမှာဖြစ်ပါတယ်။ အဲဒီဆေးရုံမှာ ကျန်းမာရေးအတွက် ကျောင်းသား ကျောင်းသူ ၁၀၀ ကို လက်ခံကုသပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး လေးထပ်၊ လေးခန်းတွဲ၊ အခန်း ၁၆ ခန်းပါဝင်တဲ့ လေးထပ် ဆရာများအိမ်အဆောက်အအုံနဲ့ လူ ၆၀၀ ဆံ့တဲ့ ဘက်စုံသုံးခန်းမကြီး အဆောက်အအုံလည်း ပါဝင်တည်ဆောက်မှာ ဖြစ်ပါတယ်။ အဲဒီအဆောက်အအုံတွေကို အပိုင်းလိုက်ခွဲပြီး တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

## အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်

ဒီကျောင်းမှာ အဓိကဌာနကြီး သုံးခုဖြစ်တဲ့ Department of Business and Services ၊ Department of Hospitality နဲ့ Department of Eangineering ဌာနတွေ ပါဝင်ဖွဲ့စည်းထားပါတယ်။ ဒါကြောင့်မို့ လူငယ်တွေအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်တွေကို အခြေခံကျကျသင်ယူနိုင်မှာ ဖြစ်ပါတယ်။

အသက်မွေးဝမ်းကျောင်း ပညာရပ်ကို ကျွမ်းကျင်စွာတတ်မြောက်တဲ့ လူငယ်တွေ ထွက်ပေါ်ဖို့ မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်တဲ့ ဒီစီမံကိန်းဟာ ရန်ကုန်မှာ ထွက်ပေါ်လာနိုင်ဦးမှာ ဖြစ်ပါတယ်။ ။

> **မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေအနက် အသက်မွေးဝမ်းကျောင်းပညာရပ်ကျွမ်းကျင်မှုမှာရှိတဲ့ လူငယ်တွေ၊ အလုပ်လက်မဲ့ဖြစ်နေတဲ့ လူငယ်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေအကြား ချိတ်ဆက်မှုကွာဟနေတဲ့အတွက် အခုလို အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို လက်တွေ့ကျွမ်းကျင်အောင် သင်ကြားပေးပြီး ချိတ်ဆက်ပေး၊ ပေါင်းကူးပေးလိုက်တဲ့ စီမံကိန်းလည်းဖြစ်**

---

အချပ်ပို (ဃ) မှ

ဝါတွင်းသုံးလဆို ကျွန်တော် သက်သတ်လွတ်စားတယ်။ ဝါဆိုလပြည့်နေ့ကနေ သီတင်းကျွတ်လပြည့်နေ့အထိ စားတယ်။ ကျွန်တော့်ကိုကြည့်ပြီး သူက ငါလည်း သက်သတ်လွတ်စားမယ်ကွာလို့ ပြောတယ်။ အဲဒီလိုစားရင်းနဲ့ အရင်ဒဏ်တွေကြောင့် နေမကောင်းနည်းနည်း ဖြစ်လာတော့ ကျန်းမာရေးအရ ဇာတ်နားတယ်ပေါ့။ နားတဲ့အချိန်ကျဆရာဝန်က ပြောတယ်၊ ကြက်အသည်းလေး ဘာလေးစားပါဆိုတော့ မစားဘူးဗျာ။ ညီတော်ကွာဆိုပြီး မစားဘူး။ နောက်ပိုင်းရောဂါ ပြင်းထန်ပြီးဆုံးတဲ့အထိ ဖြစ်သွားတာပေါ့။ အဲဒါကိုသိစေချင်တာပါ။ ဦးသိန်းတန်သည် ဘာသာတရားကိုလုပ်ပြီး သက်သတ်လွတ်စားတယ်။ ကျွန်တော့်အတွက် အမှတ်တရပါပဲ” ဟု ပြောခဲ့သည်။

ယခုအခါ နိုင်ငံကျော် ဂန္ထဝင်စွယ်စုံ အနုပညာရှင် တွံတေးသိန်းတန်၏ အမြင့် ၄ ပေကျော် ကြေးပိသာချိန် ၁၅၀ ကျော် ရှိသော ရုပ်တုကို ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့ ဘုရင့်နောင်လမ်းဆုံတွင် ထားရှိပြသထားပြီဖြစ်သည်။ အနုပညာရှင်ကြီး တွံတေးသိန်းတန် ရုပ်တုဖွင့်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ တွံတေးသိန်းတန်ချစ်သူများ၊ ရုပ်ရှင်သဘင် ဂီတနယ်ပယ်အသီးသီးမှ နိုင်ငံကျော်အနုပညာရှင်များ၊ တက်သစ်စ အနုပညာရှင်များ ပါဝင်ကာ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာပြည်သူ ပြည်သားများအတွက် အနုပညာရသကို အပြည့်အဝပေးစွမ်းခဲ့သည့် စွယ်စုံရအနုပညာရှင်တစ်ဦး၊ တစ်ခေတ်တစ်ခါသာ ပေါ်ထွန်းခဲ့သော ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်မှ အနုပညာသူရဲကောင်းတစ်ဦး၏ အကြောင်းကို နောင်လာနောက်သားတို့ မေ့မလျော့ အမှတ်ရစေလိုသည့်အတွက် ရန်ကုန်စာမျက်နှာထက် မှတ်တမ်းပြုရေးဖွဲ့လိုက်ရပါတော့သည်။ ။

လူမှုဘဝ

# မြန်မာနိုင်ငံ၏ စွယ်စုံရအနုပညာရှင်တစ်ဦး သို့တည်းမဟုတ် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်မှ အနုပညာသူရဲကောင်းတစ်ဦး၏အကြောင်း

■ ရှင်နော်၊ ခတ်ပုံ - အာကာစိုး

**နိုင်ငံကျော်** ဂန္ထဝင်စွယ်စုံအနုပညာရှင် တွံတေးသိန်းတန်၏ ကြေးရုပ်တုဖွင့်ပွဲကို ဇန်နဝါရီ ၁၁ ရက်က တွံတေးမြို့တွင် ကျင်းပခဲ့သည်။

အဆိုပါ ရုပ်တုဖွင့်ပွဲသို့ ဖွင့်ပွဲအခမ်းအနား ကျင်းပသူများ စီစဉ်ပေးသည့် မော်တော်ယာဉ်ငယ်ဖြင့် ကျွန်တော်တို့ သတင်းအဖွဲ့ ရန်ကုန်မှ တွံတေးသို့ ထွက်ခွာကြသည်။ ဝါးတန်း-ဒလ ကားကူးဇက်ရှိသော်လည်း မော်တော်ယာဉ်မောင်းမှာ လှိုင်သာယာမြို့နယ်ဘက်မှ တွံတေးဘက်သို့ မောင်းနှင်သည်။ ရန်ကုန်နှင့် ဤမျှနီးသော နေရာတွင် စိမ်းစိုသော သစ်ရိပ်ဝါးရိပ်တို့ကို တွေ့မြင်ရသည်မှာ ထူးဆန်းသကဲ့သို့ဖြစ်နေသည်။ လမ်းဘေး ဝဲယာတစ်လျှောက် တွေ့မြင်ရသော စပါးခင်းများ၊ ရော်ဘာခင်းများကို ကြည့်ရင်း သဘာဝအရသာကို ခံစားမိသည်။ မိုင် ၂၀ ပင် မပြည့်သော ဤခရီးက ခဏတွင်းချင်းမှာပင် တွံတေးသို့ရောက်ခဲ့သည်။




စာရေးသူတို့ သတင်းအဖွဲ့အား ရုပ်တုဖွင့်ပွဲကျင်းပမည့် နေရာနှင့် မနီးမဝေး ဘုန်းကြီးကျောင်းတွင် နေရာချပေးသည်။ ခေတ္တနားပြီးသည်နှင့် သတင်းအချက်အလက်များ စတင်စုဆောင်းကြသည်။

တွံတေးသိန်းတန်ကို မြန်မာသမားတော်ကြီး ဦးဖိုးဦးနှင့် ဒေါ်ညိုတို့က တွံတေးမြို့နယ် ရှမ်းစုကြီးကျေးရွာ၌ ၁၉၄၁ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့ သောကြာနေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်းခြောက်ယောက်အနက် ပဉ္စမမြောက် ဖြစ်သည်။ သောကြာသားဖြစ်သောကြောင့် နေ့သင့်နံသင့် မောင်သိန်းတန်ဟု အမည်ပေးခဲ့သည်။ အရွယ်ရောက်သောအခါ ရှမ်းစုကြီးကျေးရွာ မူလတန်းကျောင်းတွင်လည်းကောင်း၊ စတုတ္ထတန်းမှ သတ္တမတန်းပညာရပ်များကို ရန်ကုန်တွင်လည်းကောင်း သင်ယူပြီးနောက် တွံတေးအခြေခံပညာ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့သင်ယူခဲ့ရာ ၁၉၅၉ ခုနှစ်တွင် နဝမတန်းစာမေးပွဲ အောင်မြင်ခဲ့သည်။

**ကဗျာရေးစပ် သီချင်းဆို**

ထို့နောက် ရန်ကုန်မြို့ အစိုးရ ပုံနှိပ်နှင့် စာရေးကိရိယာဌာနတွင် ဝင်ရောက်လုပ်ကိုင်ပြီး ၁၉၆၁ ခုနှစ်တွင် မြန်မာ့အသံသို့ အငယ်တန်းစာရေးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုမှတစ်ဆင့် မြန်မာ့အသံ ပိဋကတ်တိုက်တွင် လက်ထောက်ပိဋကတ်တိုက်မှူးအဖြစ် တိုးမြှင့်တာဝန်ထမ်းဆောင်ခဲ့သည်။ တွံတေးသိန်းတန်သည် ငယ်စဉ်ကပင် ကဗျာရေးစပ်သီကုံးခြင်းနှင့် သီချင်းဆိုခြင်းတို့အပြင် ဂီတကို ဝါသနာပါသူတစ်ဦး ဖြစ်သောကြောင့် တွံတေးမယ်ဒလင် ဦးသန်းကြွယ်ထံတွင် တေးဂီတပညာကို သင်ယူခဲ့သည်။ ထို့နောက် တပ်မတော်(ရေ)မှ PO ဦးသန်းမြင့်၊ ဂီတာ သိန်းစိုး၊ စန္ဒရား မောင်မောင်အေး၊ မောင်မောင်လေးတို့ထံမှ ဂီတပညာရပ်များ ဆည်းပူးခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် မြန်မာ့အသံရေဒီယိုမှ တေးသီချင်းများ စတင်ထုတ်လွှင့်ခဲ့သည်။ ၁၉၆၀-၆၁ ခုနှစ်တွင် ကိုယ်တိုင်ရေး ကိုယ်တိုင်သီဆိုခဲ့သော မျက်ရည်စမ်းဖြင့် ခန်းလေပြီ သီချင်းဖြင့် ဂီတနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ကိုယ်တိုင် ရေးစပ်သီကုံး၍ မြန်မာ့အသံမှ ထုတ်လွှင့်သော ထွေးညို သီချင်းဖြင့် ကျော်ကြားလူသိများလာသည်။ ခတ်ပြားလောကတွင် ပန်းနွယ်ကစိမ်း၊ နှမလက်လျှော့ နေလေတော့၊ မြသီတာအကြိုတော် ထောက်ပေမယ့်၊ အသီးတစ်ရာ အညှာတစ်ခု၊ မေတ္တာမီးအိမ်၊ ကိုယ်ရယ်မင်းရယ် ပန်းပိတောက်ရယ်၊ ဖိုးလမင်းကို အောင်သွယ်ခိုင်းမယ်၊ မှုန်နံ့သာခြယ်ကာသပါလို့ စသည့် သီချင်းများနှင့် တေးသံရှင်အဖြစ် ထင်ရှားကျော်ကြားခဲ့သည်။

**သရုပ်ဆောင်အဖြစ် ထင်ရှားကျော်ကြား**

ကျေးလက်သဘာဝ အလှအပများနှင့် တောသူတောင်သားတို့၏ ခံစားမှုကို ကိုယ်စားပြုသည့် တွံတေး သိန်းတန်၏ သီချင်းများအနက် ထွေးညို သီချင်းသည် တွံတေးသိန်းတန်ကို နိုင်ငံကျော် ရုပ်ရှင်မင်းသားဘဝသို့ ပို့ဆောင်ပေးခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မြတ်ကဝိန် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာလှအောင် ရိုက်ကူးသော ထွေးညိုဇာတ်ကား၌ မင်းသမီး ခင်သန်းနု၊ သရုပ်ဆောင် ဌေးဝင်းတို့နှင့်အတူ သရုပ်ဆောင်ခဲ့ရာ တေးသံရှင်သရုပ်ဆောင်အဖြစ် ထင်ရှားကျော်ကြားလာသည်။

မြန်မာ့အသံမှ အလုပ်ထွက်ခဲ့ပြီးနောက် မြတ်လေး၊ ဝါဝါဝင်းရွှေတို့နှင့် ချစ်သူကပေးသော တေးတစ်ပုဒ်၊ ခင်သန်းနုနှင့် မေတ္တာဇာတ်လမ်းဆုံရာဝယ်၊ ရှုမဝစမ်းစမ်းအေးနှင့် ပန်းနွယ်ကစိမ်း၊ ဇော်လွင်၊ ဝါဝါဝင်းရွှေတို့နှင့် အရွှေတို့ရွာ၊ တင်တင်ညိုနှင့် အညာသားလေး၊ ဒေစီကျော်ဝင်းနှင့် ပန်းကလေးများ မနွမ်းစေချင်၊ မြင့်မြင့်ခိုင်နှင့် မုန်းစရာကြီး၊ မဉ္ဇူသင်းနှင့် ချမ်းမြေ့သီတဂူ၊ စံရှားတင်နှင့် ချစ်ရက်ကယ်နှောင်း၊ ခင်သန်းနုနှင့် အသက်ကိုနှင်း၍၊ ကြည်ကြည်ဌေး၊ မေယုတို့နှင့် သတ္တိသွေးနှင့် တေးလုလင်၊ နှင်းဆီနှင့် နန်းကြာရိပ်မြိုင်အပါအဝင် ရုပ်ရှင်ဇာတ်ကားပေါင်း ၆၇ ကား ရိုက်ကူးခဲ့သည်။ ဝတ္ထုဇာတ်ညွှန်း၊ ဒါရိုက်တာအဖြစ်လည်း ရိုက်ကူးထုတ်လုပ်ခဲ့ရာ မင်းသမီးစန္ဒာနှင့် တွဲဖက်သရုပ်ဆောင်သည့် ကိုယ်ရယ် မင်းရယ် ပန်းပိတောက်ရယ်နှင့် ချစ်မိတော့လည်း အရှုံးအမူး ဇာတ်ကားတို့မှာ ပရိသတ်တို့ အထူးနှစ်ခြိုက်အားပေးခြင်းခံခဲ့ရသည်။

ထွေးညိုထွက်ရှိပြီး တေးသီချင်းများ အဆက်မပြတ် သီဆိုထုတ်လွှင့်ခဲ့ရာ အရေအတွက်ကို တွံတေးသိန်းတန် ကိုယ်တိုင်မှတ်မိခြင်းမရှိတော့ဟု သိရသည်။ တိပ်ခွေ ၂၉ ခွေ ထွက်ရှိခဲ့ပြီး သီချင်းပုဒ်ရေ ၃၂၀ ခန့်၊ ပြဇာတ်တေးသီချင်းများ ပါဝင်လျှင် ၃၅၀ ခန့် ရှိမည်ဟု ခန့်မှန်းကြသည်။

တွံတေးသိန်းတန် ဂီတရုပ်ရှင် ပြဇာတ်သဘင် ဇာတ်သဘင်အဖွဲ့ကို ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းကာ ဇာတ်မင်းသားအဖြစ် အနယ်နယ် အရပ်ရပ်သို့ လှည့်လည်ကပြရာ ပရိသတ်ရုံပြည့်ရုံလျှံ အားပေးခြင်းခံရသည်။ လုံးချင်းဝတ္ထုရှည် အုပ် ၂၀ ခန့်ကိုလည်း ရေးသားခဲ့ကာ မခေါ်သာ တော်ရာက ပြုံးပါမယ်၊ အချစ်က စနေ ကိုယ်က စနေ စသော ဝတ္ထုစာအုပ်များမှာ ထင်ရှားခဲ့သည်။

**စွယ်စုံရအနုပညာရှင်ကြီး**

ဘဝတစ်သက်တာကို အနုပညာဖြင့် ကုန်ဆုံးစေခဲ့သော စွယ်စုံရအနုပညာရှင်ကြီးသည် ၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ အသည်းကင်ဆာဖြင့် ကွယ်လွန်ခဲ့သည်။

နိုင်ငံကျော် ဂန္ထဝင် စွယ်စုံအနုပညာရှင် တွံတေးသိန်းတန်၏ ကြေးရုပ်တုဖွင့်ပွဲ အခမ်းအနား၌ တွံတေးသိန်းတန်အတွက် သီချင်းများ ရေးစပ်ပေးခဲ့သူတစ်ဦးဖြစ်သည့် တေးရေး၊ တေးဆို၊ စီစဉ်သူ ဒါရိုက်တာ ညွှန့်လှိုင်လှိုင်က "ကျွန်တော်က ဝါတွင်းသုံးလဆို သက်သတ်လွတ်စားတယ်။ ဦးသိန်းတန်ဆိုသူများတွေက အရက်သမားကြီးလို့ ထင်တယ်။ အမှန်က ဦးသိန်းတန် အသက် ၅၀ ကျော်သွားတဲ့ အချိန်လောက်မှာ တော်တော် ဘုရား၊ တရား လုပ်လာတာ။

**အချပ်ပိုဝ (၇) သို့**



တေးရေး၊ တေးဆို ညွှန့်လှိုင်လှိုင်



နိုင်ငံကျော် ဂန္ထဝင်စွယ်စုံအနုပညာရှင် တွံတေးသိန်းတန်၏ ကြေးရုပ်တုဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။